ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကိုဘယ်သောအခါမျှမပြု**

မကောင်းမှုပြုသူသည် ယခုဘဝ၊ တမလွန်ဘဝ နှစ်ခုစလုံး၌ စိုးရိမ်ပူပန် မိမိပြုသောမကောင်းမှုကံကို နောက်မှလိုက်နေသောအရိပ်ပမာ သိမြင်နေသောကြောင့်လည်း ဆက်၍ဆက်၍သာလျှင် စိုးရိမ်ပူပန်ကာ ဆင်းရဲရ၏။ မကောင်းမှုကံ၏အကျိုးပေးမှု ကြီးမားလှပုံကို သိသဖြင့် ပညာရှိသူတော်ကောင်းတို့သည် မကောင်းမှုဒုစရိုက်များကို ဘယ်သောအခါမျှ မပြုကြ။ အသက်နှင့်လဲပြီး ရှောင်ရှားကြ၏။ ယမကဝဂ်(ဓမ္မပဒ - ၁၅)

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့ 2, Saturday July 2016 (၈၆၁၀)



## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ - ၃

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ(NCA)စာချုပ် လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံမည်

သတင်း - ရဲခေါင်ညွှန့်

ဓာတ်ပုံ - ဖိုးထောင်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီနှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် ဇူလိုင် ၁**

ကချင်ပြည်နယ် မိုင်ဂျာယန်တွင်ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးပါဝင်သည့် ညီလာခံမတိုင်မီ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ(NCA) စာချုပ် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြို ပြင်ဆင်ရေးကော်မတီနှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN)တို့ တွေ့ဆုံသည့် အစည်းအဝေးမှ သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီနှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN)တို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)တွင် NCA လက်မှတ်ထိုးမထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲတွင် တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲမစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) အဖွဲ့ခေါင်းဆောင် ခူးဦးရယ်တို့က အဖွင့်အမှာစကားပြောကြားသည်။

ဒေါက်တာတင်မျိုးဝင်းက ရှေ့ဆက်လုပ်ဆောင်သွားမည့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုင်းပြည်နှင့် လူမျိုးအတွက် များစွာအကျိုးရှိမည့်အလုပ်တစ်ခုဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်သည် တစ်ဦးတစ်ယောက်တည်းကိစ္စမဟုတ်ဘဲ အများနှင့်သက်ဆိုင်သော ဘုံရည်မှန်းချက်တစ်ခုဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံမှုအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွဲ့လိုက် ခေါင်းဆောင်တစ်ဦးတစ်ယောက်ချင်းစီအလိုက် စိတ်ဝင်တစား မေးမြန်းကြောင်း၊ ငြိမ်းချမ်းရေးရရှိပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တစ်ရပ်ပေါ်လာရေးအတွက် တိုင်းရင်းသားများနှင့် အစိုးရအကြား လိုလားချက်၊ လိုအပ်ချက်နှင့် အခြားကိစ္စရပ်များအား အစိုးရအနေဖြင့် ရယူဖို့ထက် ပေးဆပ်မှုများဖြင့် ညှိနှိုင်းသွားမည်ဖြစ်ပြီး ယနေ့တွေ့ဆုံဆွေးနွေးမှု

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
Ph: 01 504737, 512 900, 09 4500 22646, 09 442299665, 09 782515306
၂၀၁၅ ခုနှစ်တွင် LCCI(UK) စာမေးပွဲများတွင် Level II
Book-keeping & Accounts (IAS), Level 3 Accounting (IAS)
Cost Accounting, Management Accounting, ABC, Stat
ဘာသာရပ် အားလုံးကို World & Country ရွှေနှင့်ငွေတံဆိပ်ဆု စုစုပေါင်း
(၄၂)ဆုတိတိ ဆွတ်ခူးရရှိခဲ့သောကျောင်းသူ/သားများကို NLA FAA မိသားစု
များမှအထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကြေးမုံ

## ငွေကြေးခဝါချမှုနှင့် အချက်အလက်တို့၏စွမ်းပကား

နိုင်ငံတကာငွေကြေးသန့်ရှင်းမှုစောင့်ကြည့်ရေးအဖွဲ့ (Financial Action Task Force-FATF) က မြန်မာနိုင်ငံအား ငွေမည်းစီးဆင်းလည်ပတ်မှု အဆိုးရွားဆုံးနိုင်ငံများစာရင်းမှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါသည်။ ငွေမည်းစီးဆင်းလည်ပတ်မှုအဆိုးရွားဆုံးနိုင်ငံများအား အနက်ရောင်အဆင့် သတ်မှတ်ထားပါသည်။ နိုင်ငံတကာ၌ အနက်ရောင်စာရင်းဝင်နိုင်ငံများအား နာမည်ပျက်စာရင်းဝင်နိုင်ငံများဟု နားလည်ပါသည်။ မြန်မာနိုင်ငံသည် အနက်ရောင်စာရင်းမှ ပယ်ဖျက်ပေးပြီးဖြစ်သဖြင့် မီးခိုးရောင်အဆင့်သို့ ရောက်ရှိသွားပြီဖြစ်ပါသည်။ မီးခိုးရောင်အဆင့်သည် တရားစီရင်စစ်ဆေးမှုအပိုင်း၌ အားနည်းချက်ရှိသည်ကို ညွှန်းဆိုသော်လည်း ကမ္ဘာ့နိုင်ငံအတော်များများမှာ မီးခိုးရောင်အဆင့်၌ ရှိနေဆဲဖြစ်ပါသည်။ ဤသည်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာမြင်ကွင်း၌ ပုံမှန်အနေအထားတစ်ရပ်ကို အတိုင်းအတာတစ်ခုအထိ ဆုပ်ကိုင်နိုင်ပြီဆိုခြင်းကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအား အနက်ရောင်စာရင်းမှ ပယ်ဖျက်လိုက်သည့် စာရင်းနှင့်အတူ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (Anti- Money Laundering Central Board-AMLCB) ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြေညာချက်အမှတ် (၂၇/၂၀၁၆) အရ ဖွဲ့စည်းခဲ့ပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ ဤဗဟိုအဖွဲ့၌ အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သကဲ့သို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌလည်း ပါဝင်ပါသည်။ ပြည်ထောင်စုအစိုးရ၏ အဆိုပါဆောင်ရွက်ချက်သည် ငွေမည်းစီးဆင်းလည်ပတ်မှု၏ တခြားမျက်နှာစာဖြစ်သော ငွေကြေးခဝါချမှုကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ထပ်မံဖော်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်း အနာဂတ်အလားအလာမှာ အားတက်စရာ အခြေအနေရှိသည်ဟု ပြောနိုင်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်း၏ အခြေအနေတစ်ရပ်လုံးအား ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်စေရန် အတိတ်ကာလ အခြေအနေများကိုလည်း သိရှိရန်လိုအပ်ပါသည်။ မှောင်ခိုစီးပွားရေးဟုခေါ်သော တရားမဝင်စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကျယ်ပြန့်ခဲ့သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှသည် ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်း စီးဆင်းလည်ပတ်နေသော ငွေမည်းပမာဏကို ခန့်မှန်းတွက်ချက်ရန်ခက်ခဲသည်မှာ ထင်ရှားပါသည်။ Global Financial Integrity အဖွဲ့၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလကထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ မြန်မာနိုင်ငံတွင်းသို့ စီးဝင်ခဲ့သော ငွေမည်းပမာဏသည် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၇ ဘီလီယံရှိပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ စီးထွက်ခဲ့သော ငွေမည်းပမာဏသည် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ ဘီလီယံရှိပါသည်။ အဆိုပါ ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်ထိ မြန်မာနိုင်ငံအတွင်း စီးဆင်းလည်ပတ်နေသော ငွေမည်းများကြောင့် နိုင်ငံတော်ကရသင့်ရထိုက်ပါလျက်ဆုံးရှုံးခဲ့ရသော အခွန်အကောက် ငွေပမာဏသည် ဤကာလ နိုင်ငံတော် ကျန်းမာရေးအသုံးစရိတ်၏ ၁၂၂ ရာခိုင်နှုန်းမှ ၁၇၂ ရာခိုင်နှုန်းအထိ ရှိနိုင်သည်ဟုဆိုပါသည်။ Global Financial Integrity အဖွဲ့၏ စာရင်းဇယားများမှန်ကန်သည်ဟု တစ်ထစ်ချမပြောနိုင်သော်လည်း ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ တရားမဝင်စီးပွားရေးကဏ္ဍသည် တရားဝင် တိုင်းပြည်ထုတ်ကုန်စုစုပေါင်းတန်ဖိုး (GDP)၏ ထက်ဝက်ခန့်ရှိနိုင်သည်ဟု ခန့်မှန်းထား၍ Global Financial Integrity အဖွဲ့၏ စာရင်းဇယားများအပေါ် အလေး အနက်ထားသုံးသပ်သင့်ပါသည်။

စိတ်ဝင်စားစရာကောင်းသည်မှာ Global Financial Integrity အဖွဲ့၏ လေ့လာသုံးသပ်မှုအရ မြန်မာနိုင်ငံအတွင်း စီးဝင်လည်ပတ်နေသော ငွေမည်းအများစုသည် တရားဝင်ပြေစာတန်ဖိုးကို မမှန်မကန်ဖော်ပြခြင်းအပေါ် ဗဟိုပြု၍ လည်ပတ်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းသို့စီးဝင်သောငွေမည်းပမာဏ၏ ၈၉ ဒသမ ၂ ရာခိုင်နှုန်းသည် တရားဝင်ပြေစာတန်ဖိုး မမှန်မကန်ဖော်ပြခြင်းအပေါ် အခြေခံသကဲ့သို့ မြန်မာနိုင်ငံမှပြင်ပသို့စီးထွက်သောငွေမည်းပမာဏ၏ ၅၉ ဒသမ ၆ ရာခိုင်နှုန်းသည်လည်း တရားဝင်ပြေစာတန်ဖိုး မမှန်မကန်ဖော်ပြခြင်းအပေါ် အခြေခံနေပါသည်။ ဤကိန်းဂဏန်းများအပေါ် စိစစ်လေ့လာသုံးသပ်ရန်လိုအပ်မည်ဖြစ်သော်လည်း Global Financial Integrity အဖွဲ့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတရားဝင်စာရင်းဇယားများနှင့် မြန်မာနိုင်ငံ၏ကုန်သွယ်ဖက်နိုင်ငံများမှ ထုတ်ပြန်သော ကုန်သွယ်မှုတရားဝင်စာရင်းဇယားများအကြား ကွာဟချက်များအပေါ်မူတည်တွက်ချက်ခြင်းဖြစ်၍ ပကတိအခြေအနေအပေါ် အတိုင်းအတာတစ်ခုအထိ ထင်ဟပ်မှုရှိနိုင်ပါသည်။ ဤသို့သောအခြေအနေ၌ Global Financial Integrity အဖွဲ့က အဆိုပြုသကဲ့သို့ မြန်မာနိုင်ငံ၏ အကောက်ခွန်ဌာန၌ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးအစုံအလင်အား အချိန်နှင့်တစ်ပြေးညီသိရှိနိုင်သော စနစ်တစ်ရပ်အကောင်အထည်ဖော်ရေးကို အလျင်အမြန်ဆောင်ရွက်ပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

# မစ္စယန်ဟီလီ ခရီးစဉ်နှင့်စပ်လျဉ်း၍ စာနယ်ဇင်း ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁**



မြန်မာနိုင်ငံသည် ဒီမိုကရေစီလူ့ဘောင်ဆီသို့ ဦးတည်ရည်မှန်းကာ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့သစ်က ဦးဆောင်ကြိုးပမ်းနေခြင်းသည် သမိုင်းမှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများသည် အစိုးရအဖွဲ့သစ်အတွက် စမ်းသပ်မှု ခံယူရမည့်အနေအထားအဖြစ် တွေ့မြင်ရပါကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီက ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောကြားသည်။**(ယာပုံ)**

မိမိသည် မြန်မာနိုင်ငံ၌ ဖြစ်ထွန်းပေါ်ပေါက်နေသော လူ့အခွင့်အရေး အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ မျှမျှတတ ဟန်ချက်ညီညီ လေ့လာဆန်းစစ်ကာ တင်ပြနိုင်ရန် ခရီးစဉ်အတွင်း ကြိုးပမ်းခဲ့ပါကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြဿနာမဖြစ်မီ ကြိုတင်တားဆီး ကာကွယ်ရေးမှာ အရေးကြီးပါကြောင်း၊ လူမျိုးရေးနှင့် ဘာသာရေးတို့အရ တစ်ဖက်နှင့်တစ်ဖက် အမုန်းမပွားစေရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရာတွင် မီဒီယာများ၏အခန်းကဏ္ဍ လိုအပ်ပြီး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်အစိုးရ အဖွဲ့သစ်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို အားပေးမြှင့်တင်လျက်ရှိကာ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့်ပြည်တွင်း ငြိမ်းချမ်းရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများသည် ရေရှည်အချိန်ယူကာ ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများဖြစ်ကြောင်း။ ပဋိပက္ခဖြစ်ပွားလျက်ရှိသော နယ်မြေဒေသများ တည်ငြိမ်အေးချမ်း မှုရရှိလာပြီး စစ်ဘေးရှောင်ဒုက္ခသည်များ ဌာနေပြန်ခွင့်ရရှိရေး၊ နေရပ် ရှောင်ရွှေ့ပြောင်းသွားလာသူများ (IDP)၏ စခန်းများတွင် ကလေးများ ပညာသင်ယူခွင့်ရရှိရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး စသည်တို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရာတွင် အခက်အခဲများရှိနေဦးမည်ဖြစ်သော်လည်း အားလုံးပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်လာမည် ဖြစ်ပါကြောင်း စသည်ဖြင့် မစ္စယန်ဟီလီက ရှင်းလင်းပြောကြားသည်။


ထိုနောက် မစ္စယန်ဟီလီသည် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီသည် ၂၀၁၆ ခုနှစ် စက်တင်ဘာတွင် နယူးယောက်မြို့၌ ပြုလုပ်မည့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းမည့်အစီရင်ခံစာ ပြုစုရန်အတွက် မြန်မာနိုင်ငံသို့ ဇွန် ၁၉ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း ရန်ကုန်၊ နေပြည်တော်၊ စစ်တွေ၊ မြစ်ကြီးနားနှင့် လားရှိုးမြို့များသို့ သွားရောက်ခဲ့သည်။

မစ္စယန်ဟီလီသည် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းရန် ၂၀၁၄ ခုနှစ် ဇွန်လက စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လများအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ရာ ယခုခရီးစဉ်သည် ၎င်း၏ စတုတ္ထအကြိမ်မြောက်ခရီးစဉ်ဖြစ်သကဲ့သို့ အစိုးရသစ် စတင်တာဝန်ယူစဉ် ပထမဆုံးအကြိမ်လာရောက်သည့် ခရီးစဉ်လည်း ဖြစ်သည်။

**(သတင်းစဉ်)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောဆောင်ရွက်မှုကို ဇွန် ၃၀ ရက်က ဇမ္ဗူသီရိမြို့နယ် အထက(၅)နှင့် ပျဉ်းမနားမြို့နယ် အထက(၃)တို့တွင် ဟောပြောဆောင်ရွက်ခဲ့သည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုးဖြစ်သည့် ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ၊ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၃၅၀ အား ဝေငှခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

များသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးပါကြောင်း၊ ယခုကဲ့သို့ ညီရင်းအစ်ကိုပမာ တွေ့ဆုံဆွေးနွေးမှုများမှ ပြဿနာကိုအကောင်းဆုံးအဖြေရှာလျှင် ငြိမ်းချမ်းရေးသည် မဝေးတော့ပါကြောင်း ပြောကြားသည်။

ခူးဦးရယ်က မိမိတို့အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် သိလိုသည်များကို စာဖြင့်တင်သွင်းမေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း၊ မိမိတို့ တိုင်းရင်းသားအဖွဲ့များ အနေဖြင့် ငြိမ်းချမ်းရေးရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် အဓိကအခြေခံအချက်ဖြစ်ကြောင်း၊ တိုင်းပြည်ကို အတူတကွပိုင်ဆိုင်ခဲ့ကြပြီး အတူတကွတည်ဆောက်ခဲ့ကြကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းရေးရရှိရေး တပ်မတော်နှင့် ပူးပေါင်းပါဝင်တည်ဆောက်သွားရန် မိမိတို့နားလည်ထားကြောင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ယခုသွားနေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို လက်ခံထားသည့်အတွက် အနာဂတ်ကာလတွင် ငြိမ်းချမ်းရေးရရှိရန်နှင့် ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ရပ် ပေါ်ပေါက်လာစေရေး တစ်ဖက်နှင့်တစ်ဖက် စေတနာထားကာ ညီရင်းအစ်ကိုပမာ ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေနှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) အဖွဲ့ခေါင်းဆောင် ခူးဦးရယ်တို့က ပြည်တွင်းနှင့် ပြည်ပအခြေစိုက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

ဦးလှမောင်ရွှေက " UNFC ဥက္ကဋ္ဌနဲ့တွေ့ဆုံဖို့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ကြိုဆိုတယ်။ ရက်ကတော့ နှစ်ဖက်ခေါင်းဆောင်တွေ အဆင်ပြေမယ့်ရက်ကို ညှိနှိုင်းဖို့ပဲလိုပါတယ်။ အကြမ်းဖျင်းအားဖြင့်တော့ လလယ်ပိုင်းမှာတွေ့ဖို့ မူအားဖြင့် သဘောတူပါတယ်။ နှစ်ဖက်ခေါင်းဆောင်တွေ တွေ့မယ်ဆိုတာကို နှစ်ဖက်လုံးက သဘောတူပါတယ်။ ရန်ကုန်မှာတွေ့ဖို့လည်း နှစ်ဖက်ခေါင်းဆောင်တွေက မူအားဖြင့်သဘောတူပါတယ်"ဟု ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)မစတင်မီ ကချင်ပြည်နယ် မိုင်ဂျာယန်တွင် တိုင်းရင်းသားညီလာခံတစ်ခုပြုလုပ်လိုပြီး အစိုးရအနေဖြင့် တရားဝင်ညွှန်ကြားချက် ထုတ်ပေးရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီအနေဖြင့် သဘောတူညီခဲ့ကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

ခူးဦးရယ်က "ကျွန်တော်တို့ မကြာခင်တုန်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ဒေါက်တာတင်မျိုးဝင်း ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ လာရောက်တုန်းက UNFC က ခေါင်းဆောင်တွေရဲ့ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ကျွန်တော်တို့ဘက်ကခေါင်းဆောင်တွေ တွေ့ဆုံနိုင်မယ့် ကိစ္စရပ်တွေလည်း ပါဝင်ပါတယ်။ ဒါကြောင့် ဒီခရီးစဉ်မှာလည်းပဲ ကျွန်တော်တို့ဘက်က ခေါင်းဆောင်တွေ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ရန်ကုန်မှာ တွေ့ဆုံဆွေးနွေးနိုင်ဖို့အတွက်လည်း လာရောက်ညှိနှိုင်းတဲ့အထဲမှာ ကိစ္စရပ်တစ်ခုအနေနဲ့ပါပါတယ်။ နောက်ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ (၂၁ ရာစု ပင်လုံ)ညီလာခံ ကျင်းပမယ်ဆိုရင် ကျွန်တော်တို့ဘက်က ဘယ်လိုပူးပေါင်းပါဝင်နိုင်မလဲဆိုတဲ့ အခြေခံကိစ္စရပ်တွေကို တိတိကျကျ ပြင်ဆင်နိုင်ဖို့အတွက် တိုင်းရင်းသားညီလာခံလုပ်ဖို့ကိစ္စကို အကြမ်းဖျင်းစဉ်းစားကြတာဖြစ်ပါတယ်။ ဒီညီလာခံကျင်းပနိုင်ဖို့အတွက်လည်း အစိုးရကို မေတ္တာရပ်ခံပြီး တရားဝင်ခွင့်ပြုချက်ရယူမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ဆွေးနွေးသည့် ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဒွဲဘူက "အားလုံးပါဝင်ရေးမူကို တိုင်းရင်းသားတွေဘက်က တိတိကျကျ ပြန်ရှင်းပေးစေချင်တယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွေကို သူတို့က (၂၁ ရာစုပင်လုံ)ညီလာခံမတိုင်ခင် ပြန်လည်သုံးသပ်ချင်တယ်။ ဒါမှ (၂၁ ရာစု ပင်လုံ)မှာ အားလုံးပါဝင်ပြီး အတူတူဆွေးနွေးနိုင်ဖို့၊ တရားဝင်ဖြစ်နိုင်ဖို့ကိုမေးမြန်းတယ်။ နောက် (၂၁ ရာစုပင်လုံ)ဆိုတဲ့ သဘောသဘာဝနဲ့ ရည်ရွယ်ချက်ကို သူတို့ သိချင်တယ်။ သူတို့ခွင့်တောင်းတာက (၂၁ ရာစုပင်လုံ)ညီလာခံမလုပ်ခင် မိုင်ဂျာယန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအားလုံး ပါဝင်တွေ့ဆုံပြီး တိုင်းရင်းသားညီလာခံလုပ်မယ်။ မတွေ့ခင် တိုင်းရင်းသားခေါင်းဆောင်တွေက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့ဖို့ရက်ညှိတယ်။ လက်မှတ်ထိုးတဲ့သူနဲ့ မထိုးတဲ့သူတွေတွေ့ဆုံရေး အဆင်မပြေစရာမရှိဘူး"ဟု ဖြေကြားသည်။

ယနေ့ပြုလုပ်သည့်ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီမှ ဒေါက်တာတင်မျိုးဝင်း၊ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ဦးနိုင်ငံလင်း၊ ဦးခက်ထိန်နန်၊ ဒေါ်ဒွဲဘူ၊ ဦးမိုးဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးကျော်လင်းဦးတို့တက်ရောက်ပြီး UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation–DPN)မှ ခူးဦးရယ်၊ ဦးစိုင်းထူး (SSPP)၊ ဒေါက်တာနိုင်ရွှေသိန်း(NMSP)၊ ဦးဆော်လမွန် (LDU)၊ ဦးမင်းထွန်း(ANC)၊ တာ့ညီလူ ( WNO )၊ နိုင်ဗညားမွန်နှင့် ဦးဆန်အောင်တို့ တက်ရောက်ဆွေးနွေးသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့တွင် ကျင်းပသည့် (၄)ကြိမ်မြောက် မဲခေါင် - ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Lim Sung-nam အား ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အနုပညာရှင်များပူးပေါင်းပါဝင်မည့် MAZE ကုမ္ပဏီမှ ရုပ်ရှင်ရုံ ၁၀၀ နှစ်နှစ်အတွင်းဆောက်လုပ်မည်

**ရန်ကုန် ဇူလိုင် ၁**

မြန်မာ့ရုပ်ရှင်လောက တိုးတက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် သရုပ်ဆောင် လွင်မိုးဦးစီးဆောင်ရွက်ကာ ဖွဲ့စည်းလိုက်သည့် MAZE ကုမ္ပဏီမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရုပ်ရှင်ရုံ ၁၀၀ ကို နှစ်နှစ်အတွင်း ဆောက်လုပ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ရုံ ဆောက်လုပ်မည့် အကြောင်း သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပုလဲကွန်ဒိုအနီး စတူဒီယို ၃၅ တွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌနှင့် အနုပညာရှင်များ တက်ရောက်ကာ ဆွေးနွေးခဲ့ကြသည်။ ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းအတွက် ဆောင်ရွက်မည့် MAZE ကုမ္ပဏီတွင် ဥက္ကဋ္ဌ မန်နေဂျင်းဒါရိုက်တာအဖြစ် ဦးလွင်မိုး၊ စီအီးအို ဒါရိုက်တာအဖြစ် ဦးတင်မောင်ဝင်းနှင့် ဒါရိုက်တာ ဦးသူရ (ဇာဂနာ)တို့က အဓိက ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ရုံ ၁၀၀ ဆောက်လုပ်မည့်စီမံကိန်းအတွက် ကမ္ဘောဇဘဏ်မှ ငွေကြေးပိုင်းဆိုင်ရာ ထောက်ပံ့ကူညီပေးမည်ဖြစ်ပြီး ဥက္ကဋ္ဌ ဦးလွင်မိုးက မိမိအနုပညာလောကမှ ရင်းနှီးသည့်သူ ၁၇ ဦးကို ရှယ်ယာထည့်ဝင်စေခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ စိတ်ကူးယဉ်မှုတစ်ခုကို အကောင်ထည်ဖော်ဖြစ်တယ်လို့ပဲ ပြောရမှာပါပဲ။ ရုပ်ရှင်ရုံ ၁၀၀ ကိစ္စက ကျွန်တော်နဲ့ ကျွန်တော့်ရဲဘော်ရဲဘက် ဦးတင်မောင်ဝင်းတို့ တူတူလုပ်ခဲ့ကြတာပါ။ ကျွန်တော်ကိုယ့်အနုပညာလောကက ရင်းနှီးတဲ့ ၁၀ ယောက်ကို ရွေးပြီးတော့ ရှယ်ယာနဲ့ထည့်ခဲ့ပါတယ်။ မြေကိုတော့ ငှားရမ်းတဲ့စနစ်နဲ့ပဲသွားမယ်။ ရုပ်ရှင်ရုံဆောက်မယ့် အစီအစဉ်ကို ကြည့်လိုက်မယ်ဆိုရင် မြို့ကြီးတွေကို ကျွန်တော်တို့ကနောက်မှ လုပ်မှာပါ။ နယ်ကနေစမယ်။ ရုပ်ရှင်ရုံမရှိတဲ့ မြို့တွေမှာ ကျွန်တော်တို့ ရုပ်ရှင်ရုံစပြီးတော့ ဆောက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်ကလည်း ရုပ်ရှင်ရုံဆီမလာနိုင်တဲ့ ပရိသတ်တွေအတွက် ရုပ်ရှင်ရုံတွေက သူတို့ဆီကိုသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ကျွန်တော်တို့ရုံ ၁၀၀ ကတော့ နှစ်နှစ်စီမံကိန်းဖြစ်တယ်။ ရုံကိုတစ်ပုံစံတည်း ဆောက်မှာဖြစ်ပါတယ်။ ရုံမှာထိုင်ခုံကတော့ ၃၁၆ ခုံရှိပါမယ်။ ပုံစံတွေ အကုန်လုံးကတော့ တူတူပါပဲ" ဟု ဦးလွင်မိုးက ပြောသည်။

အဆိုပါရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းထဲမှ လက်ရှိတွင် အောင်ပန်းနှင့် တိုက်ကြီးတို့တွင် ရုပ်ရှင်ရုံနှစ်ရုံကို သုံးလအတွင်း အပြီးဆောက်လုပ်ရန် အကောင်အထည်ဖော်နေပြီ ဖြစ်ပြီး ရုပ်ရှင်ရုံလက်မှတ်များကို တစ်ထောင်၊ တစ်ထောင့်ငါးရာ၊ နှစ်ထောင်၊ နှစ်ထောင့်ငါးရာသာ သတ်မှတ်ထားကြောင်း သိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောက်လုပ်မည့် ရုပ်ရှင်ရုံ ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄ ရုံ၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၂ ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၉ ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၅ ရုံ၊ မကွေးတိုင်းဒေသကြီးတွင် ကိုးရုံ၊ ရှမ်းပြည်နယ်တွင် ၁၂ ရုံ၊ မွန်ပြည်နယ်တွင် ခြောက်ရုံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရှစ်ရုံ၊ ရခိုင်ပြည်နယ်တွင် ခြောက်ရုံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နှစ်ရုံ၊ ကချင်ပြည်နယ်တွင်တစ်ရုံ၊ ကရင်ပြည်နယ်တွင်တစ်ရုံ၊ ချင်းပြည်နယ်တွင် တစ်ရုံနှင့် ကယားပြည်နယ်တွင် တစ်ရုံဆောက်လုပ်သွားမည်ဖြစ်သည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-မီချီကိုဟန်**




# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အသက် (၁၀) နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူ ၃၃၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရန်အတွက် နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံများကို အင်းစိန်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက အင်းစိန်မြို့ အထက(၁)ကျောင်း ဧရာဝတီခန်းမဆောင်၌ ဇွန် ၃၀ ရက်က ကွင်းဆင်းကောက်ယူမှုများ ပြုလုပ်ပေးခဲ့သည်။

နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံများကို အင်းစိန်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန (ယာယီ)မြို့နယ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံများ ကောက်ယူရာသို့ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းအေးနှင့် ခရိုင်လဝက ဦးစီးဌာနမှူး(လက်ထောက်ညွှန်ကြားရေးမှူး)ဦးအုန်းလွင်တို့က လာရောက်ကြည့်ရှုပြီးလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **(ကြေးမုံ)**

# အမေရိကန်တပ်မတော်တွင် လိင်ပြောင်းထားသူများအား စစ်မှုထမ်းဆောင်ရန် ခွင့်ပြု



**ဝါရှင်တန် ဇူလိုင် ၁**
အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့တွင် လိင်ပြောင်းထားသူများအား စစ်မှုထမ်းဆောင်ရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယခုနှစ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနတွင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ရေးဝန်ကြီးကာတာက ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်သည် အမိနိုင်ငံကို ကာကွယ်ရန်ဖြစ်သည်။ မရိန်းတပ်သား၊ လေသူရဲများ၊ ရေတပ်သားများနှင့် စစ်သည်တော်များ ဖြစ်လာနိုင်ရန် လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးကို ပိတ်ပင်တားဆီးထားသည့် မည်သည့်အရာကိုမျှ လိုလားမှု မရှိကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

တပ်မတော်ထဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သမီးများအပါအဝင် လိင်တူဆက်ဆံသူများအား အခွင့်အရေးများပေးနိုင်ရန်အတွက် ပင်တဂွန်စစ်ဌာနချုပ်က ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ရှေ့တန်းစစ်မျက်နှာပြင်သို့ စစ်သမီးများ တာဝန်ထမ်းဆောင်ခြင်းနှင့် လိင်တူဆက်ဆံသူများ တပ်မတော်ထဲသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရန် တားမြစ်ထားသည့် ပိတ်ပင်မှုများကို ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

လိင်တူဆက်ဆံသောအမျိုးသမီးများ၊ လိင်တူဆက်ဆံသောအမျိုးသားများ၊ လိင်တူ လိင်ကွဲနှစ်မျိုးစလုံးကို စိတ်ဝင်စားသူများအပြင် လိင်ပြောင်းထားသူများစသည့် မည်သူကိုမဆို တပ်မတော်တွင် တာဝန်ထမ်းဆောင်ခွင့်ပြုသည့် ထုတ်ပြန်ချက်ကို ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ပြည်တွင်းလုပ် တိုက်လေယာဉ်အုပ်စု အိန္ဒိယလေတပ်တွင် စတင် တာဝန်ချထား

**နယူးဒေလီ ဇူလိုင် ၁**
အိန္ဒိယပြည်တွင်းလုပ် စစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲရေးဟူသည့် အစိုးရက ချမှတ်ထားသောမဟာဗျူဟာအရ ပြည်တွင်းထုတ် အပေါ့စား တိုက်လေယာဉ် အုပ်စုတစ်စုအား ပထမဆုံးအကြိမ် တာဝန်ချထားမှုကို ဘင်္ဂလောရှိ အိန္ဒိယလေတပ်အခြေစိုက်စခန်းတစ်ခုတွင် ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့သည်။ တာဝန်ချထားသော လေယာဉ်အမျိုးအစားမှာ တေဂျပ်စ်အမျိုးအစား အပေါ့စားတိုက်ခိုက်ရေး ဂျက်လေယာဉ်များ ဖြစ်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ဘင်္ဂလောမြို့ရှိ လေတပ်အခြေစိုက်စခန်းတွင် တေဂျပ်စ်အမျိုးအစား အသံထက်မြန်သော အပေါ့စားတိုက်လေယာဉ်နှစ်စင်းအား လေတပ်သို့လွှဲအပ်ခဲ့သည်။ ပျံသန်းနေသော ဓားမြောင်များဟု အမည်မှည့်ခေါ်ထားသည့် လေယာဉ်အုပ်စုအား တေဂျပ်စ်အမျိုးအစား လေယာဉ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ယနေ့လွှဲအပ်သော လေယာဉ်နှစ်စင်းမှာ အဆိုပါလေယာဉ်အုပ်စု၏ ပထမဆုံးသော အစိတ်အပိုင်းဖြစ်သည်။ ဇူလိုင် ၁ ရက်တွင် ကျင်းပသော တေဂျပ်စ်လေယာဉ်များ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသည် ၃၃ နှစ်ကြာမျှ စောင့်ဆိုင်းခဲ့ရသော ပြည်တွင်းလုပ်တိုက်လေယာဉ်များ အိန္ဒိယလေတပ်တွင် အသုံးပြုနိုင်ရေးကာလကို အဆုံးသတ်နိုင်ခဲ့သော်လည်း ပြည်တွင်းလုပ် တေဂျပ်စ်တိုက်လေယာဉ် တည်ဆောက်ရေးတွင် အဓိကကျသော လေယာဉ်အင်ဂျင်ကို အမေရိကန်နိုင်ငံ ဂျီအီးကုမ္ပဏီမှ ဝယ်ယူရပြီး အခြားအစိတ်အပိုင်း အများအပြားကို ပြည်ပမှ မှာယူတင်သွင်းနေကြဆဲဖြစ်ကြောင်း တိုင်းမ်စ်(အော့ဖ်) အင်ဒီးယားသတင်းစာက ရေးသားဖော်ပြသည်။

ပျံသန်းနေသော ဓားမြောင်များအမည်ရှိ တိုက်လေယာဉ်အုပ်စုသည် အင်အားပြည့် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၈ မှ ၂၀၂၀ ထိတိုင် အချိန်ယူရမည်ဟု မျှော်လင့်ထားပြီး တေဂျပ်စ်အမျိုးအစား တိုက်လေယာဉ် ခြောက်စင်းကျော် အဆိုပါ လေယာဉ်အုပ်စုတွင် တပ်တော်ဝင်ရေးမှာ ယခုဘဏ္ဍာရေးနှစ်အကုန် ၂၀၁၇ ခုနှစ် မတ်လတွင် ဖြစ်နိုင်သည်ဟု မျှော်လင့်ထားသည်။

**ဆင်ဟွာ။**





# ကျူးဘားကိုယ်စားလှယ်အဖွဲ့အား ကင်ဂျုံအန် လက်ခံတွေ့ဆုံ

**ပြုံယမ်း ဇူလိုင် ၁**
မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ကျူးဘားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာစေရန် ထပ်မံကတိပြုခဲ့သည်။

ကင်ဂျုံအန်သည် ကျူးဘား ဒုတိယသမ္မတ ဆလ်ဗာဒေါ် ဗားလက်စ်မီဆာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြုံယမ်းမြို့၌ ဇွန် ၃၀ ရက်တွင် လက်ခံတွေ့ဆုံခဲ့သည်ဟု မြောက်ကိုရီးယား အာဏာရ အလုပ်သမားပါတီ၏ ရိုဒန်ဆင်မွန် သတင်းစာက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြသည်။ နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများသည် အနာဂတ်တွင် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ကင်ဂျုံအန်၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ဆက်လက်တိုးတက်စေရေးအတွက် ကျူးဘားနိုင်ငံက မူဝါဒတစ်ရပ် ချမှတ်ထားကြောင်း ဗားလက်စ်မီဆာက ပြန်လည်ပြောကြားသည်။ ကင်ဂျုံအန်အနေဖြင့် ယခုကဲ့သို့ ပြည်ပမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးကို လက်ခံတွေ့ဆုံခြင်းမှာ လွန်ခဲ့သည့် အောက်တိုဘာလမှစ၍ ပထမဆုံးအကြိမ်ဖြစ်သည်။ ကင်ဂျုံအန်သည် ကျူးဘားကိုယ်စားလှယ်အဖွဲ့ကို လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်ကလည်း လက်ခံတွေ့ဆုံခဲ့ဖူးသည်။

ကျူးဘားနိုင်ငံသည် လွန်ခဲ့သည့်နှစ်မှစ၍ ၅၄ နှစ်ကြာ အဆက်အသွယ်ပြတ်နေသည့် အမေရိကန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ပြန်လည်ဆက်သွယ်ခဲ့သည့် နိုင်ငံဖြစ်သည်။ ထို့ပြင် ကျူးဘားတော်လှန်ရေးပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အနေဖြင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးသည်လည်း ဇွန်လတွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်သို့ သွားရောက်ခဲ့သည်။

နိုင်ငံရေး လေ့လာသုံးသပ်သူများက ကင်ဂျုံအန်သည် ယခုကဲ့သို့ ကျူးဘား ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံခြင်းမှာ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးမှာ အရေးပါခြင်းကြောင့်ဖြစ်သည်ဟု ဆိုကြသကဲ့သို့ တောင်ကိုရီးယားနိုင်ငံက ကျူးဘားနိုင်ငံကို ချဉ်းကပ်နေခြင်းမှ တားမြစ်လိုခြင်းကြောင့်လည်းဖြစ်သည်ဟု သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

# တူရကီသို့ ခရီးသွားများ သွားရောက်ခွင့် ပိတ်ပင်မှု ရုရှားအစိုးရ ဖြေလျှော့ပေး

**မော်စကို ဇူလိုင် ၁**
ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တူရကီနိုင်ငံအတွင်းသို့ ခရီးသွားများ ဝင်ရောက်ရေးအတွက် တားဆီးထားသော အချက်အလက်များအား ပယ်ဖျက်၍ စင်းလုံးငှား လေကြောင်းခရီးစဉ်များနှင့် အခြားသောခရီးစဉ် အချက်အလက်များကို ရုရှားနှင့်တူရကီအစိုးရ နှစ်ရပ်အကြားပြန်လည်စတင်ရေး အမိန့်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းသို့ ရုရှားသမ္မတက လက်မှတ်ရေးထိုးခဲ့မှု ဖြစ်ပေါ်ခဲ့ခြင်းမှာ တူရကီသမ္မတ အာဒိုဂန်က ရုရှားသမ္မတထံ လွန်ခဲ့သောနှစ် နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သော ရုရှားစစ်လေယာဉ်တစ်စင်းအား တူရကီစစ်ဘက်မှ ပစ်ချခဲ့ခြင်းပေါ် တောင်းပန်ခဲ့ခြင်းမှ အစပြုကြောင်း သတင်းတွင်ဖော်ပြသည်။

ရုရှားပြည်ထောင်စု ခရီးသွားလုပ်ငန်း အေဂျင်စီအနေဖြင့် တူရကီနိုင်ငံနှင့် လုပ်ငန်းများစတင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ကလေးများ ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်း ဗဟိုအဆင့်စတင်

**နေပြည်တော် ဇူလိုင် ၁**

တစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ယခင် ကိုးမျိုးအပြင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (Pneumo- coccal Conjugate Vaccine- PCV)စတင် ထည့်သွင်းထိုးနှံခြင်းဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် နည်းဗျူဟာများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က(၁)နှစ်အောက် ကလေးများ ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေးကိုးမျိုးသာ ထိုးနှံပေးလျက်ရှိရာမှ ယနေ့မှစ၍ ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး(PCV)ကိုပါ ကလေး အသက် နှစ်လ၊ လေးလ၊ ခြောက်လအရွယ်တို့၌ သုံးကြိမ်ထိုးနှံပေးမည်ဖြစ်၍ ယခုအခါ ကလေးတစ်ဦးလျှင် ကာကွယ်ဆေး ၁၀ မျိုး ထိုးရတော့မည်ဖြစ်ပြီး အဆိုပါ PCV ကာကွယ်ဆေးနှင့် ပတ်သက်သော ပညာပေးအချက်အလက်များကို မီဒီယာများမှတစ်ဆင့် ပြည်သူအနေဖြင့် အခွင့်အရေးတစ်ရပ်အဖြစ် ခံယူကာ မိမိတို့၏ ရင်သွေးငယ်များကို ကာကွယ်ဆေးထိုး စုရပ်များသို့ ခေါ်ဆောင်ကာ ထိုးနှံပေးစေလိုကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ နှစ်စဉ် မွေးကင်းစမှ အသက်(၁)နှစ်အောက်ကလေးများကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်အရ ကိုးမျိုးဖြစ်သည့် တီဘီဦးနှောက်အမြှေးရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါနှင့် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါများဖြစ်ပွားမှုမှ ကာကွယ်ပေးလျက်ရှိရာ ယခုအခါ ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV)စတင် ထည့်သွင်းထိုးနှံခြင်းကို ဗဟိုအဆင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးဖြစ်စေရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုက်တွန်းမှာကြားသည်။

ထို့နောက် အလှူရှင်အဖွဲ့အစည်းဖြစ်သည့်(GAVI)၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့မှ ဌာနေကိုယ်စားလှယ်အသီးသီးတို့က မြန်မာနိုင်ငံတွင် ကူညီဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ PCV ကာကွယ်ဆေးအတွက် နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ သန်းကျော် ကုန်ကျခံထိုးနှံပေးခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွက် ကလေးများ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများအတွက် လျာထားမှုမှာ ၆ ဒသမ ၇ သန်းခန့်ရှိ၍ ကလေးတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ခုနစ်ဒေါ်လာ အကုန်အကျခံကာ ထိုးနှံပေးနေသဖြင့် မိဘ၊ ဆရာညီညာပူးပေါင်းဂရုစိုက်ရန် လိုကြောင်း၊ ကာကွယ်ဆေးထိုးပေးထားခြင်းဖြင့် ကလေးများကျန်းမာရေးကောင်းပြီး ကလေးမိဘများအနေဖြင့် ဆေးခန်းပြရန် အချိန်မကုန်၊ ပိုက်ဆံလည်းမကုန်ဘဲ ရောဂါကင်း၍ ဉာဏ်ရည်ဖွံ့ဖြိုးမှုတိုးတက်စေသော အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်လာပြီး နိုင်ငံတော်အတွက် အကျိုးများစေကြောင်းနှင့် ဆေးသိုလှောင်ထိန်းသိမ်းပုံ၊ ဆေးသယ်ဆောင်ပုံ၊ ဆေးထိုးနည်းစနစ် မှန်ကန်ရေးဖြင့်သာ အောင်မြင်မှုကို တိုင်းတာသိရှိနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများကိုလည်း ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ဝေးလံဒေသများအထိ NGO၊ INGO၊ အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများပါ နိုင်ငံသားအားလုံး ကလေးများတစ်ယောက်မျှ မကျန် ပါဝင်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပေးရန်လိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၂၀၁၆ ခုနှစ်အတွက် ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ဓမ္မာစရိယသုံးကျမ်းအောင် ၁၄၀၄ ပါး၊ နှစ်ကျမ်းအောင် ၁၅၈၆ ပါး၊ တစ်ကျမ်းအောင် ၁၈၅၆ ပါး၊ ပါဠိဂုဏ်ထူးအောင် ခြောက်ပါး၊ မြန်မာဂုဏ်ထူးအောင် ခုနစ်ပါးအောင်မြင်တော်မူသည်။ စုစုပေါင်း ဖြေဆိုသူ ၁၉၅၅၁ ပါးအနက် အောင်မြင်သူ ၄၈၅၉ ပါးဖြစ်၍ ၂၄ ဒသမ ၈၅ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်မြင်တော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမ)ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်းဖြစ်ကြသည်။

| | | | |
|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာ အကျော်) | ခုံအမှတ် ပခ/၁၀၀၈ | အရှင်သိရိန္ဒ [၉/မဟမ(သ)၀၀၄၄၁၂] ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ခုံအမှတ် ကရ/၁၁၄၃ | အရှင်ဝိစာရ [၁၂/ဒဂတ(သ)၀၀၁၂၀၁] နိကာယ်စာသင်တိုက် တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | တတိယ | ခုံအမှတ် ကရ/၂၇၆ | ဦးသုနရ [၁၂/တမန(သ)၀၀၀၇၈၉] မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄။ | သီလရှင် (ပထမ) | ခုံအမှတ် ကန/၁၀၄၁ | မဉာဏသီဂီ [၅/ရဥန(သီ) ၀၀၁၂၇] ဓမ္မသကသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ရုံးများ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၌ လည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ်ထိုးနှံ

**ပဲခူး ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ်(PCV-10) ထည့်သွင်းထိုးနှံခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးအသစ်(PCV-10)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ အသက်နှစ်လအရွယ်ကလေးများအား ယင်းဆေးအသစ်ကို ပုံမှန်ကာကွယ်ဆေးထိုးအစီစဉ်တစ်ရပ်အဖြစ် စတင်ထိုးနှံပေးကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**



ဒေးဒရဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးအသစ်(PCV) ထိုးနှံခြင်းဆောင်ရွက်မှုကို ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဆောင်ရွက်ပေးစဉ်။ (သပြေထွန်း)

# ပညာရေးဝန်ထမ်းများအား ကတ်စနစ်ဖြင့် လစာဝန်ဆောင်မှုစတင်ပေး

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့တို့ရှိ ပညာရေးဝန်ကြီးဌာနမှ အရာရှိများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ လစာများကို ဇွန် ၃၀ ရက်မှ စတင်ကာ ကမ္ဘောဇဘဏ်၏ Explore Debit Card ကိုအသုံးပြု၍ နိုင်ငံအတွင်း ကမ္ဘောဇATM စက်များ၊ KBZ On The Move ကားများဖြင့် ဆရာ ဆရာမများ လစာကို အဆင်ပြေ လွယ်ကူစွာထုတ်ယူနိုင်ရန်အတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။




ကမ္ဘောဇဘဏ်လီမိတက် Card ဌာနမှ အထွေထွေမန်နေဂျာ ဒေါ်ဆွေဇင်ဝင်းက "ကနဦးအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့တို့မှ ဆရာ ဆရာမတွေရဲ့ လစာကို Card နဲ့ပေးမှာဖြစ်ပါတယ်။ အရင်က ဆရာ ဆရာမတွေအနေနဲ့ ပုံမှန်လစာထုတ်တဲ့အချိန်မှာ Cheque တွေနဲ့ ဘဏ်တွေမှာ ထုတ်ယူကြပါတယ်။ အဲဒီအခက်အခဲတွေ အဆင်ပြေစေဖို့အတွက် Card စနစ်နဲ့ပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။ ရန်ကုန်မြို့ ဒဂုံအထက(၁)မှ ဆရာမတစ်ဦးက "KBZ Explore Debit Card ကို ခုမှစသုံးဖြစ်တာလေ။ အသုံးပြုပုံကိုလည်း ဝန်ထမ်းတွေက တစ်ဆင့်ချင်းရှင်းပြတော့ အဆင်ပြေပါတယ်။ Card ကို အသုံးပြုပြီးတော့လည်း ဈေးဝယ်လို့ရတယ်ဆိုတော့ ဆရာမတို့အတွက် ပိုကောင်းပါတယ်။ ဆရာမဆို လစာထုတ်ပြီဆိုတာနဲ့ စုမိအောင်မနည်းချွေတာရတာလေ။ ခုဆို ကိုယ်လိုသလောက်ပဲ ထုတ်ပြီး ကျန်တာကို စုထားလို့ရတယ်။ အတိုးပါရဦးမယ်ဆိုတော့ အတိုင်းမသိဝမ်းသာမိပါတယ်"ဟု ပြောသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ကနဦးဝန်ဆောင်မှုအဖြစ် Card အရေအတွက် ၅၀၀၀ ကျော်ကို ပြုလုပ်ပေးပြီးဖြစ်ရာ ဆက်လက်၍လည်း မြန်မာတစ်နိုင်ငံလုံးရှိ ပညာရေးဝန်ထမ်းများ၏ လစာကို အဆင်ပြေလွယ်ကူစွာ ထုတ်ယူနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုစမ်းသပ်ကာလတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ တက္ကသိုလ်များ၊ State High School များ၊ ကောလိပ်များမှ ဆရာ ဆရာမများသာမက ပညာရေးဝန်ထမ်းအားလုံးကို Account များဖွင့်ပေးပြီး Card စနစ်ဖြင့် အသုံးပြုနိုင်ရန် ဝန်ဆောင်မှုမျာ ပေးလျက်ရှိကြောင်း သိရသည်။

**(၀၁၀)**

# ဥရောပယူနီယံမှ ဗြိတိန်နိုင်ငံထွက်ရှိမှု၏ ဘဏ္ဍာရေးအကျိုးဆက်များ

**ဒေါက်တာမောင်မောင်သိမ်း**

ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်) နိုင်ငံဟာ အီးယူလို့ ခေါ်တဲ့ ဥရောပယူနီယံ (ဥရောပသမဂ္ဂ)မှ ထွက်သင့်၊ မထွက်သင့် အမျိုးမျိုးဝေဖန်ဆွေးနွေးငြင်းခုန်နေတာ ကြာခဲ့ပါပြီ။ နောက်ဆုံးမှာတော့ ဗြိတိန်ပြည်သူတွေကို ဆန္ဒခံယူပွဲကျင်းပဖို့ ဆုံးဖြတ်လုပ်ဆောင်ခဲ့ပါတယ်။ (၂၄-၆-၂၀၁၆) မှာတော့ ဗြိတိန် နိုင်ငံ ဥရောပယူနီယံမှ ခွဲထွက်ရေး၊ ခွဲမထွက်ရေး (ခွဲရေးတွဲရေး)ကို ဆုံးဖြတ်ဖို့ လူထုဆန္ဒခံယူပွဲကို ကျင်းပ နိုင်ခဲ့ပါတယ်။ ဆန္ဒခံယူပွဲ ကျင်းပခါနီးညအထိ တွဲရေးက အားကောင်းနေသယောင် ထင်ရပါတယ်။ ယူဂေါ့ (You Gov) ဆိုတဲ့ ပြည်သူ့သဘောထားကို အကြမ်းဖျင်း ကောက်ယူတဲ့ အဖွဲ့အစည်းရဲ့ စစ်တမ်းမှာ ခွဲမထွက်ရေး(တွဲရေး) ဘက်က ၅၂ ရာခိုင်နှုန်းလောက်နဲ့ နိုင်လိမ့် မယ်လို့ဟောကိန်း ထုတ်ထားပါတယ်။ ထို့အတူ ဈေးကွက် များရဲ့ မျှော်လင့်ချက်၊ ခန့်မှန်းချက်ကလည်း "တွဲရေး'ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တွဲရေးဘက်က နိုင်မယ်လို့ ယုံကြည်ခဲ့ပါတယ်။

သို့သော် ဆန္ဒမဲပြားတွေကို ရေတွက်ပြီးတဲ့အခါမှာတော့ အဖြေက ပြောင်းသွားပါပြီ။ ခွဲရေးဘက်က ၅၁ ဒသမ ၉ ရာခိုင်နှုန်း၊ တွဲရေးဘက်က ၄၈ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်လာပြီး ခွဲရေးဘက်က ၃ ဒသမ ၈ ရာခိုင်နှုန်း အကျော် နှာတစ်ဖျားနဲ့ အနိုင်ရရှိသွားပါတယ်။ အသည်းကြားက မဲပြားတွေဟာ ရင်ခုန်စရာကောင်းလှပါတယ်။ မဲပြားတွေနဲ့အတူ ရင်ခုန်သွားသူကတော့ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကင်မရွန်းပါ။ မစ္စတာ ကင်မရွန်းဟာ တွဲရေးသမားကြီးဖြစ်ပါတယ်။ ဆန္ဒခံယူပွဲတောင် မကျင်းပပေးလိုသူဖြစ်ပါတယ်။ မလွှဲသာလို့ ကျင်းပပေးခဲ့ပေမယ့် တွဲရေးအတွက် မဲဆွယ်ပွဲတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ပါတယ်။ အခုတော့ ခွဲရေးသမားတွေ အနိုင်ရသွားပြီဖြစ်လို့ ရင်ခုန်သံမြန်လွန်းနေတဲ့ မစ္စတာ ကင်မရွန်းဟာ ဝန်ကြီးချုပ် ရာထူးကနေ အောက်တိုဘာလမှာ ထွက်မယ်လို့ သိက္ခာရှိစွာကြေညာခဲ့ပါတယ်။ ဘယ်သူကမှ ဖိအား မပေးဘဲ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါမျိုးနိုင်ငံရေးသမားတွေကိုတော့ လေးစားရမှာဖြစ်ပါတယ်။

ခွဲထွက်ရေးကိစ္စမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူဝင်မှုရေးတွေနဲ့ပတ်သက်ပြီး အကျိုးဆက်တွေ အများကြီးပေါ်ပေါက်မှာဖြစ်ပါတယ်။ အထူးသဖြင့် ကာယကံရှင်ဖြစ်တဲ့ ဗြိတိန်နိုင်ငံပေါ်မှာ အများဆုံး သက်ရောက်မှုဖြစ်ပါတယ်။ ယနေ့ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ (Global Village) ဖြစ်နေလို့ အကျိုးဆက်တွေဟာ ကမ္ဘာအနှံ့ ပြန့်သွားမှာလည်းဖြစ်ပါတယ်။ ယခုဆောင်းပါးမှာတော့ ခွဲထွက်ရေးကိစ္စ (အတိုကောက် Brexit)ကြောင့် ပေါ်ပေါက်လာမယ့် ဘဏ္ဍာရေး/စီးပွားရေး အကျိုးဆက်တွေကို တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ဗြိတိန်နိုင်ငံပေါ် သက်ရောက်မှုကို တင်ပြပါ့မယ်။ အီးယူဟာ ဗြိတိန်နိုင်ငံရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်ပါ။ ဒါကြောင့် အီးယူကခွဲထွက်မှုဟာ ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးကို ကျဆင်းစေမယ်ဆိုတာ ဗေဒင်မေးစရာမလိုပါဘူး။ အီးယူက ထွက်ခြင်းကြောင့် ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးဟာ ၂၀၃၀ မှာ ၃ ဒသမ ၈ရာခိုင်နှုန်းနဲ့ ၇ ဒသမ ၅ ရာခိုင်နှုန်း တဖြည်းဖြည်းကျုံ့ဝင်သွားလိမ့်မယ်လို့ ဗြိတိန်နိုင်ငံအစိုးရကိုက ခန့်မှန်းထားပါတယ်။ စကော့တလန်နဲ့ အိုင်ယာလန်မြောက်ပိုင်းတို့ဟာ တွဲရေးသမားတွေဖြစ်လို့ ခွဲထွက်ရေးဟာ ယူနိုက်တက်ကင်းဒမ်းကြီးကိုတောင် ပြိုကွဲစေနိုင်တယ်။ ဒါဆို စီးပွားရေးထိခိုက်မှုက ပိုဆိုးလိမ့်မယ်လို့ တွက်သူက တွက်ကြပါတယ်။

ဗြိတိန်နိုင်ငံဟာ ကမ္ဘာ့ဘဏ္ဍာရေးဝန်ဆောင်မှုတွေရဲ့ဗဟိုလို့ ပြောလို့ရပါတယ်။ ခွဲထွက်ရေးကြောင့် ဗြိတိန်နိုင်ငံရဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုတွေကို ထိခိုက်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာ ဗြိတိန်နိုင်ငံရဲ့ ဘဏ္ဍာရေးဈေးကွက် မတည်ငြိမ်မှုကြီးတွေ စတင်ဖြစ်ပွားခဲ့ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ပေါင်စတာလင်ငွေဟာ ၉ ရာခိုင်နှုန်းအထိ တန်ဖိုးကျခဲ့ပါတယ်။ ၁၉၈၅ မှစပြီး ရေတွက်ရင် ၃၁ နှစ်အတွင်းမှာ စံချိန်တင်ကျဆင်းမှုဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်ကိုကြည့်ရင်လည်း အကျဘက် (ဝက်ဝံဈေးကွက်) ဦးတည်နေပါတယ်။ ဗြိတိန်နိုင်ငံရဲ့ စတော့ဈေးကွက်ပြည္ဍန်းကိန်း (FTSE 100) ဟာ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ပြည္ဍန်းကိန်းကို ပေါင်စတာလင်နဲ့တွက်တာဖြစ်လို့ စတော့ရှယ်ယာတွေရဲ့ တကယ်တမ်းကျဆင်းမှုဟာ ၁၀ ရာခိုင်နှုန်းကျော်သွားပါတယ်။

ခွဲရေးတွဲရေး ဆန္ဒခံယူပွဲမတိုင်မီက ဒီခွဲရေးတွဲရေးကိစ္စဟာ ၂၀၀၉ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ လာမင် (Lehman) ဘဏ်ကြောင့်ဖြစ်တဲ့ ဘဏ္ဍာရေးပြဿနာလို ကမ္ဘာတစ်ဝန်းမှာ အန္တရာယ် ဖြစ်နိုင်ခြေရှိသလား၊ ဂရိ ကိစ္စလို ဒေသတွင်းပဲ အန္တရာယ်ဖြစ်နိုင်ခြေလားဆိုတာ ငြင်းခုံကြပါတယ်။ အခုလတ်တလော အခြေအနေအရတော့ အီးယူကြွေးမြီကိစ္စ၊ ဂရိ ကယ်ထုတ်မှုကိစ္စတွေလို ဒေသတွင်း အန္တရာယ်အလားအလာရှိတဲ့ အနေအထားသာ ဖြစ်တယ်လို့ ဆိုကြပါတယ်။ အာရှဘဏ္ဍာရေးဈေးကွက်တွေအနက် ဂျပန်ဘဏ္ဍာရေးဈေးကွက်ဟာ အထိအနာဆုံးလည်း ဖြစ်နိုင်ပါတယ်။ ဂျပန်ယန်းငွေကို တန်ဖိုးမြင့်ဖို့ဖိအားတွေ ပေါ်ပေါက်နိုင်ပြီး ဂျပန်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုနဲ့ ငွေဖောင်းပွမှု ထုတ်လုပ်မှုပမာဏရဲ့ ကန့်သတ်မှုကြောင့် ကြီးသင့်သလောက် မကြီးထွားနိုင်ပါဘူး။ ဗြိတိန်ရဲ့ စီးပွားရေးထုတ်လုပ်မှုပမာဏဟာ ပေါင်စတာလင် ၁ ဒသမ ၉ ထရီလီယံသာ ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးထုတ်လုပ်မှုဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံရှိပါတယ်။ အဲဒီ ကိန်းဂဏန်းဟာ ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှုပမာဏရဲ့ ၃ ဒသမ ၉ရာခိုင်နှုန်း ရှိပါတယ်။ ဒါကြောင့် လန်ဒန်ဘဏ္ဍာရေးဈေးကွက်ဟာ အခြားနိုင်ငံများရဲ့ဈေးကွက်၊ အထူးသဖြင့် ဥရောပဈေးကွက်ကို အားထားနေရပါတယ်။ ဒါ့အပြင် ဗြိတိန်ဘဏ္ဍာရေးလောကမှာ လုပ်နေတဲ့ ပညာရှင်တော်တော်များများဟာလည်း ဥရောပက လာကြပါတယ်။ ဒါတွေကြောင့်

**အတိအကျပြောဖို့ကတော့ အချိန်စောနေပါသေးတယ်။ အခုမှခွဲထွက်ဖို့ ဆုံးဖြတ်ချက်ချရုံရှိပါသေးတယ်။ တကယ်ခွဲထွက်ဖို့ မလုပ်ရသေးပါဘူး။ ဥပဒေရှုထောင့်က ပြောရရင်တော့ တကယ်ခွဲထွက်ရေးလုပ်ငန်းစဉ်က ရှည်လျားပါတယ်။ လစ်စဘွန်းစာချုပ် (Lisbon Treaty) ရဲ့ စာပိုဒ် ၅၀ အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နှစ်ဖက်ညှိနှိုင်းပြီး စည်းကမ်းချက် (terms & comditions) တွေ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေ လုပ်ကြရမှာဖြစ်ပါတယ်။ လစ်စဘွန်းစာချုပ် အပိုဒ် ၅၀ အရ နှစ်နှစ်အတွင်းမှာ အပြီး လုပ်ကြရမှာဖြစ်ပါတယ်။ ယခုနှစ်အတွင်း အပိုဒ် ၅၀ ကို စတင်အကောင်အထည်ဖော်နိုင်ရင်တောင်မှ ၂၀၁၈ ရောက်မှ ပြီးပြည့်စုံမှာ ဖြစ်ပါတယ်။ ဒါကြောင့် စောသေးတယ်ပြောတာ။ ၂၀၁၈ ကျော်မှ အကျိုးသက်ရောက်မှုတွေကို သေသေချာချာသိနိုင်မှာ ဖြစ်ပါတယ်။**

အီးယူဟာ ဗြိတိန်နိုင်ငံရဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုဈေးကွက်ကြီးဖြစ်လို့ အီးယူက ခွဲထွက်တာနဲ့ ဒီဈေးကွက်ကြီးဆုံးရှုံးသွားမှာလည်း ဖြစ်ပါတယ်။ ဒီအချက်တွေက ဗြိတိန်ရဲ့ ဘဏ္ဍာရေးဈေးကွက်တွေမှာ ပူပန်မှုတွေ ပေါ်ပေါက်စေပါတယ်။ ဝန်ကြီးချုပ် ကင်မရွန်း နုတ်ထွက်မှာ ဖြစ်တဲ့အတွက်လည်း အီးယူနဲ့ အဆင်ပြေပြေဆွေးနွေးဖို့ အားလျော့စေတယ်လို့ ဆိုကြပါတယ်။ ခွဲထွက်ဖို့အတွက် စည်းကမ်းချက်တွေ ဆွေးနွေးညှိနှိုင်းရာမှာလည်း အခြားခွဲထွက်မှုများကို ဟန့်တားချင်လို့ အီးယူက အပေါ်စီးရအောင် ဆွေးနွေးလိမ့်မယ်။ ယင်းအချက်ကလည်း ဗြိတိန်ရဲ့ စီးပွားရေးကို မျက်နှာသာပေးစရာမရှိဘူးလို့လည်း ထင်မြင်ကြပါတယ်။

အီးယူကနေ ဗြိတိန်နိုင်ငံရဲ့ ခွဲထွက်မှုဆုံးဖြတ်ချက်ဟာ ကာယကံရှင် ဗြိတိန်နိုင်ငံသာမကဘဲ ကမ္ဘာပေါ်မှာလည်း အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ ပထမဆုံး အကျိုးသက်ရောက်မှုကတော့ နိုင်ငံခြားငွေဈေးကွက်တွေပေါ်မှာ ဖြစ်ပါတယ်။ ပေါင်စတာလင်နဲ့ အမေရိကန်ဒေါ်လာ လဲလှယ်မှု ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ သို့ပေမယ့် ဂျပန်ယန်းနဲ့ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းက ၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းကြား အားကောင်းလာခဲ့ပါတယ်။ အာဆီယံ +၅ နိုင်ငံတွေထဲမှာ အထိနာဆုံးက မလေးရှားရင်းဂစ်ဖြစ်ပါတယ်။ ဒုတိယအထိနာဆုံးက စင်ကာပူဒေါ်လာ ဖြစ်ပါတယ်။ ရှယ်ယာဈေးကွက်တွေရဲ့ အနေအထားကလည်း မကောင်းပါဘူး။ အာရှရှယ်ယာဈေးကွက်တွေ အားလုံးကျပါတယ်။ ဂျပန်ရှယ်ယာဈေးကွက်ကတော့ အဆိုးဆုံးပဲ။ ဂျပန်နစ်ကေးပြည္ဍန်းကိန်းဟာ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဥရောပနဲ့ အမေရိကန်တို့ရဲ့ ကြိုတင်ရောင်းရှယ်ယာဈေးကွက်တွေဟာ ခွဲရေးရလဒ်ထွက်လာပြီးနောက် အကျဘက်မှာသာ ရောင်းဝယ်နေရပါတယ်။ ကုန်စည်ဈေးကွက်တွေမှာတော့ အကျိုးဆက်ဟာ အမျိုးမျိုးဖြစ်နေပါတယ်။ ရွှေဈေးကွက်မှာ ၅ ရာခိုင်နှုန်းကျော်တက်လာပေမယ့် ရေနံဈေးကွက်မှာတော့ ၅ ရာခိုင်နှုန်းကျော်ကျပါတယ်။ ဒါရဲ့အကျိုးဆက်ကတော့ အမေရိကန် ငွေတိုက်စာချုပ်များနဲ့ ဂျပန်၊ ဂျာမနီတို့လို အခြားစီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံများရဲ့ ငွေတိုက်စာချုပ်တွေလည်း ဈေးကျသွားပါတယ်။

ပေါ်လစီအရ ကျင့်သုံးနေတဲ့ ငွေကြေးသက်သာစေမှု (Monetary Easing) အပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ပါတယ်။ အာရှရှိ ပေါ်ထွန်းစဈေးကွက်တွေအပေါ် ငွေအရင်းအနှီးစီးဝင်နေမှုကလည်း ပြောင်းပြန်ဖြစ်သွားနိုင်ပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ခွဲထွက်မှုဟာ ဗြိတိန်နိုင်ငံရဲ့ ဘဏ်တွေက ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကတစ်ဆင့် နယ်စပ်ဖြတ်ကျော်ငွေချေးငှားမှု (Cross-border Lending) လုပ်နေတာတွေကို ရေရှည်မှာထိခိုက်နိုင်ပါတယ်။ ကာလလတ် အနေအထားကြည့်ရင်တော့ အာရှမှာရှိတဲ့ ဘဏ္ဍာရေးဗဟိုဌာနတွေရဲ့ အနေအထားကောင်းလာနိုင်ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးဗဟိုဌာနကြီးဖြစ်တဲ့ လန်ဒန်ဘဏ္ဍာရေးဈေးကွက်ရဲ့ ပြိုင်ဆိုင်နိုင်စွမ်းအား ကျဆင်းသွားလို့ ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံခွဲထွက်မှုရဲ့ နိုင်ငံရေး၊ စီးပွားရေး အကျိုးဆက်ဟာ အီးယူမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာရင် အာဆီယံ+၃ နိုင်ငံတွေအပေါ် အကျိုးသက်ရောက်မှုလည်း ကြီးမားလာနိုင်ပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ခွဲထွက်မှုကြောင့် နယ်သာလန်နဲ့ ဖင်လန်နိုင်ငံတွေမှာလည်း အလားတူ ဆန္ဒခံယူပွဲတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ယခုနှစ် ဇွန် ၁၆ ရက်မှာ ကျင်းပခဲ့တဲ့ စပိန်နိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲဟာလည်း ဗြိတိန်နိုင်ငံ ခွဲထွက်ရေးရဲ့ အကျိုးသက်ရောက်မှုကို ခံစားရနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်တော့ အီးယူက ဗြိတိန်နိုင်ငံ ခွဲထွက်မှုကြောင့် အထိခိုက်ဆုံးနိုင်ငံဟာ ကာယကံရှင် ဗြိတိန်နိုင်ငံသာလျှင် ဖြစ်ပါလိမ့်မယ်။ စီးပွားရေး၊ ဘဏ္ဍာရေးတွေသာမက နိုင်ငံရေး၊ မော်တော်ကားထုတ်လုပ်မှု၊ လက်လီရောင်းဝယ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စွမ်းအင်၊ ဆက်သွယ်ရေးကဏ္ဍတွေပါ ထိခိုက်မှာ ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ဘဏ္ဍာရေးလောကထိခိုက်မှုက ပိုပြင်းထန်ပါလိမ့်မယ်။ ကမ္ဘာပေါ်မှာ လန်ဒန်နဲ့ နယူးရော့တို့ဟာ အကြီးမားဆုံး ဘဏ္ဍာရေးဗဟိုဌာနကြီးတွေ ဖြစ်ပါတယ်။ လန်ဒန်နဲ့ နယူးရော့ကွာခြားတာက လန်ဒန်မှာ နယူးရော့လို ဘဏ္ဍာရေးဆိုင်ရာ ပြည်တွင်း ကျောထောက်နောက်ခံနယ် မရှိတာပါပဲ။ ဗြိတိန်ပြည်တွင်း ဘဏ္ဍာရေးဈေးကွက်ဟာ လွန်စွာဖွံ့ဖြိုးပေမယ့် ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးဗြိတိန်ရဲ့ ဘဏ္ဍာရေးလောကဟာ အထိနာနိုင်စရာ ရှိတယ်လို့ ဆိုခြင်းပါ။

အခြားနိုင်ငံတွေအပေါ် အကျိုးသက်ရောက်မှုကတော့ ကာယကံရှင်ဗြိတိန်လောက်ပြင်းထန်ဖို့ မရှိပါဘူး။ ဘဏ္ဍာရေးဈေးကွက်တွေအတွက် ကြောက်လန့်မှုပြည္ဍန်းချက် (Global Markets' Fear Indicators) ဆိုပြီးထွင်ထားတာ ရှိပါတယ်။ အကျပ်အတည်းတစ်ခုပေါ်ရင် ဘယ်လောက်တောင် ကြောက်လန့်ကုန်သလဲဆိုတာကို တိုင်းတာညွှန်ပြတာပါ။ အဲဒီလို တီထွင်ထားရတာကလည်း ကြောက်လန့်မှုဟာ အင်မတန်ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုဖြစ်ပြီး ဈေးကွက်တွေကို ပြိုပျက်အောင် စွမ်းဆောင်နိုင်လို့ပဲ ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ခွဲထွက်ရေးကြောင့် အဲဒီကြောက်လန့်မှု ပြည္ဍန်းကိန်းမှာ ဆောင့်ပြီး ထိုးတက်သွားခြင်းကို မတွေ့ရပါ။ သိပ်ပြီးစိုးရိမ်ကြောက်လန့်စရာလို့ မယူဆကြဘူးဆိုတဲ့ သဘောပါ။ ကမ္ဘာ့နိုင်ငံကြီးများရဲ့ ဗဟိုဘဏ်တွေကလည်း အကျိုးသက်ရောက်မှု လျော့နည်းသက်သာအောင် ကူရှင်ခုပေးမယ်ဆိုတဲ့ ညွှန်ပြချက်တွေကိုလည်း တွေ့နေရပါတယ်။

အတိအကျပြောဖို့ကတော့ အချိန်စောနေပါသေးတယ်။ အခုမှခွဲထွက်ဖို့ ဆုံးဖြတ်ချက်ချရုံရှိပါသေးတယ်။ တကယ်ခွဲထွက်ဖို့ မလုပ်ရသေးပါဘူး။ ဥပဒေရှုထောင့်က ပြောရရင်တော့ တကယ်ခွဲထွက်ရေးလုပ်ငန်းစဉ်က ရှည်လျားပါတယ်။ လစ်စဘွန်းစာချုပ် (Lisbon Treaty) ရဲ့ စာပိုဒ် ၅၀ အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နှစ်ဖက်ညှိနှိုင်းပြီး စည်းကမ်းချက် (terms & conditions) တွေ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေ လုပ်ကြရမှာဖြစ်ပါတယ်။ လစ်စဘွန်းစာချုပ် အပိုဒ် ၅၀ အရ နှစ်နှစ်အတွင်းမှာ အပြီးလုပ်ကြရမှာဖြစ်ပါတယ်။ ယခုနှစ်အတွင်း အပိုဒ် ၅၀ ကို စတင်အကောင်အထည်ဖော်နိုင်ရင်တောင်မှ ၂၀၁၈ ရောက်မှ ပြီးပြည့်စုံမှာ ဖြစ်ပါတယ်။ ဒါကြောင့် စောသေးတယ်ပြောတာ။ ၂၀၁၈ ကျော်မှ အကျိုးသက်ရောက်မှုတွေကို သေသေချာချာ သိနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးဈေးကွက်ကတော့ အရွယ်ပမာဏအရ စိုးရိမ်စရာ မရှိကြောင်းပါခင်ဗျား။ ။

---

## တောင်သူပညာပေး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြ

**လားရှိုး ဇူလိုင် ၁**

စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် တောင်ကိုင်းကျေးရွာ ကွင်းအမှတ် (၂၂) တောင်သူဦးမောင်အေး၏ လယ်မြေ နှစ်ဧကတွင် တောင်သူပညာပေးကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇွန် ၂၉ ရက်တွင်လည်းကောင်း၊ တောင်းကိုင်းကျေးရွာ ကွင်းအမှတ်(၂၃)ရှိ တောင်သူ ဒေါ်ညို၏ လယ်နှစ်ဧကတွင် ဇွန် ၃၀ ရက်ကလည်းကောင်း ပြုလုပ်သည်။

တောင်သူပညာပေး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ မိုးမိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်၊ မိုးမိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စိတ်ဝင်စားသော တောင်သူလယ်သမားများ လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး သမဝါယမစွမ်းအားဖြင့် ဆောင်ရွက်ပေး

**မြင့်ဝင်းမောင် (AZ)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သမဝါယမကဏ္ဍမှလည်းပါဝင်၍ ဆောင်ရွက်လျက်ရှိသည်။ အစိုးရသစ်စတင်တာဝန်ထမ်းဆောင်သည့် ပထမရက် (၁၀၀)စီမံချက် ဆောင်ရွက်မှုမှသည် အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် သမဝါယမကဏ္ဍမှ စွမ်းအားပြည့်ဆောင်ရွက်ကြမည်ကိုလည်း တွေ့မြင်နေရသည်။

ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းဆိုသည်မှာလည်း ပြည်သူများ၏ လက်ဝယ်တွင် နိုင်ငံရေးအာဏာရှိပြီး ပြည်သူများကသာ အချုပ်အခြာအာဏာပိုင်သည့် လူ့အဖွဲ့အစည်းပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် လူ့အခွင့်အရေးကို အာမခံပေးသောစနစ်ဖြစ်သည်။ လူ့အခွင့်အရေး လွတ်လပ်မှုနှင့်အတူ ဈေးကွက်လွတ်လပ်မှုကို လက်ခံကျင့်သုံးသော ဈေးကွက်စီးပွားရေးစနစ်သည်လည်း ဒီမိုကရေစီစနစ်နှင့်ဘက်ညီစွာ ကွဲကူးရေပါသဘော ဖြစ်လာသည်။

ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းထဲမှ လူတစ်ဦးချင်းစီ၏ လွတ်လပ်သော ဆန္ဒသဘောအတိုင်း မိမိတို့တန်ဖိုးထားသောနှစ်သက်ရာကို ရွေးချယ်ဝယ်ယူခွင့်ရှိသော ဝယ်သူကို အလေးထားသည့် စီးပွားရေးစနစ်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံသဘောများကို လေ့လာကြည့်ပါက ဈေးကွက်သည် အမှန်တကယ်လွတ်လပ်ရမည်။ မည်သည့်အချုပ်အချယ် အကန့်အသတ်မှ မရှိစေရပါ။ လွတ်လပ်သော ဈေးကွက်စစ်မှန်လျှင် သိပ္ပံနည်းကျသည့် ပြီးပြည့်စုံသောလူသားအကျိုးပြုစီးပွားရေးစနစ်ဟု ဆိုရပါမည်။


သမဝါယမစနစ်၏ မွန်မြတ်သောလုပ်ငန်းများကြောင့် တစ်ကမ္ဘာလုံးပျံ့နှံ့ခဲ့ပြီး ယနေ့အထိ တည်တံ့နေခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု တက္ကသိုလ်ကြီးများတွင် သမဝါယမအခြေခံမှုများဖြင့် တည်ဆောက်ထားသော ဈေးဆိုင်ကြီးများ ယခုတိုင်တည်တံ့လျက်ရှိသည်။ သမဝါယမ အသင်းဝင်များသည် နှစ်စဉ်အစုအပေါ်အမြတ်ငွေ (dividend)များ ရရှိကြသည်။

အီတလီနှင့် ပြင်သစ်တွင်မူ လယ်ယာစိုက်ပျိုးရေး သမဝါယမ လက်ကားရောင်းဝယ်ရေးလုပ်ငန်းများ ထွန်းကားလျက်ရှိသည်။ အခြားအခြားသော နိုင်ငံအသီးသီးတွင်လည်း သမဝါယမအသင်းများက ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုကဏ္ဍအသီးသီးတွင် စီးပွားရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် သမဝါယမစနစ်သည် ခေတ်အဆက်ဆက် မတိမ်ကောသောစနစ်တစ်ရပ်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီစနစ်ဖြင့် လိုက်လျောညီထွေမှုရှိရန် သမဝါယမစနစ်၏ အခြေခံကောင်းများကို ဈေးကွက်စီးပွားရေးစနစ်အတွင်း၌ ရှင်သန်ရပ်တည်နိုင်ရန် လှုံ့လပြုကြရမည်ဖြစ်သည်။

တွေးခေါ်ရှင်ကြီး ရှူးဆိုး (၁၇၁၂-၁၇၇၈)ကလည်း အများကောင်းကျိုးကိစ္စကို ဆုံးဖြတ်ရာတွင် လူနည်းစု၏ ဆန္ဒထက် လူများစု၏ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းက ကောင်းကျိုးဖြစ်ဖို့ပိုများသည်ဟု ဆိုခဲ့သည်။ ထို့ကြောင့် မြန်မာ့သမဝါယမကို အခြေခံမူ(၁၀)ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ဟန်ရှိသည်ဟု ထင်မြင်မိသည်။

အခြေခံမူ (၁၀)ချက်ကို လေ့လာကြည့်သော် -

(၁) ဆန္ဒအလျောက်ပါဝင်သူများနှင့် ဖွဲ့စည်းရန်၊
(၂) လူတစ်ကိုယ် မဲတစ်မဲစနစ်ဖြင့် အများဆန္ဒနှင့်အညီ စီမံခန့်ခွဲရန်၊
(၃) အစုအတွက်ရရှိမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်၊
(၄) အသားတင်အမြတ်ငွေကို အသင်းသားများ၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်၊
(၅) သမဝါယမ၏ သဘောတရားနှင့် နည်းစနစ်များ ပြန့်ပွားရေး ဆောင်ရွက်ရန်၊
(၆) သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊
(၇) အသင်း၏ လူမှုရေးစနစ်နှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာဖြစ်ရန်၊
(၈) အသင်းသားအသင်းဝင်တို့၏ လူမှုအဆင့်အတန်း မြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်၊
(၉) အသင်းသားအသင်းဝင်များသည် အသင်း၏စီးပွားရေးလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊
(၁၀) အသင်းသား အသင်းဝင်များနှင့် အကျိုးတူစီးပွားဖက်အချင်းချင်း လုပ်အားပစ္စည်းတို့ ပူးပေါင်း၍ အများသဘောဆန္ဒဖြင့် စီမံခန့်ခွဲသည့်အဖွဲ့အစည်းဖြစ်ရန် စသည်တို့ဖြစ်သည်။



**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့**

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂) ရက်

(စနေနေ့)

“ အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သမဝါယမစွမ်းအားဖြင့် ဆောင်ရွက်ပေး ”

“ Co-operatives: The power to act for a substainable future ”

သမဝါယမစနစ်၏ အနှစ်သာရသည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲပြီး တန်းတူညီမျှခြင်း၊ တရားမျှတခြင်းနှင့် စည်းလုံးညီညွတ်ခြင်းများဖြစ်သည်။ အမှုဆောင်အဖွဲ့သည် ရိုးသားခြင်း၊ ပွင့်လင်းခြင်းနှင့် လူမှုရေးဆောင်ရွက်ရန်၊ အများအကျိုးအလေးပေးသော ကျင့်ဝတ်သိက္ခာများရှိရန် လိုအပ်သည်။ ထို့အပြင် ဈေးကွက်စီးပွားရေးကို သိရှိနားလည်ရန်လိုအပ်ပြီး ဈေးကွက်စီမံခန့်ခွဲမှုဘာသာရပ်များကို လေ့လာသင်ကြားထားဖို့ လိုအပ်သည်။

ယခုခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အရာရာတွင် ပညာဖြင့်သာ စီမံကြရပါမည်။ ညံ့ဖျင်းသော စီမံခန့်ခွဲမှုသည် အဖွဲ့အစည်းကို ဆုတ်ယုတ်စေသည်။ ညံ့ဖျင်းသောစီမံခန့်ခွဲမှုဆိုသည်မှာ ဘက်လိုက်ခြင်း (bias)၊ လျစ်လျူရှုခြင်း (neglect)၊ အလေးဂရုမပြုခြင်း (inattention)၊ နှောင့်နှေးကြန့်ကြာခြင်း (delay)၊ အရည်အချင်းမရှိခြင်း (incompetence)၊ မကျွမ်းကျင်ခြင်း (ineptitude)၊ ကတ်သီးကတ်သတ်လုပ်ခြင်း (perversity)၊ ယုတ်မာခြင်း (turpitude)၊ ငါတကောကောခြင်း (arbitrariness)စသည်တို့ ဖြစ်သည်။

ရိုးသားမှုနှင့် လူမှုရေးစိတ်ဓာတ်ရှိပြီး စိတ်ရင်းကောင်းသော်လည်း စီမံခန့်ခွဲမှု အားနည်းချို့ယွင်းနေသော သမဝါယမအလုပ်အမှုဆောင်များရှိနေသရွေ့ မြန်မာ့သမဝါယမသည် အောင်မြင်ရန်အခက်အခဲနှင့် ရင်ဆိုင်နေကြရဦးမည်ဖြစ်သည်။ သမဝါယမစနစ်အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် သမဝါယမအသင်းများ၏ အမှုဆောင်လူကြီးများသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်ကြရမည်။ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ရင်းနှီးကျွမ်းဝင်နေကြရပါမည်။ သို့မှသာ ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသော မြန်မာနိုင်ငံ၏ ပကတိအခြေအနေဖြင့် ကိုက်ညီသောသမဝါယမများ ဖြစ်ပေါ်လာပါလိမ့်မည်။

သမဝါယမလုပ်ငန်းများကို ဆောင်ရွက်နေကြသော အသင်းသားများသည်လည်း အတွေးအခေါ်သစ်၊ အယူအဆသစ်များကို မည်မျှလက်ခံနိုင်သလဲအပေါ်တွင် မြန်မာ့သမဝါယမအဆင့်အတန်းသည် တည်မှီနေပါလိမ့်မည်။

ထို့အပြင် ယနေ့ကမ္ဘာကြီး၌ အလေးဂရုပြုနေကြရသော ဂလိုဘယ်လိုက်ဇေးရှင်း၊ ခေတ်ပြိုင်အတွေးအခေါ်များ၊ အယူအဆများ၊ နည်းပညာသစ်များ၊ အိုင်တီနည်းပညာနှင့် ဈေးကွက်ပေါင်းစပ်မှုစသည်တို့နှင့် ယှဉ်ပါးနေကြရပါဦးမည်။

ကြီးကြပ်သူသမဝါယမဦးစီးဌာန ဝန်ထမ်းများသည်လည်း ဗဟိုမှအာဏာပေးအုပ်ချုပ်မှုသည် ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် မထိုက်တန်မသင့်မြတ်ကြောင်း သိရှိကြရပါမည်။ မှန်ကန်သော စီမံခန့်ခွဲမှုရှိရပါမည်။ အလွဲစီမံခန့်ခွဲမှုများ မရှိစေရပါ။ အားနည်းချို့ယွင်းသော စီမံခန့်ခွဲမှု မဖြစ်စေရပါ။ သမဝါယမအသင်းများ၊ မြို့နယ်သမဝါယမအသင်းစုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ဗဟိုသမဝါယမအသင်းတို့ စနစ်ကျသော၊ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများရှိရပါမည်။ ယနေ့ခေတ်ပြိုင် ယဉ်ကျေးမှုလူ့အဖွဲ့အစည်းသည် ဗဟိုချုပ်ကိုင်မှုကို ပယ်ဖျက်သောယဉ်ကျေးမှုဖြစ်ပြီး ဗဟုဝါဒဖွံ့ဖြိုးရန် အစွမ်းကုန်ကြိုးစားနေသည့် ကာလဖြစ်သည်။ သမဝါယမအသင်းများအား လွတ်လပ်စွာ စီမံခန့်ခွဲမှုကို အားပေးသော ဗဟိုချုပ်ကိုင်မှုမရှိသောစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အချုပ်ဆိုရသော် အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် မြန်မာ့သမဝါယမကဏ္ဍမှ စွမ်းအားပြည့်ဆောင်ရွက်ရန်မှာ အထက်တွင်ဖော်ပြပြီးသော ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့နှင့် သဟဇာတဖြစ်ရမည်။ ဤခေတ်ပြိုင် ယဉ်ကျေးမှုရေစီးကြောင်းထဲ၌ ရောနှောဖြစ်တည်နေနိုင်ရပါမည်။ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများ လက်တွဲညီညီဖြင့် တိုင်းပြည်၏ အနာဂတ်ဘဝလှပဖို့ သမဝါယမကဏ္ဍရှိ သမဝါယမလောကသားများ အားလုံးဝိုင်းဝန်း အကောင်အထည်ဖော်ကြရန် အထူးလိုအပ်ပါသည်။ ။

# ထုတ်ကုန်ထုတ်လုပ်ခြင်းနှင့် အရင်းအနှီးများ ထုတ်ပေးခြင်းဖြင့် အောက်ခြေသမအသင်းများ ပြည်သူ့အားကိုးရာဖြစ်လာ

**ရန်ကုန် ဇူလိုင် ၁**

ယခုအခါ အောက်ခြေ ပြည်သူများနှင့် အနီးကပ်ထိတွေ့ လုပ်ဆောင်နေရသော သမဝါယမလုပ်ငန်းအသင်းစုများသည် ထုတ်ကုန်များကို ကိုယ်တိုင်ထုတ်လုပ်လာနိုင်ခြင်းနှင့် အရင်းအနှီးချေးငွေများ ပံ့ပိုးနိုင်မှုများဖြင့် ပြည်သူများအတွက် အားကိုးရာ အခြေအနေမျိုးဖြစ်လာကြောင်း စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်မှ သိရသည်။

“အရင်းအနှီးလိုအပ်တဲ့ သူတွေအတွက် ချေးငွေထုတ်ပေးတယ်။ အပြင်မှာ ၂၀ ကျပ်တိုးဖြစ်နေပေမယ့် အသင်းက နှစ်ကျပ်တိုးနဲ့ ပေးတာကြောင့် ပိုလာတဲ့အတိုးငွေ ၁၈ ကျပ်ဟာ ဝန်ထုပ်ဝန်ပိုးသဖွယ်မဖြစ်တော့ဘဲ သူတို့မိသားစု စားဝတ်နေရေးမှာ အထောက်အကူပြုမှာ ဖြစ်သလို အသင်းရဲ့ တိုးတက်မှုကိုလည်း အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ အသင်းတစ်သင်း တိုးတက်ဖို့ဆိုတာ ထုတ်လုပ်မှုရှိရမယ်။ အဲဒီလို ကုန်ထုတ်လုပ်နိုင်မှုမရှိရင်လည်း မတိုးတက်နိုင်ဘူး။ ဒါကြောင့်လည်း ထုတ်လုပ်မှုအတွက်လည်း လုပ်ဆောင်နေတာဖြစ်ပါတယ်”ဟု စမ်းချောင်းမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြစိုးက ဇွန် ၃၀ ရက်က ပြုလုပ်သည့် အသင်းနှစ်ပတ်လည် အစည်းအဝေး၌ ပြောကြားခဲ့သည်။

ထိုသမဝါယမ၏ အဓိပ္ပာယ်သည် ပါဠိစကားဖြင့် ပြဋ္ဌာန်းတာမျိုးဖြစ်ပြီး အင်္ဂလိပ်အခေါ်အဝေါ်မှာ ပူးပေါင်းဆောင်ရွက်မှုဟူ၍ အဓိပ္ပာယ်ရကြောင်း၊ ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုဟူသည့် အမျိုးအစားသုံးမျိုးဖြင့် ဆောင်ရွက်ကြကြောင်းကို မှတ်သားဖူးကြောင်း၊ တိုင်းဒေသကြီး အစိုးရနှင့်ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သော အချက်များရှိလာပါက မိမိအနေဖြင့် အကူအညီပေးမည်ဖြစ်ပြီး ပြည်သူများအတွက် လိုအပ်ချက်ကို နားထောင်စောင့်ကြည့်လျက်ရှိကြောင်း ယနေ့ခေတ်သမဝါယမအသင်းများသည် စုစည်းစည်းရုံးမှု အားကောင်းရန် လိုအပ်ပြီး အသင်းဝင်များပြားမှ အစုရှယ်ယာငွေလည်း များလာကာ လုပ်ငန်းများ ပိုမိုချဲ့ထွင်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စမ်းချောင်းမဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၅-၂၀၁၆ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ကျွန်းတောလမ်းရှိ အဆိုပါရုံး၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့ရာ ယင်းပုဂ္ဂိုလ်များက အထက်ပါအတိုင်း ပြောကြားကြသလို မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ရီရီကလည်း ဌာန၏ ရပ်တည်ဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာ၊ နှစ်ချုပ်ရှင်းတမ်း၊ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားတင်ပြခြင်း၊ ထောက်ခံအတည်ပြုခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။

ထိုသမဝါယမအသင်းများသည် ယခင်နှစ်ပေါင်း များစွာကတည်းက ပေါ်ပေါက်ခဲ့ပြီး ထိုစဉ်က ဗဟိုဦးစီးချုပ်ကိုင်လက်ဝေခံမှု စနစ်များဖြင့် လုပ်ငန်းလည်ပတ်ခဲ့ရာမှ ကျရှုံးမှုများကြုံခဲ့ရသည်။ ယခုတစ်ဖန် ယခင်ကျရှုံးခဲ့သော အခြေအနေများအပေါ် သုံးသပ်သင်ခန်းစာယူ၍ အသင်းများမှ ကိုယ်တိုင်ထုတ်ကုန်များကို ထုတ်လုပ်၍ အောက်ခြေပြည်သူတို့အတွင်း လိုအပ်ချက်အခြေအနေများကို ဖြည့်ဆည်းဖော်ဆောင်ရန် ကြိုးပမ်းနေကြသည်။

အဆိုပါအသင်းစု လီမိတက်တွင် ယခုအခါ အစုရှယ်ယာများပြားလာမှုကြောင့် Limit လုပ်ထားရသည်အထိ ဖြစ်လာခဲ့ကြောင်းသိရသည်။

မကြာမီကာလတွင်လည်း အောက်ခြေဒေသခံများမှ အရစ်ကျစနစ်ဖြင့် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို ဝယ်ယူနိုင်ရန် မြို့နယ်သမဝါယမအသင်းစု လီမိတက်က ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။ **(စနိုး)**

# မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီး အချုပ်စခန်းများ စစ်ဆေး

**မော်လမြိုင် ဇူလိုင် ၁**

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းမြင့်၊ မွန်ပြည်နယ်တရားရေးဦးစီးမှူး ဦးဌေးဝင်းနှင့် မော်လမြိုင်ခရိုင်တရားသူကြီး ဦးကြင်သောင်းတို့လိုက်ပါလျက် ဇွန် ၂၄ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ပေါ်ရှိ မြိုင်သာယာရဲတပ်ဖွဲ့အချုပ်စခန်း၊ မုပွန်ရဲတပ်ဖွဲ့ အချုပ်စခန်းတို့အားလည်းကောင်း၊ မြို့မရဲတပ်ဖွဲ့အချုပ်စခန်း၊ ဒိုင်းဝန်ကွင်းရဲတပ်ဖွဲ့အချုပ်စခန်းနှင့် ဇေယျာသီရိရဲတပ်ဖွဲ့အချုပ်စခန်းတို့အားလည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြပြီး အချုပ်ခန်းများ လုံခြုံမှု၊ သောက်သုံးရေရရှိမှု၊ သန့်စင်ခန်းများ အခြေအနေတို့ကို စစ်ဆေးကြည့်ရှုကာ အချုပ်ခံထားရသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၃၀၇)**



**❍ မြန်မာ့တပ်မတော်မှ**

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ လာအိုပြည်သူ့တပ်မတော်မှ Col. Bountao Thongmanila နှင့် အရာရှိများ၊ စစ်သံမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီမှ သင်တန်းသားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်။ (မြဝတီ)

ဆက်လက်၍လည်း မြန်မာ့တပ်မတော် ဘော်လီဘောအသင်းနှင့် လာအိုပြည်သူ့တပ်မတော် ဘော်လီဘောအသင်းတို့သည် ဇူလိုင် ၂ ရက် နံနက် ၈ နာရီတွင် ဇေယျာသီရိအားကစားရုံ (B)၌လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် မြန်မာ့တပ်မတော် ပိုက်ကျော်ခြင်းအသင်းနှင့် လာအိုပြည်သူ့တပ်မတော် ပိုက်ကျော်ခြင်းအသင်းတို့သည် ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း ချစ်ကြည်ရေးပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(မြဝတီ)**

❖



စွဲဆိုထားသည့်အမှုများမှ ပြန်လည်လွတ်မြောက်လာသော ဦးဂမ္ဘီရ(ခ) ညီညီလွင်(အလယ်)အား တွေ့ရစဉ်။ (ဓာတ်ပုံ- မာမာလွင်)

**❖ ကျောဖုံးမှ**

အမှု(၂)မှုနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)အရ အမှုဖြင့်စွဲချက်မတင်မီ (၂)မှုလုံးအား လွှတ်သည့်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် သန်လျင်မြို့နယ် တရားသူကြီးရုံး၏ တရားခွင်တွင် ၎င်းအား စွဲဆိုထားသည့် ရာကြီးအမှတ် ၁၂၀၈/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၄၄၈/၄၂၇/၄၅၄ အမှုများနှင့် ပတ်သက်၍ အဆိုပါတရားရုံးမှ ရာဇသတ်ကြီးပုဒ်မ ၄၅၄ အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)အရ အမှုဖြင့်စွဲချက်မတင်မီ လွှတ်မိန့်ချမှတ်ပြီး ရာဇသတ်ကြီးပုဒ်မ ၄၂၇/၄၄၈ အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅(၁)အရ ကျေအေးခွင့်ပြုကာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅(၆)အရ အဆိုပါပြစ်မှုများနှင့်ပတ်သက်၍ အပြီးသတ်လွှတ်သည်ဟု အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဦးဂမ္ဘီရ(ခ) ညီညီလွင်အပေါ် တရားစွဲအရေးယူခဲ့သော အမှု(၃)မှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်း၍ အမှုများမှ လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

## ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာဖြစ်စဉ်တွင် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ ရှိ၊ မရှိ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာရှိ သတ်မှတ်ခွင့်ပြုချက်မရှိသော ယာယီဝတ်ပြုသည့် အဆောက်အအုံအား ဖျက်သိမ်းရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အကြိမ်ကြိမ်ညှိနှိုင်းထားသော်လည်း အဆင်မပြေဖြစ်၍ ယနေ့မွန်းလွဲပိုင်းတွင် ဒေသခံအချို့မှ ဝင်ရောက်ဖျက်ဆီးမီးရှို့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လယ်ပြင်ကျေးရွာမှ ဒေသခံအချို့သည် အဆိုပါ ယာယီဝတ်ပြုသည့် အဆောက်အအုံနေရာသို့ တုတ်၊ ဓားများကိုင်ဆောင်၍ ညနေ ၃ နာရီခွဲခန့်တွင် ရောက်ရှိလာကြကြောင်း၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ အမှတ်(၈)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးတို့ ဦးစီးသည့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များဖြင့် အဆင့်ဆင့်တားဆီးခဲ့သော်လည်း ဒေသခံများက လက်ခံခြင်းမရှိဘဲ ယာယီဝတ်ပြုသည့်အဆောက်အအုံအား ဖျက်ဆီး၍မီးရှို့ကာ ၎င်းနေရာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြကြောင်းနှင့် ဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

အဆိုပါအဆောက်အအုံသည် မြေရာဇဝင်စိစစ်ချက်အရ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်သည့်အတွက် တာဝန်ရှိ အဖွဲ့အစည်းအဆင့်ဆင့်မှ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ၎င်းတို့ကိုယ်တိုင်ဖျက်သိမ်းပေးရန် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း သတ်မှတ်ရက်တွင် ဖျက်သိမ်းခြင်းမရှိသည့်အတွက် ဒေသခံများက မကျေမနပ်ဖြစ်ကာ ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားပြီး အခြေအနေတည်ငြိမ်လျက်ရှိကြောင်း၊ ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများရှိ၊ မရှိကိုပါ စုံစမ်းဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာအမျိုးသမီးများနေ့ကြိုဆိုဂုဏ်ပြု၊ ထူးချွန်သူများဂုဏ်ပြုပွဲနှင့် ရိုးရာဝတ်စားဆင်ယင်မှုပြပွဲကျင်းပ



**ညောင်လေးပင် ဇူလိုင် ၁**

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကျင်းပသော ထူးချွန်သူများဂုဏ်ပြုဆုပေးပွဲနှင့်အမျိုးသမီးငယ်များ၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယနေ့မွန်းလွဲပိုင်းက ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီးငယ်များက မြန်မာတို့ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ပြသခဲ့ကြသည်။

ဆက်လက်၍ ထူးချွန်ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၅၆၈)**

# အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝပုံရိပ်နှင့် အမျိုးသားရေးဝိညာဉ်တို့ထာဝရနိုးထရာ ရန်ကုန်မြို့ ဗိုလ်ချုပ်ပြတိုက်

**ရန်ကုန် ဇူလိုင် ၁**

“တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရ ဖြစ်ရုံနဲ့မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့အဖြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိတက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီဒီမိုကရေစီ အဆင့်အတန်းရောက်အောင် ဘယ်လိုအခြေခံတွေချမလဲ”ဆိုသည့်ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပထမထပ်အထူးအစည်းအဝေးခန်းအတွင်း နေရာယူလျက်ရှိသည်။ ထိုမိန့်ခွန်းမှာ ၁၉၄၇ခုနှစ် မေ ၁၉ ရက်က ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းကို ကိုးကားဖော်ပြထားခြင်းဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ယခု ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၅) ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း) ဗိုလ်ချို(၁) ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ယခု ဗိုလ်ချုပ်ပြတိုက်နေအိမ်၌ မိသားစုနှင့်အတူ ၁၉၄၅ခု နှစ် မေလမှ ကျဆုံးသွားသောနေ့ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ရက်နေ့ အထိနေထိုင်ခဲ့သည်။



ဗိုလ်ချုပ်ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ဧည့်ခန်း။

ပြတိုက်၏မြေကွက်သည် ဘဲဥပုံသဏ္ဌာန်ဖြစ်ပြီး ခြံဝင်းအကျယ်မှာ ၂ ဒသမ ၄၂၃ ဧကရှိကာ ၁၉၂၁ခုနှစ်တွင်ဆောက်လုပ်ခဲ့သည့် အဆောက်အအုံဖြစ်၍ အနောက်တိုင်း ဗိသုကာဟန် ရောနှောတည်ဆောက်ထားသော နှစ်ဆယ်ရာစု ဥရောပပုံစံဖြစ်သည်။ နေအိမ်အဆောက်အအုံမှာ ခြံဝင်းအတွင်း၌ရှိသော ၁၈ ပေမြင့်သည့် ကုန်းပေါ်တွင် တောင်ဘက်သို့ မျက်နှာစာပြုကာ တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုစဉ်က နေအိမ်အား မူလပိုင်ရှင် တရုတ်ဇနီးမောင်နှံ နှစ်ဦးထံမှ ငှားရမ်းနေထိုင်ခဲ့ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ၁၉၄၈ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် ရန်ပုံငွေ ကြီးကြပ်ထိန်းသိမ်းရေးအမှုဆောင်အဖွဲ့က မူလပိုင်ရှင် တရုတ်ဇနီးမောင်နှံထံ ငွေကျပ် သုံးသောင်းပေးချေကာ စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီးနောက်ပိုင်းတွင် ကျန်ရစ်သူမိသားစု ဆက်လက်နေထိုင်ခဲ့သည်။

၁၉၅၃ခုနှစ်တွင် နေအိမ်ခြံဝင်းအတွင်း အရှေ့တောင်ဘက်ရှိ ရေကန်တွင် သားလတ်ဖြစ်သူ အောင်ဆန်းလင်း ရေနစ်သေဆုံးပြီးနောက် မည်သူမျှ ဆက်လက်နေထိုင်ခြင်း မရှိတော့ပေ။( ၁၉၅၅- ၅၆) ခုနှစ်တွင် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန၏ ပထမဆုံးညွှန်ကြားရေးဝန် ဦးသာမြတ်၊ အမျိုးသားပြတိုက် ပြတိုက်မှူးကြီး ဒေါ်ညွန့်ဟန်နှင့် အကြံပေးအရာရှိ Dr. Niharan Rays တို့သည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် နေအိမ်အား အများပြည်သူကြည့်ရှုနိုင်ရေးအတွက် ပြတိုက်အဖြစ် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်၏ ဇနီးဒေါ်ခင်ကြည်ထံမှ ပြတိုက်ပစ္စည်းများအဖြစ် ပြသထားရှိရန် ပရိဘောဂပစ္စည်း ၅၃ မျိုးနှင့် အခြားပစ္စည်းများကို စုဆောင်းနိုင်ခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ဗိုလ်ချုပ်အသက်ရှင်နေထိုင်ခဲ့စဉ်ကာလအတွင်း သုံးစွဲခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ဖတ်ရှုလေ့လာခဲ့သော စာပေများ၊ ဗိုလ်ချုပ်အသုံးပြုခဲ့သော မော်တော်ယာဉ်၊ ဗိုလ်ချုပ်အနားယူ အပန်းဖြေသည့်နေရာ၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ စာကြည့်ခန်း စသည်တို့ကို ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ၁၉၅၇ ခုနှစ်တွင် ပြန်လည်ထူထောင်ရေးတပ်မှ မွမ်းမံပြင်ဆင်ခဲ့ကာ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပြတိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ပြတိုက်အဆောက်အအုံနှင့် နေအိမ်တစ်ခုလုံးကို ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ (၂၅) နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို နေ့စဉ် နံနက် ၈ နာ ရီမှ ညနေ ၅ နာရီအထိ အခမဲ့ ဖွင့်လှစ်ပြသခဲ့သည်။

၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှ စတင်၍ ပြတိုက်ကို အကြီးစားပြင်ဆင်ထိန်းသိမ်းခဲ့သည်။ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများအတွက် နိုင်ငံတော်က ကျပ်သိန်း ၃၀၀ ကျခံသုံးစွဲခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အဆောက်အအုံမှာ မူလက သံကူကွန်ကရစ်မဟုတ်ဘဲ သစ်သားထည်အုတ်ရိုးစီ အဆောက်အအုံသာဖြစ်သည်။ အကြီးစားပြင်ဆင်သည့်အခါ မူလလက်ရာမပျက်စေဘဲ လိုအပ်သောနေရာတွင် ကြံ့ခိုင်မှုအတွက် သံကူကွန်ကရစ်များဖြင့် မွမ်းမံထိန်းသိမ်းခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့်အတူ ပြတိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၂၀၀၇ ခုနှစ်တွင် ပြတိုက်၏ ကြံ့ခိုင်မှုအားနည်းလာခြင်းကြောင့် ခေတ္တပိတ်ထားခဲ့ရာမှ ပြတိုက်အတွင်း ပြုပြင်ဆောင်ရွက်မှုများပြုလုပ်ပြီး ၂၀၁၂ ခုနှစ် မတ်လ ၅ ရက်နေ့မှ စတင်ကာ အများပြည်သူများလေ့လာကြည့်ရှုနိုင်ရန် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ယခု၂၀၁၆ ခုနှစ်တွင်မူ ယခင်နှစ်များက မရှိသေးသည့် လုံခြုံရေးကင်မရာများ တပ်ဆင်ထားသည့်အပြင် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ပိုက်များပါ တပ်ဆင်ထားပြီး ပုံမှန်ပြင်ဆင်မှုများအဖြစ် ပြတိုက်အတွင်း၊အပြင်ဆေးများသုတ်ခြင်း၊ အပေါ်ထပ်တွင် ရေနံချေးသုတ်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင်ယခုနှစ် အာဇာနည်နေ့အမီ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူ သုံးဘက်မြင် ရုပ်တုကို ဗိုလ်ချုပ်ပြတိုက်၌ထားရှိကာ အများပြည်သူများကို ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။



ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား တွေ့ရစဉ်။

ပြတိုက်သို့ ယနေ့လာရောက်လေ့လာသူ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှ မစုစုခိုင်က “ဗိုလ်ချုပ်အကြောင်းကို ကျောင်းသူဘဝတုန်းက စာမှာ သင်ခဲ့ရတယ်။ အသက်ငယ်တော့ ခံစားမှုကနက်နက်ရှိုင်းရှိုင်းမဖြစ်ဘူး။ အခု ဘုရားဖူးထွက်လာခဲ့တဲ့ ခရီးစဉ်မှာ နတ်မောက်မှာရှိတဲ့ ဗိုလ်ချုပ်ရဲ့အိမ်ကို လေ့လာခဲ့ပြီး အခု ရန်ကုန်အိမ်ကိုပါလေ့လာခွင့်ရတယ်။ ရင်ထဲမှာ ဗိုလ်ချုပ်ရဲ့အငွေ့အသက်ကို ခံစားရတယ်။ ဗိုလ်ချုပ်အိမ်မှာ ပြသထားတဲ့ အမှတ်တရတွေကို ကြည့်ပြီးတော့ ဗိုလ်ချုပ်ရှိစဉ်တုန်းကလို ခံစားရတယ်။နတ်မောက်အိမ်ကတော့ နဂိုမူရင်း ရိုးရာမပျက် အကုန်လုံးတွေ့ရတယ်။ ဗိုလ်ချုပ်ငယ်ဘဝ ဖြတ်သန်းခဲ့တဲ့ ဖြစ်စဉ်တွေကိုလည်း မှတ်တမ်းတင်ထားတာတွေ့ရတယ်။ နတ်မောက်အိမ်မှာ ဗိုလ်ချုပ်ဘဝ ဖြစ်စဉ်က ပိုပြီးပီပြင်တယ်လို့ခံစားရတယ်”ဟု သူမ၏အမြင်ကို ပြောပြခဲ့သည်။

ပြတိုက်သို့ဝင်ဝင်ချင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝပြကွက်ရှိသည်။ ထိုပြကွက်ကို ထမင်းစားခန်းနှင့်တွဲကာ ပြသထားသည်။ ထိုမှဆက်သွားလျှင် နိုင်ငံရေးခေါင်းဆောင်ပြကွက်နှင့် ဧည့်ခန်းတို့ရှိသည်။ ထိုမှတစ်ဆင့် အပေါ်ထပ်သို့ တက်ရောက်ပြီး လက်ဝဲဘက်သို့ကွေ့ဝင်လိုက်လျှင် အိပ်ခန်းနှင့် ဗိုလ်ချုပ်၏စာကြည့်ခန်းရှိကာ ထိုအခန်းတွင် ဗိုလ်ချုပ်အောင်ဆန်းဖတ်ရှုသည့်စာအုပ်ပေါင်း ၂၄၀ ကိုပြသထားရှိသည်။ အိပ်ခန်းညာဘက်ထောင့်တွင် ကြောင်လိမ်လှေကားရှိပြီး အထက်တွင် ဘုရားခန်းရှိကာထိုအထပ်ကို အများပြည်သူများကိုဖွင့်လှစ်ပြသထားခြင်းမရှိကြောင်း သိရသည်။ အိပ်ခန်းကထွက်လာပါက အထူးအစည်းအဝေးခန်းမနှင့် ဗိုလ်ချုပ်၏ သားသမီးသုံးဦးတို့၏ခုတင်များကို ပြသထားသည်။

“ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကတော့ တကယ်သက်ရှိထင်ရှားနေထိုင်ခဲ့တဲ့အိမ်ကို သူနေခဲ့စဉ်ကအတိုင်း ပြုပြင်ပြီးပြထားတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့အိမ်ကို လာရောက်လေ့လာခြင်းအားဖြင့် သူ့ရဲ့ခြိုးခြံချွေတာတတ်တဲ့နေထိုင်မှုစရိုက်နဲ့ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်တွေကိုလေ့လာတွေ့ရှိရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ဂုဏ်ယူရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားအားလုံးကို ပြတိုက်ကိုလာရောက်လေ့လာဖို့ဖိတ်ခေါ်ပါတယ်”ဟု ပြတိုက်တာဝန်ခံဦးစီးအရာရှိ ဦးကျော်အေးက ဆက်လက်ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီခွဲ အထိဖွင့်လှစ်လျက်ရှိသည်။ ဝင်ကြေးအနေဖြင့် ပြည်တွင်း ပြည်ပလာရောက်သည့် မည်သူမဆို လူကြီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၊ သံဃာတော်၊သီလရှင်နှင့် ကလေးများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၊ ကျောင်းသား ကျောင်းသူများအား အခမဲ့ သတ်မှတ်ထားသော်လည်း အာဇာနည်နေ့တွင် မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

“နေ့စဉ်ပုံမှန်လာရောက်ကြည့်ရှုသူဦးရေက တစ်ရာဝန်းကျင်လောက် ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတော့ အာဇာနည်နေ့တစ်ရက်တည်းကို လာရောက်လေ့လာသူဦးရေက တစ်သောင်းငါးထောင်ကျော် ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ၄နာရီခွဲမှာ တံခါးပိတ်လိုက်ပေမယ့် အထဲမှာကျန်နေတဲ့သူတွေကို စောင့်ပြီးပြသတော့ ညနေ၆နာရီထိုးအထိ ပြသဖြစ်ခဲ့ပါတယ်။ ပြည်ပခရီးသွား ဧည့်သည်တွေလည်း လာရောက်လေ့လာကြပါတယ်။ ခုရက်ပိုင်းကတော့ တစ်နေ့ကို ပြည်ပခရီးသွားအယောက်၂၀ ကနေ ၃၀ ဝန်းကျင်အထိ လာရောက်ကြပါတယ်။ ခရီးသွားရာသီဖြစ်တဲ့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာတော့ တစ်နေ့ကို အယောက် ၅၀ ကနေ ၇၀ အထိလာရောက်ကြပါတယ်” ဟု ပြတိုက်တာဝန်ခံဦးစီးအရာရှိ ဦးကျော်အေးက ပြောသည်။

မကြာမီ ၂၀၁၆ခုနှစ် (၆၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပပေတော့မည်။ ဇူလိုင်မိုးဖွဲဖွဲများကြားမှပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တစ်ချိန်ကနေထိုင်ရာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ပြည်သူများ လာရောက်ကြကာ ဗိုလ်ချုပ်၏အတိတ်အရိပ်တို့ကို ရှာဖွေ လွမ်းဆွတ်ကြမည်။ နိုင်ငံ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက် အသက်ကိုမငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားခဲ့သူ အာဇာနည်ခေါင်းဆောင်ကြီး၏ ဘဝပုံရိပ်များနှင့် အမျိုးသားရေး ဝိညာဉ်တို့သည်ကား မျိုးဆက်တစ်ဆက်နှင့်တစ်ဆက် လက်ဆင့်ကမ်းပေးရန် မြန်မာပြည်တည်ရှိသရွေ့ အစဉ် နိုးထသက်ဝင်နေမည်ဖြစ်ပါကြောင်း။ ။

**သတင်းဆောင်းပါး -ဝင်းဝင်းမော်၊မြတ်စန္ဒီ**

**ဓာတ်ပုံ-ရဲထွဋ်**





ဗိုလ်ချုပ်ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ထမင်းစားခန်း။

# အချိန်မှန် မိုးရွာသွန်းခဲ့သဖြင့် ရခိုင်ပြည်နယ်ရှိ လယ်ယာလုပ်ငန်းများ အဆင်ပြေ

**မြောက်ဦး ဇူလိုင် ၁**

ယခုနှစ် မိုးရာသီကာလစတင်သည့် ဇွန်လဆန်းတွင် ရခိုင်ပြည်နယ်၌ မိုးပုံမှန်ရွာသွန်းခဲ့သဖြင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရန် အဆင်ပြေခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်တွင် ပြီးခဲ့သည့် စိုက်ပျိုးရာသီများ၌ မိုးရွာသွန်းမှုနောက်ကျခဲ့သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်တွေ့ခဲ့သော်လည်း ယခုနှစ်ဇွန်လအတွင်း မိုးပုံမှန် ရွာသွန်းခဲ့သဖြင့် ယမန်နှစ်ကထက်အချိန်စော၍ လယ်ယာလုပ်ငန်းခွင်သို့ ဝင်နိုင်ခဲ့ကြောင်း ဒေသခံလယ်သမားများက ပြောသည်။

“ဒီနှစ်မိုးရာသီမှာ မိုးစရွာတဲ့အချိန်က ရခိုင်ပြည်နယ်မှာ ပုံမှန်ဖြစ်ခဲ့တယ်လို့ ပြောရမှာ။ မနှစ်က မိုးရွာတာနောက်ကျတယ်။ ဒီနှစ်တော့ ဇွန်လဆန်းကတည်းက မိုးစရွာတဲ့အတွက် လယ်ယာလုပ်ငန်းတွေစောစော လုပ်နိုင်ခဲ့ပါတယ်”ဟု မြောက်ဦးမြို့နယ်မှ လယ်သမား တစ်ဦးက ပြောသည်။

ယခုနှစ် မေလနှောင်းပိုင်းက ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းရွှန်နူကြောင့် ရခိုင်ပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိခဲ့သော်လည်း အဆိုပါ မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်တွင် မိုးများခဲ့သဖြင့် ရေရှားပါးမှုပြဿနာကို အထိုက်အလျောက် ဖြေရှင်းနိုင်ခဲ့ပြီး လယ်ယာလုပ်ငန်းများကိုလည်း စောစီးစွာ စတင်လုပ်ကိုင်နိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် မြောက်ဦးနှင့် ကျောက်တော်မြို့များတွင် ယမန်နှစ်က မိုးရွာသွန်းမှုနောက်ကျပြီး ရက်ရှည် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် လယ်ဧကအများအပြား ရေနစ်မြုပ်ဆုံးရှုံးခဲ့ဖူးသည်။

ယခုနှစ်တွင် အချိန်မှန် မိုးရွာသွန်းခဲ့သဖြင့် လယ်ယာလုပ်ငန်းကိုစောစီးစွာ စတင်နိုင်ခဲ့သော်လည်း ရခိုင်ပြည်နယ်တွင် လယ်ယာလုပ်သားရှားပါးခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး သွင်းအားစုများ ဈေးနှုန်းကြီးမြင့်ခြင်းစသည့် အခက်အခဲများရှိနေဆဲဖြစ်ကြောင်း ဒေသခံလယ်သမားများ ကပြောသည်။ **(သုတ)**





# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း Mr.Keiichiro Nakazawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် JICA Myanmar Office မှ Chief Repersentative ဖြစ်သူ Mr. Keiichiro Nakazawa ဦးဆောင်သည့်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စများ၊ ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်း (National Personnel Authority) နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အဆင့်မြင့်အရာ ထမ်းများကို သင်တန်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပညာသင်ဆု ဆောင်ရွက်ပေးနိုင်မည့် ကိစ္စများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များ၌ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေးကိစ္စနှင့် အရာထမ်းဝင်ပေါက် ရေးဖြေစာမေးပွဲမေးခွန်းပုံစံ ပြောင်းလဲရေးကိစ္စ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များအောက်တွင်ဖွင့်လှစ်မည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy) ၌ ပို့ချမည့် ဘာသာရပ်များတွင် ဂျပန်နိုင်ငံမှ ပါမောက္ခများ၊ ပညာရှင်များ ပါဝင်ကူညီပို့ချပေးနိုင်ရေး သင်တန်းပို့ချဆရာ ဆရာမများကို လေ့ကျင့်သင်တန်းပေးရေးတို့ကို ကူညီပံ့ပိုးပေးရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဒေါက်တာဦးပွားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နွယ်သစ်ပင်များအုပ်ဆိုင်းနေသော ဓာတ်တိုင်၊ ဝါယာကြိုးများ ရှင်းလင်းပြီးဖြစ် ဘုရင့်နောင်ပွဲရုံဝင်း ရေကြီးရေလျှံမှုနှင့် ခြင်အန္တရာယ်ကင်းဝေးရေး လုပ်ဆောင်ပေးစေလို

**ရန်ကုန် ဇူလိုင် ၁**

ဇွန် ၂၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် နွယ်သစ်ပင်များအုပ်ဆိုင်းနေသော ဓာတ်တိုင်ဝါယာကြိုးများ ရှင်းလင်းပေးစေလိုခေါင်းစဉ်ပါ ဓာတ်ပုံနှင့်တကွ သတင်းဖော်ပြပါရှိလာသည်။ ယင်းနေ့ နံနက်ပိုင်းမှာပင် အနောက်ပိုင်းခရိုင်နှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက အမြင့်တက်ပုံးပါယာဉ်နှင့်အတူ အဆိုပါနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပေးနေသည်ကို မြင်တွေ့ရသည်ဟု ယင်းနေရာအနီးနေ အကယ်ဒမီကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးပိုင်ရှင် ဦးအောင်ဇော်သက်က ပြောသည်။

ကြေးမုံသတင်းစာ ဖော်ပြပါရှိမှုနှင့်အတူ လျှပ်စစ်ဓာတ်တိုင်၊ ဓာတ်ကြိုး၊ ထရန်စဖော်မာတိုင်များမှ နွယ်သစ်ပင်များကို နေ့ချင်းပြီး ဖယ်ရှားရှင်းလင်းပေးမှုနှင့်အတူ ပွဲရုံဝင်းအတွင်းမှ တာဝန်ရှိသူများလည်း ဇွန် ၂၈ ရက် မွန်းလွဲပိုင်း၌ ယင်းနေရာသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် စက်အား၊ လူအားဖြင့် ကားလမ်းအစွန်ယာဉ်ကြောပေါ်ရှိ ရေအိုင်များကို အဆောက်အအုံမရှိသေးသော မြေကွက်ထဲသို့ ဖောက်ထုတ်ခဲ့သည်ကို မြင်တွေ့ရသည်။

သို့သော် ကားလမ်းပေါ် ရေသိသာစွာကျဆင်းခြင်းမရှိသဖြင့် ဇွန် ၃၀ ရက်တွင် ထပ်မံလုပ်ဆောင်ရဦးမည်ဟု ပွဲရုံဝင်း NGO အဖွဲ့မှ ဦးအောင်ဇော်သက်က ပြောသည်။

ဇွန်လအတွင်း ရန်ကုန်မြို့တွင်း ငွေကျပ်တစ်ဘီလီယံအကုန်အကျခံကာ ရေကြီးရေလျှံဖြစ်တတ်သော မြို့နယ်များတွင် ကန်ထရိုက်စနစ်ဖြင့် ရေစီးရေလာကောင်းမွန်ရေး အလေးထား ဆောင်ရွက်မှုရှိခဲ့သည်။

သို့သော် မရမ်းကုန်းမြို့နယ်တွင် ယင်းလုပ်ငန်းအတွက် ခွင့်ပြုငွေမှာ ကျပ်သိန်းပေါင်း ၃၀၀ ဝန်းကျင်ရှိသည်။ ဘုရင့်နောင်ပွဲရုံဝင်းသည် အမှတ်(၁) ရပ်ကွက်တွင်ပါရှိသော်လည်း (၁) ရပ်ကွက်အတွင်း ဇွန်လအတွင်းဆောင်ရွက်သည့်လုပ်ငန်း သုံးရပ်တွင် မပါရှိကြောင်း ဇွန် ၁၄ ရက်ထုတ် မြို့တော်သတင်းစာတွင် ဖော်ပြထားချက်အရ သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း မြို့တော်စည်ပင်အနေဖြင့် လုပ်ငန်းလိုင်စင်အပါအဝင် ယာဉ်ဝင်ခွင့်လေလံအစရှိသည်ဖြင့် ဝင်ငွေရရှိမှုများသော်လည်း လျှပ်စစ်၊ ရေမြောင်း၊ သန့်ရှင်းရေးလုပ်ငန်းများကို ပွဲရုံပိုင်ရှင်များ ကိုယ်ထူကိုယ်ထလုပ်ဆောင်နေရဆဲဖြစ်သည်။ မိုးရာသီအတွင်းရောက်ရှိသည်မှာ တစ်လကျော်ရှိလာသော်လည်း လမ်းသွယ်အများစုတွင် ရေမြောင်းများဆယ်ယူမှု အားနည်းနေဆဲဖြစ်သည်။ ရေမြောင်းမရှိသော၊ ရေမြောင်းအင်္ဂါရပ်နှင့် မညီသော၊ အင်တေများဖြင့် ပိတ်ဆို့ပြီးရေစီးရေလာမရှိသော ခေတ်မီအဆင့်မြင့်ပွဲရုံနှင့် အရောင်းကုမ္ပဏီများ၏ တိုက်ကြီးအချို့တွင် ထိရောက်သောအရေးယူမှုအားနည်းသဖြင့် ယင်းနေရာဝန်းကျင်ရှိရေမြောင်းများတွင် ရေအိုင်နေကာ ခြင်ပေါက်ပွားပြီး ကျန်းမာရေးထိခိုက်ခြင်းများရှိနေကြောင်း ယင်းနေရာ၌နေထိုင်သူ ကိုမောင်မောင်တင်က ပြောသည်။

သို့ဖြစ်ရာ သတင်းစာတွင်ဖော်ပြလျှင် နေ့ချင်းပြီး ပြုပြင်လေ့ရှိသည့်အတွက် ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး အလေးပေးလုပ်ဆောင်ချိန် ဘုရင့်နောင်ပွဲရုံဝင်း ရေကြီးရေလျှံမှု ထပ်မံဖြစ်ပွားမှုနှင့်အတူ ခြင်အန္တရာယ် နာရီမလပ် ခံစားနေရမှုတို့မှကင်းဝေးရန် ထည့်သွင်းစဉ်းစားလုပ်ဆောင်ပေးစေလိုသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းနေ လုပ်ငန်းရှင်များက ပြောသည်။

**(မောင်စေအောင်)**



# မင်းဘူး(စကု)မြို့တွင် သောက်သုံးရေသန့်ရှင်းရေး အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေး

**မင်းဘူး ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် မိုးရာသီကာလ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများက ယနေ့တွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဘိတ်ဆေးခတ်ခြင်းကို မြို့ပေါ်ရှိ ရပ်ကွက်လေးရပ်ကွက်နှင့် စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် ရုံးများရှိ ရေသိုလှောင်ထားရှိရာ ရေစည်၊ ရေကန်၊ ရေဆိုးထုတ်မြောင်းများ၊ ရေအိုင်များကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မိုးဦးကာလမှစတင်၍ အဖွဲ့ကြီးငါးဖွဲ့ဖွဲ့ကာ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဘိတ်ဆေးကို စနစ်တကျသုံးစွဲပါက ခြောက်လအထိအာနိသင်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဦးသန်းထွန်းအောင်၏ ပြောကြားချက် အရ သိရသည်။ **ဖိုးပြည့်(မင်းဘူး)**



# ဂန္ထဝင် သက်ကြီးဂီတပညာရှင်ကြီးများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့

**ရန်ကုန် ဇူလိုင် ၁**

ခေတ်အဆက်ဆက် ဂန္ထဝင် သက်ကြီး ဂီတပညာရှင်များ အသက် (၈၀) အထက် ဆရာကြီး ဆရာမကြီးများ အား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၆၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ ဥက္ကဋ္ဌ ဦးတင်ဦးလေးက "ဒီနေ့ပွဲမှာ တက်ရောက်လာကြတဲ့ ဂန္ထဝင် ဂီတပညာရှင်ကြီးတွေဟာ အသက် (၈၀) အထက်ရှိကြပါပြီ။ ပြီးခဲ့တဲ့ ပဥ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲမှာတုန်းကတော့ သက်ကြီးဂီတပညာရှင် ၆၅ ဦး ရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၁၀ ဦး ကွယ်လွန်ခဲ့ပြီး အခုဒီနေ့ပွဲမှာ ကိုးဦး ထပ်တိုးလာတော့ စုစုပေါင်း ၆၄ ဦး ကို ကန်တော့နိုင်တာပါ၊ မြန်မာ့ဂီတလောကမှာ ကြွေလွင့်သွားတဲ့ ဂီတပညာရှင်ကြီးတွေရှိသလို အသက်ကြီးရင့်လာပြီး ထပ်တိုးလာတဲ့ ဂီတပညာရှင်ကြီးတွေလည်း ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ နောင်လာနောက်သား ဂီတလောကသားတွေက ဂါရဝတရားရှေ့ထားပြီး ထောက်ပံ့ပူဇော်သွားမှာပါ" ဟု ပြောကြားသည်။

အဆိုပါ ဂန္ထဝင် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲ၌ မြန်မာ့ဂီတလောကနှင့် စတူဒီယို ဌာနများ၊ နာမည်ကြီးအဆိုတော်များ၊ ပြည်တွင်းရုပ်သံနှင့် အသံလွှင့်ဌာနများမှ သက်ကြီး ဂီတပညာရှင်များ အဖွဲ့အား အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် သက်ကြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ အပူဇော်ခံ သက်ကြီး ဂီတပညာရှင်ကြီးများဖြစ်သော အဘ ဗိုလ်ကလေးတင့်အောင် (ဦးတင့်အောင်)၊ တေးသံရှင် ဒေါ်မာမာဝေ၊ ဒေါ်မာမာအေး၊ ဂီတနက်သန် ဦးအုန်းလွင်၊ တေးသံရှင် ဒေါ်လီလီကြာညွန့်၊ တေးသံရှင် ဦးမောင်မောင်ကြီး၊ ဦးမြင့်စိုး(မြင့်စိုး-ရုပ်ရှင်)နှင့် အခြား နိုင်ငံတော်အဆင့် အသိအမှတ်ပြုခံရသော ဂန္ထဝင် ဂီတပညာရှင်ကြီးများ၏ အမည်စာရင်းနှင့် အတ္ထုပ္ပတ္တိများအား ဖက်ကြားဂုဏ်ပြုခဲ့ကာ တက်ရောက်လာကြသော ဂီတလောကမှ ပညာရှင်များက ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီး ပညာရှင်တစ်ဦးက ဩဝါဒစကားချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**



# မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ (၃)နှစ်ပြည့် နှစ်ပတ်လည်တွေ့ဆုံပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၁**

မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ (၃) နှစ်ပြည့် နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် ထူးချွန်ယာဉ်လိုင်း၊ ယာဉ်မောင်းဝန်ထမ်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့် မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်တို့က အမှာစကား ပြောကြားသည်။ ပြည်နယ်(ယထက) အတွင်းရေးမှူး ဦးကျော်ဝင်းမောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ် (ယထက) ကော်မတီသည် ယာဉ်လုပ်ငန်းလုပ်ကိုင်သူ ယာဉ်ပိုင်ရှင်များက ယုံကြည်အားကိုးပြီး ရွေးချယ်တင်မြှောက်ထားသည့်အတွက် ယာဉ်ပိုင်ရှင်များ ယုံကြည်အားကိုးလောက်သည့် ကော်မတီဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်ပြည်နယ်အတွင်းရှိ (ယထက) အဖွဲ့အစည်းများမှ နှစ်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သာရေး/နာရေးကိစ္စရပ်များ ဘာသာရေး၊ သာသနာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များတွင် လှူဒါန်းထောက်ပံ့ခဲ့သော လှူဒါန်းထောက်ပံ့ငွေကျပ် ၇၁၉၉၁၁၀၅ လှူဒါန်းမှုကို မှတ်တမ်းတင်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများအား မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဦးထွန်းဌေးတို့က ပေးအပ်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ထူးချွန်ယာဉ်လိုင်းဆု ရရှိသော ယာဉ်လိုင်းများ၊ လုပ်ငန်းတိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ (ယထက) အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် ထူးချွန်ဝန်ထမ်းများနှင့် ထူးချွန်ယာဉ်မောင်းများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

ထို့နောက် မွန်ပြည်နယ်အတွင်းရှိ ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် သုံးဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့သော သား၊ သမီး ၁၂ ဦးကို တစ်ဘာသာလျှင် တစ်သိန်းကျပ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၈ သိန်းအား ထောက်ပံ့လှူဒါန်းခြင်းနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင်မှ ဇူလိုင် ၁၅ ရက်တွင် ပျိုးထောင်ရေစတင်ပေးဝေပြီး ယခုနှစ်တွင် စပါး ၇၄ ဧက တိုး၍ စိုက်ပျိုးမည်

**ညောင်ဦး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး ခရိုင် ညောင်ဦးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင်မှ ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီအတွက် ဇူလိုင် ၁၅ ရက်မှစ၍ ပျိုးထောင်ရေ ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှ ဒေသခံတောင်သူတွေရဲ့ ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီမှာ စိုက်ပျိုးထုတ်လုပ်ကြမယ့် သီးနှံတွေ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ဇူလိုင် ၁၅ ရက်ကစပြီး ပျိုးထောင်ရေ စတင်ပေးသွားမှာ ဖြစ်ပါတယ်။ ဒေသခံ တောင်သူတွေအတွက် စိုက်ပျိုးရေ လုံလုံလောက်လောက် ပေးနိုင်ဖို့အတွက် ပင်မရေပေးမြောင်း၊ လက်တံမြောင်းများ၊ လက်ခွဲမြောင်းများ၊ ရေယူအဆောက်အအုံများ၊ စက်ပစ္စည်းများ အားလုံးကိုစစ်ဆေးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးကို ထိထိရောက်ရောက်နဲ့ ရေအလေအလွင့်နည်းပါးအောင် သုံးစွဲနိုင်ဖို့ သက်ဆိုင်ရာဌာနတွေ၊ ဒေသခံတောင်သူတွေနဲ့ ပေါင်းစပ် ညှိနှိုင်းပြီး ရေအသုံးပြုသူများအဖွဲ့ ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီမှာ စပါး ၅၄၄ ဧက၊ အခြားသီးနှံ ၄၁၆ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ စိုက်ပျိုးရာသီမှာ စပါးဧက ၄၇၀၊ အခြားသီးနှံ ဧက ၄၉၀ ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ယခင်နှစ်ကထက် စပါး ၇၄ ဧကကို တိုးပြီးစိုက်ပျိုးသွားမှာပါ" ဟု လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှ ဦးစီးအရာရှိ ဦးသိန်းလင်းက ပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



# မူဆယ်မြို့ မိုင်းယုအထက(ခွဲ)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မူဆယ် ဇူလိုင် ၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်၏ အခြေခံကျောင်းများတွင် အသက် (၁၀) နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရေးစီမံချက်အရ ဇွန် ၂၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကျေးရွာအုပ်စုရှိ အထက်တန်းကျောင်း(ခွဲ) မိုင်းယုကျောင်း၌ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းရှိ ကျောင်းသား ၂၅ ဦး၊ ကျောင်းသူ ၃၆ ဦး စုစုပေါင်း ၆၁ ဦးအား မူဆယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းသိန်း၊ လဝကမှူး ဦးမြင့်ထွန်းနှင့် ဝန်ထမ်းများက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**



ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဇွန် ၂၈ ရက်က ILBC နှင့် အလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပစဉ်။
မင်းမင်းလတ်(မန်းတက္ကသိုလ်)

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်(ရွှေဈေး) ၈၂၂၀၀၀ - ၈၂၂၀၀၀ မန္တလေး(ရွှေဈေး) ၈၂၂၀၀၀ - ၈၂၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၅၅ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၁၀. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၇. ၃၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၅၅၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၄၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၄၆၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၄၄. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၇၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၈. ၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၅. ၉၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အနီရောင်ခြယ်ရွှေရောင်လိုင်းပေါ်က ဒူးရင်းသီးဖက်ရှင် ဖန်တီးသူဒီဇိုင်နာနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-ခင်ဇာလီ
ဓာတ်ပုံ- Idea Magazine

ရှေးယခင်မင်းများလက်ထက်မှစ၍ ဖြတ်သန်းလာခဲ့ကြသည့် ခေတ်အဆက်ဆက်တွင် သူ့ခေတ်နှင့်သူ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဖက်ရှင်များရှိခဲ့ကြသည်။ လှပဆန်းသစ်သည့်ဝတ်စုံများ၏နောက်ကွယ်တွင် ဖန်တီးသူဒီဇိုင်နာ၏ အနုပညာရသများသည် စိမ့်ဝင်လျက်ရှိသည်။ သူတို့သည် သူတို့၏ စိတ်ကူးအိပ်မက်ကနေ ခေတ်တစ်ခေတ်၏ကောက်ကြောင်းကို လှုပ်ခတ်နိုင်စွမ်းရှိကြသည်။ ယခုအချိန်တွင် ပြည်တွင်းမှာပင် ခေတ်ရေစီးကြောင်းအလိုက် လှပဆန်းသစ်သည့်ဝတ်စုံများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖန်တီးပြသနိုင်သည့် ဖက်ရှင်ဒီဇိုင်နာမြောက်မြားစွာလည်း ပေါ်ထွက်နေခဲ့ပြီးဖြစ်သည်။ ယင်းတို့အနက်မှ ယခုတလော ၂၀၁၆ ဇူလိုင်လထုတ် Idea မဂ္ဂဇင်း (၁၅)နှစ်မြောက် နှစ်ပတ်လည်အထူးထုတ်အတွက် ဖန်တီးထားသည့် ဝတ်စုံဒီဇိုင်းများသည် ဆန်းသစ် လှပခြင်းကြောင့် လူကြိုက်များနေပြီး လူမှုကွန်ရက်စာမျက်နှာများတွင်ပါ လူပြောများနေသည့်အတွက် ဖန်တီးခဲ့သူဒီဇိုင်နာ မဇာနည်ဝင်းနှင့် တွေ့ဆုံ၍ သူ၏စိတ်ကူးအနုပညာလက်ရာများအကြောင်းကို မေးမြန်းခဲ့သည်။

**မေး။ ။ အစ်မအနေနဲ့ အနီနဲ့ရွှေရောင် ရောယှက်ထားတဲ့ ဝတ်စုံတွေကို စိန်တွေ၊ ကျောက်တွေနဲ့ မဟုတ်ဘဲ ကြိုးတွေကိုသာအများဆုံးသုံးပြီး ဖန်တီးဖြစ်ခဲ့ပုံလေး ပြောပြပေးပါ။**

ဖြေ။ ။ Idea မဂ္ဂဇင်းရဲ့ ၁၅ နှစ်ပြည့် နှစ်ပတ်လည် theme က ရွှေရောင်နဲ့ အနီရောင် သတ်မှတ်ထားတော့ အဲဒီနှစ်ရောင်ကိုပဲသုံးခွင့်ရှိတယ်။ ကျောက်တွေ၊ စိန်တွေနဲ့ မြင်နေကျဒီဇိုင်းလို မသွားချင်တော့ အရင်ထဲကလုပ်ချင်နေတဲ့ ကြိုးတွေနဲ့ဖန်တီးမှုလေးလုပ်မလား စဉ်းစားမိတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာက လိုအပ်တဲ့ကုန်ကြမ်းက ရှားတယ်။အခု ကြိုးတွေနဲ့ အလှဆင်တော့လည်း လိုချင်တဲ့ အရှည်အလျား၊ လိုချင်တဲ့ကြိုး မရနိုင်တော့ ရနိုင်တဲ့ကြိုးတွေနဲ့ပဲ လှအောင်လုပ်ပြီး ဖန်တီးဖြစ်ခဲ့တာပါ။

**မေး။ ။ ကြိုးတွေကို ဘာလို့ စိတ်ဝင်စားရတာလဲ။**


ဖြေ။ ။ ကြိုးတွေကိုဘာလို့စိတ်ဝင်စားတာလဲဆိုရင် ၂၀၀၉-၂၀၁၀ လောက်က Designer's Design ဝင်ပြိုင်တော့ ရွှေချည်ထိုးပန်းချီကားတွေနဲ့ အင်္ကျီဖန်တီးခဲ့တယ်။ ရွှေချည်ထိုးကောက်ကြိုးတွေကို အလွန်သဘောကျတယ်။ ကြိုးတွေကို အင်္ကျီပေါ်မှာဖန်တီးမှုပြုလုပ်ပြီး ဒီဇိုင်းဖန်တီးလိုက်နိုင်ရင်လှမှာပဲ ဆိုတဲ့စိတ်က ရောက်ရောက်သွားတယ်။ ဒါနဲ့ အစ်မလည်း ကြိုးနဲ့ပတ်သက်တဲ့ ဆန်းသစ်တီထွင်မှုတွေ လေ့လာခဲ့တယ်။ ငါးဖမ်းပိုက်ကြိုးကစပြီး ကိုယ်တိုင်ကြိုးတွေရက်လုပ်နိုင်တဲ့ထိပါ စိတ်ဝင်စားလာခဲ့တယ်။ နောက်ဆုံးချိတ်လိုင်းတွေကို ကြိုးတွေနဲ့ဖော်ပြီးလုပ်သွားဖို့တောင် အစီအစဉ်ရှိခဲ့တယ်။

**မေး။ ။ အခု အစ်မဝတ်စုံကိုဝတ်မယ့် မော်ဒယ်က အေးမြတ်သူအပြင် ပေးထားတဲ့ theme နဲ့လိုက်အောင်လည်း ဖန်တီးယူရတာဆိုတော့ အခက်အခဲတွေရှိခဲ့လား။**

ဖြေ။ ။ အခက်အခဲရယ်လို့တော့ မရှိပါဘူး။ ကုန်ကြမ်းမရနိုင်တာတစ်ခုပါပဲ။ ပြီးတော့ အေးမြတ်သူက အင်္ကျီတစ်ထည်ဝတ်ရင် စိတ်နှစ်၊ ကိုယ်နှစ်ပြီးဝတ်တယ်။ သူ့ကိုယ်ပေါ်မှာလှတဲ့၊ ကောက်ကြောင်းရှိတဲ့ဝတ်စုံမျိုး၊ ပေးထားတဲ့ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျဖြစ်တဲ့အင်္ကျီမျိုးကို သူနှစ်သက်တယ်။ တော်ရုံအင်္ကျီဖြစ်ပြီးရော၊ အလုပ်ဖြစ်ပြီးရောကို ဘယ်တော့မှမလုပ်တဲ့အတွက် အများကြီးစဉ်းစားပေးရတယ်။ သူ့ရဲ့ကောက်ကြောင်းပေါ်မယ့်ပုံစံ၊ သူ့ကိုပံ့ပိုးပေးနိုင်တဲ့ပုံစံမျိုးကို ဖန်တီးပေးရတယ်။

**မေး။ ။ အနီရောင် ညနေခင်းဝတ်စုံအရှည်က အေးမြတ်သူကို ပိုပြီး ယဉ်ယဉ်လေးနဲ့ လှစေတယ်။ ဒီဝတ်စုံဖန်တီးဖြစ်တဲ့ စိတ်ကူးလေးကိုလည်း ပြောပေးပါဦး။**

ဖြေ။ ။ ပထမကတော့ ဒီဝတ်စုံလေးကို ကြိုးတွေအများကြီးနဲ့ Elegant ဂါဝန်အပျော့ပုံစံလေးဖန်တီးချင်တာ။ ဂါဝန်အောက်နားပတ်လည်မှာ ကြိုးတွေ ထည့်ချင်ပေမယ့် အချိန်အရရော၊ ပစ္စည်းအရရော မထည့်လိုက်နိုင်ခဲ့ဘူး။ အဲတော့ ကိုယ်ထည်မှာပဲ ကြိုးတွေအကုန်လုံးခွေပြီး ကနုတ်ပုံစံဖန်တီးလိုက်တယ်။


ဒူးရင်းသီးဖက်ရှင်နှင့် အေးမြတ်သူ။

ပြီးတော့ ပခုံးအလှကိုပြချင်တဲ့အတွက်ကြောင့် ပခုံးပေါ်မှာဘာမှရှုပ်မထားတော့ပဲ သူ့မျက်နှာလေးကို ဂန္ထဝင်ဆန်ဆန်လှပစေတယ်။

**မေး။ ။ ဒုတိယတစ်ထည်ကတော့ ဖေ့စ်ဘွတ်ပေါ်မှာဒူးရင်းသီးဖက်ရှင်လို့ ခေတ်စားနေတယ်နော်။ ပြီးတော့ ဦးထုပ်မှာပါ ဆန်းသစ်ထားတော့ တော်တော်မိုက်တယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ။ ။ အဲဒီဝတ်စုံကို ဂါဝန်အတိုလေးလုပ်ပြီး ကြိုးတွေနဲ့အလှဆင်မယ်၊ အမာဘက်သွားမယ်ဆိုတော့ ကိုယ်ထည်ပိုင်းမှာပဲ ကြိုးတွေကိုကျစ်ပြီး ခွေလိုက်တယ်။ ဒါပေမယ့် ခံစားမှုကလိုနေသေးတော့ ဆူးချွန်လေးတွေကိုသွားပြီး သတိရလိုက်တယ်။ ဆူးချွန်လေးတွေထည့်လိုက်ရင် ပိုပြီးတော့ ပံ့ပိုးမှု အားကောင်းသွားမယ်ဆိုပြီး ဆူးချွန်လေးတွေကိုထည့်လိုက်တယ်။ ဦးထုပ်ပိုင်းကျတော့လည်း တရုတ်သိုင်းကားထဲက ခမောက်ကြီးကို ဘေးမှာပတ်ပတ်လည် ကြိုးတွေထည့်ရင် ကောင်းမယ်လို့ဆန္ဒဖြစ်လာရော။ ဒါနဲ့ ဦးထုပ်ကိုဖရိန်လုပ်ပြီးကြိုးတွေနဲ့ ပတ်လိုက်တယ်။ ပထမအင်္ကျီက ဂန္ထဝင်ဆန်ပေမယ့် ဒီအင်္ကျီကတော့ ဂေါ်လီဆန်တဲ့ အမာလိုင်းဘက်ဦးတည်ထားတယ်။ ဒါပေမယ့် လိုင်းပေါ်လည်းရောက်သွားရော ဒူးရင်းသီးအင်္ကျီလို့ ခေါ်ကြပါလေရော။ (ရယ်လျက်)

**မေး။ ။ Dream Catcher ကွင်းလေးတွေ ထည့်ပြီးအလှဆင်ထားတဲ့ ကတ္တီပါအနီရောင်ဂါဝန်ကလည်း အေးမြတ်သူနဲ့လိုက်ဖက်သလို အမြင်လည်းဆန်းတော့ ဘယ်လိုစိတ်ကူးလေးနဲ့ ဖန်တီးခဲ့တယ်ဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ ။ ဒီဝတ်စုံလေးကိုလည်း တကယ်တမ်းလုပ်ချင်တာက Dream Catcher ကွင်းလေးတွေနဲ့ တစ်ထည်လုံးအပြည့် စပ်ပြီးပြချင်တာ။ ပြောရရင်တော့ အချိန်မရတာရယ်ကြောင့် pattern ကိုပဲ အသားပေးပြီး လှအောင်ဖန်တီးလိုက်ရတယ်။ အမြင်ဆန်းသွားတာက သူများတွေက ပခုံးပေါ်က Super Man အဝဲအရှည်လို့ချကြပေမယ့် အစ်မကချိုင်းအောက်ကနေထည့်ပြီး ထွင်ပေးလိုက်တာကြောင့်လို့ မြင်တယ်။

**မေး။ ။ ရှပ်အင်္ကျီကို crop top ပုံစံလေးလုပ်ထားတဲ့အပြင် အောက်က စကပ်အကားလေးနဲ့ ဖန်တီးဖြစ်တဲ့ စိတ်ကူးကိုလည်းပြောပြပေးပါဦး။**

ဖြေ။ ။ အခု crop top လေးတွေ ဝတ်လာကြတာများပေမယ့် အစ်မက ရိုးရိုး crop top မဟုတ်ဘဲနဲ့ ဟိုတစ်လောကလည်း မြန်မာဝတ်စုံ crop top လေးတွေလည်း လုပ်လိုက်တယ်။ အခုလည်း ရှပ်အင်္ကျီနဲ့ crop top ဝတ်လို့ရတယ်ဆိုတာကို ကြိုးတွေနဲ့ ပိုက်ကွန်ပုံစံထဲမှာ ရွှေရောင်အသီးလုံးတွေ ထည့်ရက်ပြီး လုပ်လိုက်တယ်။ အောက်ကစကပ်အကားလေးမှာလည်း ကြိုးတွေထည့်လိုက်တော့ ဒီအင်္ကျီရဲ့ဖန်တီးမှုရသက အေးမြတ်သူကို အမာလိုင်းဘက်သွားစေတယ်။

**မေး။ ။ ဒီဇိုင်နာအလုပ်က အမြဲအသစ်အသစ်တွေကို ဖန်တီးပြသရတယ်။ ကိုယ်ဖန်တီးလိုက်တဲ့အနုပညာပေါ်မှာလည်း ထူးခြားတဲ့ရသ ခံစားမှုတစ်ခုခု ပေးစွမ်းနိုင်စေတော့ အစ်မအနေနဲ့ ဒီအလုပ်ပေါ်မှာထားတဲ့ခံယူချက်ကို ပြောပြပေးပါဦး။**

ဖြေ။ ။ ဒီဇိုင်နာတစ်ဦးနဲ့တစ်ဦး ခံယူထားတဲ့ ခံယူချက်ကတော့ မတူနိုင်ပါဘူး။ အစ်မအနေနဲ့ ဖြတ်သန်းလာတဲ့နှစ်ကလည်း ကြာခဲ့ပြီ။ ကိုယ့်ကိုယ်ကိုယ် designer's design ပြိုင်ပြီးကတည်းက ငါသည် ဒီဇိုင်နာအလုပ်နဲ့ အသက်မွေးတော့မယ်ဆိုတဲ့အချိန်မှာ ဒီဇိုင်နာဆိုတဲ့ အရည်အချင်းတွေပြည့်အောင် လုပ်ခဲ့တယ်။ အင်္ကျီချုပ်တတ်ရုံ၊ patternဆွဲတတ်ရုံနဲ့တော့ ဒီဇိုင်နာတစ်ယောက်လို့ ခံယူလို့မရဘူး။ အစ်မခံယူချက်ကတော့ ကူးချထားတာမဟုတ်ဘဲ ကိုယ့်ရဲ့ ကိုယ်တိုင်ကိုယ်ပိုင် တီထွင်ထားတဲ့ဒီဇိုင်းတစ်ခုက အများအမြင်မှာ သဘောကျလက်ခံနိုင်ပြီဆိုမှသာ ဒီဇိုင်နာတစ်ယောက်လို့ ခံယူနိုင်တာပါ။

**မေး။ ။ မြန်မာ့ရိုးရာဝတ်စုံတွေကို ပြန်ပြီးဆန်းသစ် ဖန်တီးကြတဲ့အခါ တချို့ပရိသတ်တွေက ယဉ်ကျေးမှုကနေကွဲထွက်တယ်ဆိုပြီး လက်မခံနိုင်တာမျိုးတွေလည်းရှိတော့ ဒီအပေါ်မှာ အစ်မအမြင်လေးကို ပြောပြပေးပါဦး။**

ဖြေ။ ။ ဒီဇိုင်နာတွေ အများဆုံးတာဝန်ယူရတဲ့ ပြဿနာက မြန်မာဆိုတော့ တချို့ဒီဇိုင်းတွေက မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာကနေ ကွဲထွက်အောင် သွေဖည်အောင်လုပ်တယ်၊ ယဉ်ကျေးမှုကို ဖျက်တယ်ဆိုပြီး ပြောကြတယ်။ ဒီပြဿနာက ဒီဇိုင်နာတွေပေါ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်လို့ အစ်မမြင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဇိုင်နာတစ်ယောက်ရဲ့ အတွေးတွေက လွတ်လပ်နေရမယ်။ အစ်မတို့က မြန်မာနိုင်ငံမှာပဲနေပေမယ့် ဖက်ရှင်ဒီဇိုင်နာတွေရဲ့အောင်မြင်မှုက ကိုယ့်နိုင်ငံထဲမှာပဲ ရပ်တန့်နေမှာမဟုတ်ဘူးလေ။ နိုင်ငံတကာအဆင့်မီအောင်လှမ်းရမယ်။ လှမ်းသင့်တယ်။ တံခါးပိတ်ပြီးနေနေလို့မရဘူး။ ပြတင်းပေါက်ဖွင့်ပြီး ကိုယ့်ရဲ့ အလှအပ၊ ယဉ်ကျေးမှု၊ ဆက်နွှယ်ချက်လေးတွေကနေ မြန်မာရဲ့ဖက်ရှင်ကိုပြသင့်တယ်။ တံခါးဖွင့်လိုက်ပြီဆိုရင်တော့ ကောင်းတယ်၊ မကောင်းဘူး မျိုးစုံပြောကြမှာပဲ။ ဂျပန်ဆိုရင် သူတို့ရဲ့ရိုးရာ ကီမိုနိုဝတ်စုံကို ဂါဝန်တိုလေးတွေလုပ်ပြီး အသစ်ပြန်ဖန်တီးကြတာတွေရှိတယ်။ ကိုယ့်ရိုးရာဝတ်စုံတွေကို အရှက်လုံပြီးတော့ အမြင်တင့်အောင် ဆန်းသစ်ထားတဲ့ ဖန်တီးမှုတွေဆိုရင်တော့ ဘယ်ဒီဇိုင်းမဆို လက်ခံကြိုဆိုပေးသင့်တယ်လို့ အစ်မမြင်ပါတယ်။

**မေး။ ။ အစ်မအနေနဲ့ နောက်ထပ် ဖန်တီးပြချင်တဲ့ ဒီဇိုင်းတွေရောရှိလား။**

ဖြေ။ ။ အသက်မကြီးသွားခင် လုပ်နိုင်တဲ့ခွန်အားတွေရှိနေချိန်မှာ အစ်မလုပ်ချင်တဲ့ဖန်တီးမှုက အင်္ကျီတွေမှာ အနုပညာလက်ရာတွေကိုထည့်ချင်တယ်။ အစ်မငယ်ငယ်ကတည်းက ကြိုးတွေရှုးသွပ်တယ်။ leather တွေ ရှုးသွပ်တဲ့အပြင် ပန်းထိုးချည်လေးတွေနဲ့ ပန်းချီဆွဲရတာကို နှစ်သက်တော့ Wedding Dress တစ်ခုလုံးကို ချည်တွေနဲ့ အဝေးကကြည့်လိုက်ရင် 3D ပန်းချီကားပုံစံ ဂန္ထဝင်ဆန်ဆန် ဖန်တီးပြချင်တဲ့စိတ်ကူးရှိပါတယ်။ ပန်းထိုးချည်နဲ့က အသေးစိတ်တစ်ချက်ချင်း ဖန်တီးရတာဆိုတော့ ပန်းချီကားတစ်ချပ်ဆိုရင်တောင် အချိန်ယူရတယ်။ ဂါဝန်တစ်ထည်လုံးဆိုရင်တော့ ငွေအင်အားကော အချိန်ပါ အများကြီးပေးပြီး လုပ်ဆောင်ရမှာပါ။

**မေး။ ။ ဒီဇိုင်နာပညာကိုစိတ်ဝင်စားတဲ့ လူငယ်တွေအတွက် လက်ဆင့်ကမ်း ပညာသင်ပေးတာတွေရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ အစ်မဆီမှာရှိတဲ့ ပညာတွေကို လက်ဆင့်ကမ်းချင်တဲ့အတွက်ကြောင့် သင်တန်းတွေ ပိုပြီးတော့ဖွင့်ဖြစ်တယ်။ ပြန်သင်ပေးရတာ၊ ကိုယ်လုပ်ချင်တဲ့ ဒီဇိုင်းဖန်တီးရတာကို ဝါသနာပါတော့ သင်တန်းသားတွေကိုတတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းပေးတယ်။ အမှတ်(၄၄)ငုဝါလမ်း၊ အလုံမှာဖက်ရှင်ဒီဇိုင်းပညာကို စိတ်ဝင်စားတဲ့လူငယ်တွေအတွက် အခြေခံကနေ ပညာရှင်တစ်ယောက်ဖြစ်လာတဲ့အထိ လာရောက်သင်ကြားနိုင်ပါတယ်။ ။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂-၇-၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ကာတွန်းအစီအစဉ်
"Inside Out" (အပိုင်း-၁)
၆း၅၀ -ဆာဖာရီတိရိစ္ဆာန်ဥယျာဉ်
၇း၀၀ -ကဆက်ဇာတ်လမ်း
"မြညိုချစ်သော ကိုရင်သြ"
(ဒုတိယပိုင်း)
၈း၁၀ MRTV Entertainment Music
၈း၃၀ အဆိုတော်
ဒေါ်မာမာအေး(အပိုင်း-၁)
၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၃၀ သာယာစည်ကား ချောင်းသားသွား
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း
"သတ္တိခွန်အား ပေးသနားပါ"
၁၂း၀၀ -အစီအစဉ်ပြီး၏

၃-၇-၂၀၁၆ (တနင်္ဂနွေနေ့)
✤ မနက် (၁း၃၀)နာရီ -Live: EURO 2016 "Germany Vs Italy"

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိနိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "ပြဟ္မာ့ယာဉ်" တရားတော် [ဆရာတော် အရှင်သုစိတ္တ (မော်ကျွန်း)]
၈း၀၀ Cartoon Series (Go Go Giggles)
၉း၀၀ Drive It
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၆)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၀ Star တို့ရဲ့လက်ရာ
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" (အတို့အလှည့်) (အပိုင်း-၃)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၀၉)
၃း၅၅ သက်တံရောင်အားမာန်သစ် (အပိုင်း-၁)
၅း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁၀)
၇း၁၅ Let's Talk
၇း၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" (အဆိပ်ပင်) (အပိုင်း-၁)
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၇)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ် ရှည်စေလို"(အပိုင်း-၁၀၇+၁၀၈)
၁၁း၀၅ MRTV-4 Stage
၁၁း၃၀ World of Knowledge (Undercovered USA Ghosts)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၂၅ ပျော်ရွှင်လေ့လာနွေရာသီမှာ
၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၅၀ ဟန်ချက်ညီညီ နိုင်ငံတော်သစ် ဆီ
၁၀း၀၀ တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း
၁၀း၁၅ စာပေအလင်းစာပေသတင်း
၁၀း၃၀ Cooking Art
၁၀း၄၅ Happy Time
၁၁း၁၀ English For Myanmar
၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ပန်းသွန်းကဗျာ (ပြေတီဦး၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ၊ ဒါရိုက်တာ-ဝိုင်း
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ အပိုင်း(၇၄)
၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၄၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ Run&Cook
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖေဖေကြီးကိုချစ်တယ် အပိုင်း(၃၄)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖို့ဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၂၃)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-လူ့ရွှင်တော်စတား
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အနားမညီတြိဂံ"အပိုင်း(၁၁)

## စပိန်အသင်းနည်းပြအဖြစ်မှ ဒယ်ဘိုစကေး နုတ်ထွက်မည်

စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တွင် အီတလီအသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း သိရသည်။

အသက်(၆၅)နှစ်အရွယ်ရှိ နည်းပြဒယ်ဘိုစကေးသည် ၂၀၁၀ ကမ္ဘာ့ဖလားကို အသင်း၏ ပထမဆုံးအကြိမ်အဖြစ် ရယူပေးနိုင်ခဲ့သည့်အပြင် ယူရို ၂၀၁၂ ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။ ထို့အပြင် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်လည်း ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့ရာတွင် စပိန်အသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်နှင့်ပင် ထွက်ခဲ့ရသည့်အပြင် ယခု ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ၁၆ သင်းအဆင့်တွင် ထွက်ခဲ့ရခြင်းကြောင့် နည်းပြအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ဒယ်ဘိုစကေးက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်တွင် ချက်အသင်းကို အနိုင်ရရှိခဲ့သည့်အပြင် ပေါ်တူဂီအသင်းကိုလည်း အနိုင်ရရှိခဲ့သည်။ သို့ရာတွင် ခရိုအေးရှားအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် အုပ်စုဒုတိယနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာခဲ့သည်။ သို့ရာတွင် အီတလီအသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ **(ငွေကြယ်)**





## ပေါ်တူဂီအသင်း ယူရို ၂၀၁၆ ဆီမီးဖိုင်နယ် တက်လှမ်း

ပေါ်တူဂီအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပိုလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့၏ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ပိုလန်အသင်းသည် တိုက်စစ်မှူး လီဝမ်ဒေါ့စကီး၏ ပွဲကစားချိန် ၂ မိနစ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၃၃ မိနစ်တွင် ရီနာတိုဆန်းချက်စ်၏ သွင်းဂိုးပြန်လည်ပေးလိုက်ရကာ သာမန်ပွဲကစားချိန်ပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် ထပ်ဆောင်းအချိန်ပို မိနစ် ၃၀ ယှဉ်ပြိုင်ကစားခဲ့သော်လည်း နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ပေါ်တူဂီအသင်းက ပိုလန်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းသည် လက်ရှိတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ပေါ်တူဂီအသင်းအတွက် ယူရိုပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ငါးကြိမ်မြောက်တက်လှမ်းနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် ၁၉၈၄၊ ၂၀၀၀၊ ၂၀၀၄၊ ၂၀၁၂ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ယူရိုပြိုင်ပွဲများတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ပိုလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ရီနာတိုဆန်းချက်စ်သည် ပေါ်တူဂီအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဗိုလန်သမ်နှင့် ရွန်းနီတို့ပြီးပါက ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးနှင့် ဂိုးသွင်းယူနိုင်သည့် တတိယမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။

ဖီဂိုသည်လည်း ပေါ်တူဂီအသင်းဂိုးရရှိရေးအတွက် ဂိုးဖန်တီးပေးမှု ငါးကြိမ်အထိပြုလုပ်နိုင်ခဲ့ပြီး တောင်ပံကစားသမားနာနီထက် ဂိုးဖန်တီးနိုင်မှုတစ်ကြိမ်ပိုခဲ့သည်။ သို့ရာတွင် နာနီသည် ပေါ်တူဂီအသင်းရရှိခဲ့သည့် သွင်းဂိုးအရေအတွက်၏ ၅၀ ရာခိုင်နှုန်းအထိ ဂိုးဖန်တီးပေးနိုင်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်ကိုကြည့်မည်ဆိုပါက ပေါ်တူဂီအသင်းသည် အချိန်ပိုကစားရသည့် အကြိမ်ရေ ခြောက်ကြိမ်အထိရှိခဲ့ပြီး နယ်သာလန်အသင်းမှာ ခုနစ်ကြိမ်ရှိခဲ့ခြင်းကြောင့် အချိန်ပိုကစားရသည့် အကြိမ်ရေ ဒုတိယအများဆုံးအသင်းမှာ ပေါ်တူဂီအသင်းဖြစ်လာခဲ့သည်။ ပေါ်တူဂီအသင်းသည် ပိုလန်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ရာ ဝေလအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ဆီမီးဖိုင်နယ်အဆင့်တွင် ထိပ်တိုက်တွေ့ဆုံရမည်ဖြစ်သည်။ **(အလင်းသစ်)**

## ပေါ့ဘာအား ပေါင် ၈၃ သန်းဖြင့် မန်ယူအသင်း ခေါ်ယူမည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဂျူဗင်တပ် ကွင်းလယ်ကစားသမား ပေါ့ဘာအား ပေါင် ၈၃ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့၏ ကွင်းလယ်ကစားသမား ပေါ့ဘာသည် ၂၀၁၂ ခုနှစ်အတွင်းက မန်ယူအသင်းမှ ဂျူဗင်တပ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ပေါ့ဘာအား မန်ယူအသင်းသို့ ပြန်လည်ခေါ်ယူလိုသော်လည်း ဂျူဗင်တပ်အသင်းက ပေါင် ၈၂ ဒသမ ၈ သန်းထက်လျော့နည်းပါက မည်သည့်အသင်းကိုမျှ ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့ခြင်းကြောင့် မန်ယူအသင်းက ပေါင် ၈၃ သန်းအထိပေး၍ ခေါ်ယူရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမားပေါ့ဘာသည် ဂျူဗင်တပ်အသင်းနှင့်အတူ ဘောလုံးရာသီလေးရာသီကြာ ဖြတ်သန်းခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၄၉ ပွဲပါဝင်ကစားပေးခဲ့သည့်အပြင် သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမားပေါ့ဘာအား ခေါ်ယူရန်ဆန္ဒရှိနေသည့်အပြင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်နှင့် ကွင်းလယ်ကစားသမား ခစ်တာယန်တို့ကိုလည်း ခေါ်ယူရန်စီစဉ်လျက်ရှိသည်။ **(ငွေကြယ်)**



ဇူလိုင် ၂ ရက်ညကစားမည့် ယူရို ၂၀၁၆ ကွာတားဖိုင်နယ်

## ဂျာမနီကိုအခက်တွေ့စေမယ့် အီတလီ

**လာမယ့်ဇူလိုင် ၃ ရက်မှာတော့ ယူရို ၂၀၁၆ ကွာတားဖိုင်နယ်ပွဲတွေကို ဆက်လက်ကျင်းပသွားဖို့ရှိနေကာ အဆိုပါပွဲမှာတော့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ ဂျာမနီနဲ့ အီတလီတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် ဂျာမနီဟာ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့အသင်းဖြစ်တာကြောင့် အီတလီလိုအသင်းကောင်းတစ်သင်းနဲ့ ဆုံတွေ့နေချိန်မှာ နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာကို စောင့်ကြည့်ရဖို့ရှိနေပါတယ်။ ဒီပွဲကိုတော့ ပြင်သစ်နိုင်ငံ ဘော်ဒိုးမြို့မှာရှိတဲ့ Nouveau Stade de Bordeaux ကွင်းအတွင်းမှာ ယှဉ်ပြိုင်ကစားသွားမှာလည်းဖြစ်ပါတယ်။**

| ဂျာမနီ - အီတလီ | |
|---|---|
| ၃-၇-၁၆ | နံနက် ၁း၃၀ |

ဂျာမနီဟာ ဒီပြိုင်ပွဲမှာဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့အသင်းတစ်သင်းဖြစ်သလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ဂျာမနီရဲ့ကွင်းလယ်ပိုင်းကတောင့်တင်းမှုရှိပြီး အသင်းတိုင်းကို ထိန်းချုပ်ကစားနိုင်စွမ်းရှိနေပါတယ်။ ဂျာမနီကွင်းလယ်မှာ အိုလ်ဇေး၊ မူလာ၊ ဒရက်စလာ၊ ခီဒီယာ၊ တိုနီခရူးစ်တို့ခြေစွမ်းပြသနေတာကြောင့်လည်း ဂျာမနီကွင်းလယ်ဟာ အခွင့်အရေးဖန်တီးနိုင်မှုကောင်းမွန်သလို ခံစစ်ပိုင်းကိုအပြည့်အဝအထောက်အကူပေးနိုင်တာတွေ့ရပါတယ်။

အထူးသဖြင့် ဂျာမနီဟာ ဒီပြိုင်ပွဲမှာ ခံစစ်ပိုင်းကစားပုံကောင်းမွန်မှုရှိပါတယ်။ ဂျာမနီရဲ့ခံစစ်မှူးတွေဖြစ်တဲ့ ဘိုတန်၊ ဟမ်မဲတို့ဟာ ဒီပြိုင်ပွဲမှာအကောင်းဆုံးခြေစွမ်းပိုင်းကိုရရှိနေသလို ကွင်းလယ်ပိုင်းက တိုနီခရူးစ်နဲ့ ခီဒီယာတို့ကလည်း ခံစစ်ပိုင်းကိုအထောက်အပံ့ပေးနိုင်တာကြောင့် ဂျာမနီခံစစ်ပိုင်းက ကျစ်လျစ်မှုရှိပြီး ကစားပြီးသမျှ ၄ ပွဲစလုံးဂိုးပေးရခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။

ဒါပေမယ့် ဂျာမနီရဲ့တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေထင်သလောက်တည်ငြိမ်မှုမရှိဘူးလို့ ဆိုနိုင်ပါတယ်။ ဂျာမနီရဲ့ ဗဟိုတိုက်စစ်ပိုင်းမှာ ဂိုမက်ဇ်ကိုအသုံးပြုနေရာမှ ဂိုမက်ဇ်ဟာအုပ်စုတွင်းပွဲစဉ်တွေမှာ တစ်ဂိုးသာသွင်းယူနိုင်ခဲ့သလို ၁၆ သင်းအဆင့်ပွဲစဉ်မှာလည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဂျာမနီကွင်းလယ်က အဆုံးသတ်ပိုင်းကောင်းမွန်တဲ့မူလာဟာ ဒီပြိုင်ပွဲမှာ ဂိုးသွင်းခြေပျောက်ဆုံးနေခဲ့တာကြောင့် ဂျာမနီတိုက်စစ်ဟာ ဂိုးရရှိဖို့ရုန်းကန်နေရပါတယ်။

ဂျာမနီအနေနဲ့ ၁၆ သင်းအဆင့်ပွဲစဉ်မှာ ဆလိုဗက်ကီးယားကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တယ်ဆိုပေမယ့်လည်း အုပ်စုတွင်းပွဲစဉ်တွေမှာ ပိုလန်ကိုဂိုးသွင်းယူနိုင်မှုမရှိခဲ့သလို မြောက်အိုင်ယာလန်ကိုလည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ယူကရိန်းနဲ့ပွဲတုန်းကလည်း နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တယ်ဆိုပေမယ့် ဂိုးရရှိဖို့ရုန်းကန်ခဲ့ရကာ နောက်ဆုံးမိနစ်ရောက်မှ ဒုတိယဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်လို့ ဒီပြိုင်ပွဲမှာ ဂျာမနီရဲ့ အဆုံးသတ်ပိုင်းက ထင်သလောက်ကောင်းမွန်မှုမရှိဘူးလို့ ဆိုနိုင်ပါတယ်။

အီတလီကတော့ ဒီပြိုင်ပွဲမှာမထင်မှတ်ဘဲ ခြေစွမ်းပြသလာတဲ့ အသင်းဖြစ်ပါတယ်။ အီတလီဟာ အုပ်စုတွင်းပွဲစဉ်တွေမှာကတည်းက ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်သလို အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဘယ်လ်ဂျီယံကိုတောင် အနိုင်ကစားနိုင်ခဲ့ကာ ခြေစွမ်းပိုင်းကောင်းမွန်တဲ့ဆွီဒင်လိုအသင်းမျိုးလည်း အနိုင်ယူနိုင်ခဲ့ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာ အိုင်ယာလန်ကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း အဆိုပါပွဲစဉ်မှာ အီတလီဟာ အဓိကကစားသမားအများစုကို အနားပေးခဲ့မှုကြောင့်သာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သလို ၁၆ သင်းအဆင့်မှာလည်း နာမည်ကြီး စပိန်ကိုတောင်မှ နှစ်ဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲမှာ အီတလီရဲ့ ခံစစ်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ အီတလီခံစစ်ရဲ့ ဗဟိုနောက်ခံလူသုံးဦးဖြစ်တဲ့ ဘိုနူချီ၊ ဘာဇာဂလီ၊ ချီယယ်လီနီတို့အားလုံးဟာ ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို တောင်ပံခံစစ်မှူးတွေဖြစ်တဲ့ ဖလော်ရန်ဇီနဲ့ဒီစီဂလီယိုတို့ကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် အီတလီခံစစ်စုဖွဲ့မှုက အကောင်းဆုံးအခြေအနေမှာရှိနေပါတယ်။ အီတလီအနေနဲ့ ဒီပြိုင်ပွဲမှာ စုစုပေါင်းလေးပွဲကစားခဲ့ရာမှာ လူမစုံတဲ့အိုင်ယာလန်နဲ့ တစ်ပွဲတည်းသာဂိုးပေးခဲ့ရပြီး ကျန်ပွဲတွေမှာ ပေးဂိုးလုံးဝမရှိခဲ့ပါဘူး။ အထူးသဖြင့် တိုက်စစ်ကစားပုံကောင်းမွန်တဲ့ စပိန်၊ ဘယ်လ်ဂျီယံတို့ကိုတောင်မှ ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့တဲ့ အီတလီခံစစ်ပိုင်းက အကောင်းဆုံးပုံစံမှာ ရှိနေတာမြင်သာပါတယ်။

ဒါ့အပြင် အီတလီဟာ တန်ပြန်တိုက်စစ်ကိုလည်း အကောင်းဆုံးအသုံးချနိုင်စွမ်းရှိပါတယ်။ အီတလီရဲ့ ၃-၅-၂ ဗျူဟာမှာ တောင်ပံကစားသမားနှစ်ဦးဖြစ်တဲ့ ဖလော်ရန်ဇီနဲ့ ဒီစီဂလီယိုတို့ဟာ ခံစစ်ပိုင်းကို အကောင်းဆုံးဖြည့်စွက်ကစားနိုင်ကြသလို တိုက်စစ်ကိုလည်း လျင်လျင်မြန်မြန် လိုက်ပါကစားနိုင်ကြပါတယ်။ ဒါ့အပြင် ကွင်းလယ်ဗဟိုက ဂီယာချီရီနီနဲ့ ပါရိုလိုတို့ကလည်းတိုက်စစ်ကိုအကောင်းဆုံး လိုက်ပါနိုင်သူတွေဖြစ်တာကြောင့် အီတလီဟာ တန်ပြန်တိုက်စစ်ကိုပုံဖော်ရာမှာ အားကောင်းမှုရှိကာ တိုက်စစ်မှူးပယ်လီကလည်း ဂိုးသွင်းခြေထက်မြက်နေတာကြောင့် ရရှိတဲ့အခွင့်အရေးတွေကိုလည်း အကောင်းဆုံးအသုံးချနိုင်ကာ အီတလီဟာ စပိန်၊ ဘယ်လ်ဂျီယံတို့ကိုတောင် နှစ်ဂိုးပြတ်တွေနဲ့အနိုင်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂျာမနီက ကွင်းလယ်ကစားပုံအသာနဲ့ကစားနိုင်ဖို့ရှိနေကာ အီတလီရဲ့ခံစစ်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ရှိနေပေမယ့်လည်း အီတလီရဲ့ခံစစ်ပိုင်းကောင်းမွန်မှုကြောင့် ဒီပွဲဟာ သွင်းဂိုးနည်းနိုင်သလို မိနစ် ၉၀ အတွင်း အနိုင်အရှုံး အဖြေပေါ်ဖို့လည်း ခက်တယ်လို့ ယူဆမိပါတယ်။

**ရှိုင်းမင်းမင်း**

# ဇေယျာဝတီမြို့၌ ယာဉ်သုံးစီးဆင့်ကဲတိုက်မှုဖြစ်ပွား

**ဖြူး ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီမြို့ ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင်အမှတ် (၁၄၅/၂) နှင့် (၁၄၅/၃) အကြား ဇေယျာဝတီမြို့မ (၁) ဒီမိုရပ်ကွက်တွင် ဇွန် ၃၀ ရက် ည ၁၀ နာရီခန့်က ယာဉ်သုံးစီးဆင့်ကဲတိုက်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မြောက်မှတောင်သို့ ဦးဇော်သန်းဦး (၄၂) နှစ် ဘိုကုန်းရပ်ကွက် ပျဉ်းမနားမြို့နေသူမောင်းနှင်သည့် 2C/----(၁၂) ဘီး နှစ်ဆန်းကုန်တင်ယာဉ် အဖြူရောင်သည် ၎င်းယာဉ်ကြောရှေ့မှ သွားနေသော စက်ဘီးကို ရုတ်တရက်မြင်တွေ့လိုက်၍ ယာဉ်ကို ဘရိတ်အုပ်လိုက်ရာ စလစ်ဖြစ်ပြီး အနောက်ဘက်ယာဉ်ကြောမှ အရှေ့ဘက်ယာဉ်ကြောသို့ ရောက်သွားစဉ် တောင်မှမြောက်သို့ ဦးကျော်ကျော်လင်း (၃၈)နှစ် (၆/၉)ရပ်ကွက် ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်သည့် 3H/---- ရှစ်ဘီး ဒီဇယ်ဂါလန် (၃၂၀၀) ဆံ့ အဖြူရောင် ဘောက်ဆာယာဉ်ခေါင်းကို ပွတ်တိုက်မိ၍ လမ်းအရှေ့ဘက်ဘေးရှိဗာဒံပင်ကို ဝင်တိုက်မိခဲ့သည်။

ဆက်လက်၍ ဦးဇော်သန်းဦး ယာဉ်၏နောက်မှမောင်းနှင်လာသော ယာဉ်မောင်း (အမည်/နေရပ် စုံစမ်းဆဲ) မောင်းနှင်သည့် 9H/----(၁၂)ဘီး နှစ်ဆန်းကုန်တင်ယာဉ် အဝါရောင်က ဦးဇော်သန်းဦး၏ 2C/---- ယာဉ်ကို ဝင်တိုက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် 3H/----ရှစ်ဘီးယာဉ်မောင်း ဦးကျော်ကျော်လင်းသည် (အတွင်းလူနာ/ မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးဇော်သန်းဦးကို ဇေယျာဝတီရဲစခန်းက ယာဉ်(ပ)၁၀/ ၂၀၁၆ ပုဒ်မ-၃၃၈/၃၃၇ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ ဦးဇော်သန်းဦး မောင်းနှင်သည့် (၁၂)ဘီးယာဉ်ပေါ်တွင် ကျွန်းခုတင် ကိုးလုံး (၀ ဒသမ ၃၇၆၂)တန်နှင့် ယာဉ်မောင်း (အမည်/နေရပ် စုံစမ်းဆဲ) ယာဉ်အမှတ်9H/---- (၁၂)ဘီးယာဉ်ပေါ်တွင် ကျွန်းပြတင်းပေါက်တံခါးရွက် ၇၆ ချပ် (၀ ဒသမ ၇၂၈၄)တန်တွေ့ရှိသဖြင့် ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်ဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေး၍ ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

**မူးလျှင် မမောင်းနှင့်**
**မောင်းလျှင် မမူးနှင့်**

# ပုသိမ်မြို့၌ ရှေးဟောင်းပစ္စည်းမျိုးစုံ ကျပ်သိန်း ၂၃၀ ဖိုးခန့် ဖောက်ထွင်းခိုးယူမှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းသိမ်းဆည်းရမိ

**ပုသိမ် ဇူလိုင် ၁**

ပုသိမ်မြို့ အမှတ် (၆) နယ်မြေ အိမ်အမှတ် (၁၆) တဂေါင်းဘုရားလမ်းနေ ဒေါ်သန်းသန်းမေ(ခ)ဒေါ်ရှုဝါ (၆၄) နှစ်သည် ဇွန် ၁၈ ရက်က နေအိမ်ရှိ မိသားစုနှင့်အတူ မန္တလေးမြို့သို့ သွားရောက်ပြီး ဇွန် ၂၁ ရက်တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ နေအိမ်ခြံတံခါးနှင့် အိမ်မကြီးခေါက်တံတားများတွင် အာမခံသော့ခလောက်များပျက်စီးနေ၍ တံခါးများ ပွင့်နေသည်ကို တွေ့ရှိရသဖြင့် ၎င်း၏ နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းအတွင်းမှ မီးခံသေတ္တာကို သွားရောက်ကြည့်ရှုရာ ရွှေထည်ပစ္စည်း ၄၁ မျိုး (ရွှေချိန် ၄၂ ကျပ်သားခန့်)နှင့် ငွေစက္ကူရောရာ ကျပ်တစ်သိန်းကျော်ခန့် အပါအဝင် စုစုပေါင်းတန်ဖိုးကျပ်သိန်း ၂၃၀ ခန့် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည့်အတွက် ပုသိမ်နယ်မြေရဲစခန်းသို့ သွားရောက်အမှုဖွင့်ခဲ့သည်။

နယ်မြေရဲစခန်း၏ စုံစမ်းရှာဖွေဖော်ထုတ်ချက်အရ ပုသိမ်မြို့ (၁၄) ရပ်ကွက် ဥမ္မာဒန္တီ(၁၅) လမ်းနေ လင်းလင်း (၁၉) နှစ်ဆိုသူနှင့် တစ်လမ်းတည်းနေ ယောက်ဖတော်စပ်သူ ကျော်မိုးတို့ကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ထွက်ဆိုချက်အရ လင်းလင်းဆိုသူက ရှစ်လက်မခန့်ရှိ အနီရောင်ဝက်အူလှည့်အပြားဖြင့် အာမခံသော့များကို ဖြတ်တောက်ပြီးဖောက်ထွင်းယူခဲ့ကြောင်း၊ ယောက်ဖတော်စပ်သူ ကျော်မိုးက အပေါက်စောင့်ပေးပြီး သက်သေခံပစ္စည်းများကို ၎င်း၏နေအိမ် အိမ်သာကျင်းအနီး၌ ကျင်းတူး၍ အတာမြေအိုးဖြင့် ထည့်သွင်းမြှုပ်နှံခဲ့ကြောင်း သိရသည်။ အမှုစစ်အရာရှိ ရဲအုပ်သိန်းဇော်ဦးက ဇွန် ၃၀ ရက်တွင် (ပ)၂၀၃/၂၀၁၆ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# အိုးသည်ကုန်းမြို့တွင် အုတ်တံတိုင်းပိမိသဖြင့် လူတစ်ဦးသေဆုံး

**အုတ်ဖို ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့တွင် ဇွန် ၂၉ ရက်က အုတ်တံတိုင်းပြိုပိမိသဖြင့် လူတစ်ဦးသေဆုံးခဲ့သည်။ ဖြစ်စဉ်မှာ ယင်းနေ့ညနေ ၄နာရီခွဲက လမ်းမတော်ရပ်ကွက် လမ်းမတော်လမ်းရှိ ဦးဇေယျာအောင်၏ ကြယ်စင်လင်းဆန်စက်ဝင်းကို ကာရံထားသည့် အုတ်တံတိုင်းဟောင်းဘေးတွင် အသစ်ထပ်မံတည်ဆောက်ရန် ဖောင်ဒေးရှင်းတူးဖော်နေစဉ် ကိုဖိုးဆန်း(ခ) ကိုစိုးဦး (၂၇)နှစ် ကျပန်းလုပ်သား မျောက်လွှတ်ပင်ကျေးရွာ မင်းလှမြို့နယ်နေသူ၏အပေါ်သို့ အုတ်တံတိုင်းဟောင်း လဲပြိုပိမိသဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ရာသို့ အိုးသည်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ အိုးသည်ကုန်းနယ်မြေရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူတွင် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စုံစမ်းစစ်ဆေးရန် အိုးသည်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကို (အုတ်ဖို)**

ဝဝ

# ဆိပ်ဖြူမြို့နယ် အိုင်ကြီးကျေးရွာအနီး၌ ဝါးကားတိမ်းမှောက်၊ ၂၃ ဦး ဒဏ်ရာရ

**ဆိပ်ဖြူ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကဇွန်းမ ကျေးရွာအုပ်စု အိုင်ကြီးကျေးရွာအနီး ဆိပ်ဖြူ-ဆော ကားလမ်း မိုင်တိုင်အမှတ် (၄၁/၅) နှင့် (၄၁/၆) အကြားတွင် ဇွန် ၃၀ ရက် ညနေ ၄ နာရီခန့်တွင် ဝါးကားတစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူမြို့နယ် ကဇွန်းမစခန်း ဒုရဲအုပ်မျိုးမင်းဇော်သည် ဇွန် ၃၀ ရက်တွင် တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဆိပ်ဖြူ-ဆော ကားလမ်း မိုင်တိုင်အမှတ် (၄၁/၅) နှင့် (၄၁/၆) အကြားတွင် ဆောမြို့နယ်ဘက်မှ ဆိပ်ဖြူမြို့နယ်ဘက်သို့ ယာဉ်မောင်း သိန်းသန်းဖြိုးပိုင်(ခ) ငဖြိုးမောင်းနှင်သည့် GMC အမျိုးအစား အဝါရောင်ယာဉ်သည် ဝါးများနှင့် အလုပ်သမား ၄၀ ခန့်ကိုတင်ဆောင်လာစဉ် မော်တော်ယာဉ်ဘရိတ်ပေါက်ပြီး လမ်း၏ယာဘက်သို့ထိုးကျတိမ်းမှောက်ကြောင်း သတင်းရရှိသဖြင့် ဒုရဲအုပ်မျိုးမင်းဇော်နှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်မြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များသွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်တွင်ပါရှိသည့် ထိခိုက်ဒဏ်ရာရရှိသည့်အလုပ်သမား ၂၃ ဦးကို ကဇွန်းမတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ထိုမှတစ်ဆင့် ဆိပ်ဖြူဆေးရုံသို့ဆက်လက်ပို့ဆောင်ပေးသည်။ ၎င်းတို့အနက် သင်းပေါင်းကျေးရွာနေသူများဖြစ်သည့် ဦးလှမိုး၊ မဖြူဖြူသင်း၊ မချိုအေးတို့သည် စိုးရိမ်လူနာအဖြစ်ဆေးကုသမှုခံယူလျက်ရှိရာ ယင်းနေ့ ည ၁၁ နာရီခန့်တွင် စိုးရိမ်ရသော လူနာဦးလှမိုးနှင့် ဇင်ကိုတို့အား မကွေးတိုင်းဒေသကြီးဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့်ပတ်သတ်၍ ယာဉ်မောင်း သိန်းသန်းဖြိုးပိုင်(ခ) ငဖြိုး အသက် (၂၄)နှစ် (ဘ) ဦးရွှေပိုင်အား ကဇွန်းမရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

**စိုးလင်းနိုင်(IPRD)**


**ဖခင်အမည်မှန်**
ပဲခူးမြို့နယ်၊ ကျွန်းသာယာရပ်ကွက်၊ မီးရထားဝင်းနေ မောင်ဟန်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဆွေဝင်း[၁၀/မလမ(နိုင်) ၀၆၄၃၂၃] ဖြစ်ပါကြောင်း။ ဦးဆွေဝင်း
**[၁၀/မလမ(နိုင်)၀၆၄၃၂၃]**

**ပုံစံ(၇) ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နယ်၊ အောက်ကမ္ဘာကျေးရွာအုပ်စု၊ အောက်ကမ္ဘာကျေးရွာနေ ဦးဖိုးတို[၇/ပခန(နိုင်)၁၄၁၅၉၈] (အဘ-ဦးတင်အေး)ကိုင်ဆောင်သူ ပိုင်ဆိုင်သော ကွင်းအမှတ် ၁၄၁၄၊ ကွင်းအမည် အင်းတကာကွင်း၊ ဦးပိုင်အမှတ် ၁/၃-က(၄. ၅၆ဧ) ပုံစံ(၇) မူရင်းမှာ ပျောက်ဆုံးကြောင်း။
**ဦးဖိုးတို [၇/ပခန(နိုင်)၁၄၁၅၉၈]**

**ပုံစံ(၇) ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နယ်၊ အောက်ကမ္ဘာကျေးရွာအုပ်စု၊ အောက်ကမ္ဘာကျေးရွာနေ ဦးထွန်းဝင်း[၇/ပခန(နိုင်)၂၉၀၄၁၁] (အဘ-ဦးသန်းရွှေ)ကိုင်ဆောင်သူ ပိုင်ဆိုင်သော ကွင်းအမှတ် ၁၄၁၄၊ ကွင်းအမည် အင်းတကာကွင်း၊ ဦးပိုင်အမှတ် ၁/၂-ဃ(၃. ၂၄ဧ)နှင့် ဦးပိုင်အမှတ် ၁/၂-ခ(၄. ၆၃ဧ) ၏ ပုံစံ(၇) မူရင်းမှာ ပျောက်ဆုံးကြောင်း။
**ဦးထွန်းဝင်း[၇/ပခန(နိုင်)၂၉၀၄၁၁]**

**နန်းအိအိဇာ တည်းဖြတ်ထုတ်ဝေသည့် အလှအပများနှင့် သို မဂ္ဂဇင်း**



• လှပတဲ့ ဘဝနေထိုင်မှုပုံစံကို ဖော်ညွှန်းတဲ့ Fashion Euphoria
• အရွယ်အရွေးနုပျိုလှပစေမယ့် မိတ်ကပ်လိမ်းခြယ်နည်း
• အိမ်ဆိုတာ လုံခြုံနွေးထွေးမှုရှိတဲ့ နေရာလို့ဆိုတဲ့ ဇော်ပိုင်
• Miss Myanmar World 2016 Bella • အစိပတ်ဖွား ဝေလ
• ခင်စုစုနိုင်ရဲ့ကိုယ်ပိုင်စိတ်ကူး • တွေ့ဆုံစည်းခွင့် ရခဲ့ကြတဲ့ ဖြိုးဝေလှိုင်နဲ့ တင်ဇာမိုးဝင်း • အနုပညာအလုပ်ကို ကြိုးစားနေတဲ့ အလင်းရောင်
• Miss Now How နှင်းရွှေရည် • အေးမြိမ်းဖြူရဲ့ဖက်ရှင်အလှ
• အကောင်းဆုံးတွေကို ချပြနိုင်ဖို့ကြိုးစားနေသူ ဒါရိုက်တာ အောင်မြတ်
• Stylist တစ်ယောက်ဟာ အရေးပါတယ်ဆိုတဲ့ Stylist Swan
• New York Film Academy မှာ သရုပ်ဆောင် ပညာရပ်ကို သင်ခဲ့တဲ့ ဟန်သီ • ဒါရိုက်တာ ပညာရပ်ကို သင်ယူရင်း ယုံကြည်မှု ပိုရလာခဲ့တဲ့ မင်းသန့်မောင်မောင် • မင်္ဂလာအလှူကို မြန်မာနိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ ကင်ဟိုဂျင်း • မိတ္ထီလာစုဘုရား၏ မြေးတော် သမီးတော် ကြီးအား တွေ့ဆုံခြင်း • လွန်းထားထားရဲ့ဝရန်တာပြဇာတ် • လက်ာရည်ကျော်ရဲ့ သားသို့ • မင်းကိုနိုင်ရဲ့ အမေ့တမ်းချင်း
ထွက်ပြီ
အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃ ၀၉ ၇၉၅ ၃၃၄ ၂၅၆

The VOICE weekly
အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ



သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

၁၉၈၀ မှစ၍ အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာဆုံမည်မဟုတ်
SH မြင့်သူထက် YU
DSA DS TA DS MA
UDE
၁၀ တန်းပိုင်း
စည်ပင် စီမံ/ဘဏ္ဍာ ပို့/ဆက် အားကစား/ကျန်းမာ စိုက်/မွေး/ဆည်

**ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း**
ရေယာဉ်ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ပြည့်လှိုင်ကျော် အမည်ရှိငါးဖမ်းစက်လှေ၊ မှတ်ပုံတင်နံပါတ်-၄၃၄၀၊ စုစုပေါင်းတန်ချိန်၆၁. ၁၄အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးကောင်းညွှန့် BM. 001495 အမည်မှ ဦးမောင်မောင်အောင်[၆/ကသန(နိုင်)၀၀၄၃၁၅]အမှတ် ၉၃/၁၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ အမည်သို့ပြောင်းလဲပေး ပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ရက်ပေါင်း (၃၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ဖခင်အမည်မှန်**
ထန်းတပင်မြို့နယ် အ. ထ. က (ကြူတော)သတ္တမတန်းမှ မောင်စောအယ်သောသော၏ ဖခင်အမည်မှန်မှာ ဦးစောလားရှီး [၁၂/ထတပ(နိုင်) ၀၂၅၁၇၈]ဖြစ်ပါကြောင်း။
**ဦးစောလားရှီး**

**ဖခင်အမည်မှန်**
ထန်းတပင်မြို့နယ် အ. ထ. က (ကြူတော) သတ္တမတန်းမှ မောင်နော်ဂေးဝါး၏ ဖခင်အမည်မှန်မှာ ဦးစောသာရွှေ[၁၂/ထတပ(နိုင်) ၀၂၅၄၄၅]ဖြစ်ပါကြောင်း။
**ဦးစောသာရွှေ**

**ဖခင်အမည်မှန်**
ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကျားချောင်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာနေ မောင်စိုးမင်းထက်[၁၄/ရကန(နိုင်)၂၃၄၉၅၂]၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင်[၁၄/ရကန(နိုင်)၁၁၆၉၉၃]ဖြစ်ပါသည်။
**ဦးဇော်မင်းအောင်**

**သံအရည်ကျို၊ ခန်အရည်ကျို၊ ခဲအရည်ကျို၊ ဘိုင်လာနှင့် အပူစွမ်းအင် သုံးစွဲသူအားလုံးအတွက်**
၁။ သံပုရာကန်ဓရန့်ဂျိုးရိုက်ခဲလောင်စာတုံးများ
၂။ ကျောက်မီးသွေးရိုက်ခဲ လောင်စာတုံးများ
၃။ ဓရန့်ဂျိုးအခဲ၊ အမှုန့်၊ ကုန်ကြမ်းများ
၄။ ကျောက်မီးသွေးအခဲကြီးများ - လိုသလောက် မှာယူရရှိနိုင်ပါသည်။
အမှတ် (၃၄၆)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပေါက်ကံစက်မှုဇုန်။
ဖုန်း - ၀၁-၆၉၅၁၈၃၊ ၀၁-၆၉၅၃၁၈၊
၀၉-၄၀၁၅၃၇၃၀၅၊ ၀၉-၇၉၀၅၄၉၆၄၆

**ကန့်ကွက်နိုင်ပါကြောင်း**
အထက်ဖော်ပြပါ ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈လမ်း၊ အမှတ်-၃၄၊ စတုတ္ထထပ်ကို ပိုင်ဆိုင်သူ ဒေါ်လှလှရီ [၁၂/သကတ (နိုင်)၁၆၇၄၀၁]ထံမှ ကျွန်ုပ်မှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသန်းထွန်း[၁၂/သဃက(နိုင်)၀၉၆၂၂၁]**
**အမှတ်-၅၃၊ ဒုတိယထပ်၊ ၁၃၈လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၅၁၆၄၆၁၁၊ ၀၉-၈၆၁၉၀၁၈**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၅)၊ မြေကွက်အမှတ်(၇၃၆)၊ မြေအကျယ်အဝန်း ပေ(၄၃×၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်၊ (အရပ်ခေါ်) အမှတ်(၇၃၆)၊ သန္တာ(၂)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေကွက်နှင့်ပတ်သက်၍**
**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**
အထက်အမည်ပါ မြေကွက်နှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်စမ်းစမ်းမြင့် [၁၂/မရက(နိုင်)၁၃၀၃၀၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းညွှန့်(ဥပဒေတွဲ့) ဦးနိုင်ထွဋ်လင်း (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇) အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**
**ဖူးပွင့်ဝေစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာ ဥပဒေအကြံပေး**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ (၁၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-31116444**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**နိဒါန်း**

၂၈-၆-၂၀၁၆ နေ့စွဲနဲ့ ထုတ်ဝေတဲ့ စောင့်ကြည့်သတင်းဂျာနယ်က သတင်းဆောင်းပါးတစ်ပုဒ် စာအုပ်မျက်နှာစာ လူမှုမီဒီယာပေါ်တက်လာလို့ ဖတ်လိုက်ရပါတယ်။

ခေါင်းစဉ်က "ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၅-၁၆ ပညာသင်နှစ်၌ သမိုင်းဘာသာရပ်ဖြင့် တက်ရောက်သူ မရှိ"တဲ့။ဒါဟာ ပြီးခဲ့တဲ့ တစ်ပတ်မှာရေးခဲ့တဲ့ ကျွန်တော့်ရဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ စာနှစ်ပုဒ်ရဲ့ အဆက်ကိုဖြစ်လာစေပါတယ်။

အဂ်ါနေ့က အတွေးသတ်တဲ့ပညာရေးဖြစ်နေတဲ့အကြောင်းကို ယေဘုယျတင်ပြခဲ့ပါတယ်။ စနေနေ့မှာကျတော့ အခြေခံပညာရေးက စတင်ပြုပြင်ဖို့လိုတဲ့အကြောင်း တွေးကျင့်ကို မူကြိုမူလတန်းကစပြီး လေ့ကျင့်ပေးသွားပါမှ နယ်ပယ်စုံက လုပ်သားအင်အားစုဟာ ဦးနှောက်နဲ့ အင်အားတွေ ဖြစ်လာပြီး တိုင်းပြည်ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးမယ့်အကြောင်း ဇောင်းပေးဆွေးနွေးခဲ့ပါတယ်။

အခုတစ်ပတ် အဲဒီသတင်းဂျာနယ်ပါ သတင်းဆောင်းပါးကြောင့် ပညာရေးနဲ့ ပတ်သက်တဲ့ နောက်ထပ်ရှုထောင့်တစ်ခုကို အစထုတ်ချင်သွားပါတယ်။

**ပညာရေး အလွဲရဲ့ မူလဘူတ**

၁၉၆၄ ခုနှစ် ပညာရေးစနစ်သစ် စတင်ချိန်ကစပြီး အလွဲတွေ စပေါ်လာတာပါ။ အဲဒီ အလွဲကြီးကိုပဲ မီးလောင်ရာ လေပင့်ခဲ့ကြသူ အဲဒီခေတ်က စာရေးဆရာကြီးများလည်း ရှိပါတယ်။ တက္ကသိုလ်လမ်းညွှန်တို့၊ တက္ကသိုလ်ရွှေလိုသော်ဆိုတဲ့စာအုပ်တွေ ထုတ်ခဲ့ကြသပေါ့ဗျာ။ သူတို့က သြဇာရှိတဲ့ ဆရာကြီးတွေဆိုတော့လည်း ပရိသတ်က အဟုတ်မှတ်၊ ကျားကျား မီးယပ်လျှောက်လုပ်ကြတဲ့အခါ အလွဲသံသရာဟာ ၅၂ နှစ်တောင် တိုင်သွားခဲ့ပါပေါ့ ခင်ဗျာ။

၁၉၆၄ ခုနှစ်မတိုင်ခင်အချိန်အထိက ရန်ကုန်တက္ကသိုလ်ဟာ အာရှမှာ အကောင်းဆုံးတက္ကသိုလ် ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတက္ကသိုလ်ကြီးက ဘွဲ့ရတွေကိုလည်း ကမ္ဘာက အသိအမှတ်ပြုခဲ့ကြတယ်။ သို့ပေမယ့် ကံကဆိုးချင်တော့ ပညာကို တန်ဖိုးထားရကောင်းမှန်း မသိသူ၊ ခေတ်ပြိုင်ပညာတတ်တွေကို လွန်စွာမျက်မုန်းကျိုးသူက ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံကိုပါ ဖြိုချဖျက်ဆီးပစ်လိုက်ပါတယ်။

ပညာရေးစနစ်သစ်ကို မိတ်ဆက်တော့ အဲဒီတော်လှန်ရေး ကောင်စီအစိုးရ သက်တမ်းက နှစ်နှစ်သားပဲ ရှိသေးတယ်။ ရွှေဗမာတို့ရဲ့ မင်းလောင်းမျှော်သဘောထားအရသည် နှစ်နှစ်သား အစိုးရဟာဖြင့်ရင် သူတို့အတွက် ကောင်းခြင်းတွေကို ဆောင်ယူလာပေးလေမယ့် မင်းလောင်းအဖြစ် မြင်ကောင်းဆဲပေါ့။ အဲဒီထဲမှာ စောစောက ပြောခဲ့တဲ့ သြဇာရှိ စာရေးဆရာကြီးတွေလည်း ပါခဲ့တာပေါ့။ သူတို့ကလည်း အဲဒီရွှေပညာရေး စနစ်သစ်ကြီးကို ဝိုင်းသြဘာပေးခဲ့တာ သမိုင်းမှာ အထင်အရှားပါ။

**ငါးမျှားချိတ်ကို မမြင်တတ်ခဲ့သူများ**

အဲဒီပညာရေးစနစ်ရဲ့ ငါးစာက တိုင်းပြည်ကို စက်မှုနိုင်ငံ ထူထောင်ရေး။ တကယ့် ငါးမျှားချိတ်က ဝိဇ္ဇာပညာ တိမ်ကောပပျောက်ရေး။ ပရိသတ်က ငါးစာကိုသာ အမိအရဟပ်ကြတယ်။ ငါးမျှားချိတ်ကိုတော့ ယနေ့ထက်တိုင် မြင်တဲ့သူ ရှားမယ် ထင်ပါတယ်။ ၅၂ နှစ်သာ ကြာခဲ့ပါတယ်။ တိုင်းပြည်လည်း စက်မှုနိုင်ငံ ဖြစ်ကိုမလာတာလည်း အထင်အရှား။

ဘယ်လိုပဲဖြစ်ဖြစ် ငါးစာဖြစ်တဲ့ စက်မှုနိုင်ငံထူထောင်ရေး အမြင်နဲ့ကြည့်ရင် သိပ္ပံဘာသာရပ်တွေက အဓိကကျလာတယ်။ တစ်ပြည်လုံး သိပ္ပံ၊ သိပ္ပံဖြစ်ကုန်တယ်။ စိတ်ပါပါ မပါပါ၊ ဝါသနာပါပါ မပါပါ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်ဖို့က တစ်ပြည်လုံးက ကျောင်းသား မိဘတွေနဲ့ ကျောင်းသားတွေရဲ့ အန္တိမရည်မှန်းချက်ပဲ။

ဆရာဝန် အင်ဂျင်နီယာမှ မဖြစ်နိုင်ဘူးဆိုရင်လည်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ တိရစ္ဆာန်ကုသရေးတို့က ဒုတိယဦးစားပေး၊ တတိယဦးစားပေးက ပညာရေးတက္ကသိုလ်၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ စတုတ္ထဦးစားပေးက သိပ္ပံဘာသာတွဲတွေ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အစရှိတဲ့ သိပ္ပံဘွဲ့တွေ။ နောက်ဆုံးကျတော့မှ ဝိဇ္ဇာ ဘာသာရပ်တွေ။ အဲလိုတွေ ဖြစ်ကုန်တယ်။

ပိုလှသွားတာက တက္ကသိုလ်ဝင်ခွင့်ကို ဆယ်တန်းအောင်မှတ်နဲ့ ဖြတ်ချတဲ့စနစ်။ အဲတော့ တိုင်းပြည်ရဲ့ အထက်မြက် အထူးချွန်ဆုံး စာသင်သားတွေဟာ သိပ္ပံသမားတွေ ဖြစ်ကုန်တယ်။ အချာဆုံး စာသင်သားတွေက ဝိဇ္ဇာသမားတွေ ဖြစ်လာတယ်။ ပြောရတာ အင်မတန်မှ အားနာလှပါရဲ့။ ကနေ့ တက္ကသိုလ်တွေက ဝိဇ္ဇာဌာနတွေ၊ သတ္တာ၊ ရုက္ခဌာနတွေမှာ ပါမောက္ခ၊ ဌာနမှူးတွေ လုပ်နေကြသူတွေ အကုန်လုံးမဟုတ်ရင်တောင် အများတကာ့ အများဆုံးတွေဟာ ဆယ်တန်းအတွက် စုစုပေါင်း အမှတ် ၆၀၀ ပေးထားရာမှာ အမှတ်ပေါင်း ၃၀၀-၃၅၀ လောက်နဲ့ အောင်လာခဲ့ကြသူတွေ၊ ဝိဇ္ဇာဌာနတွေမှာဆိုရင် သုံးရာအောက်နဲ့ အောင်လာသူတွေ ဖြစ်နေတာလည်း အမှန်ပါပဲ။

**ဘယ်သူမြတ်သလဲ**

သည်အတွက် မြတ်တာကတော့ နိုင်ငံကိုအုပ်ချုပ် မင်းလုပ်နိုင်လောက်အောင် အရည်အချင်းရှိသူတွေ အရပ်သားထဲက လုံးဝပေါ်ထွက်မလာအောင် အလိုလို ဟန့်တားပြီးသား ဖြစ်သွားတာပါပဲ။

ပြောကြည့်မယ်ဗျာ။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံမှာ ပင်မမဏ္ဍိုင်ကြီး သုံးရပ်ရှိတာ လူတိုင်းအသိပါ။ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တရားဥပဒေပြုရေးပေ့ါ။ အဲဒီမဏ္ဍိုင်သုံးရပ်စလုံး ဘယ်နားလေးမှာများ သိပ္ပံပါပါသလဲ ခင်ဗျာ။ ပြီးတော့ တိုင်းပြည်တစ်ပြည်ရဲ့ တိုးတက်မှုမှာ အခရာကျတာက စီးပွားရေးပါ။ အဲဒါကလည်း သိပ္ပံကိစ္စ မဟုတ်ပြန်ဘူး။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်း မီဒီယာရော ခင်ဗျာ။ စက်ပစ္စည်းပိုင်းသာ သိပ္ပံဖြစ်ပေမယ့် တကယ် တင်ဆက်ထုတ်လုပ်မှုပိုင်းကတော့ ဝိဇ္ဇာဖြစ်တာကို ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။

ပညာရေး စနစ်သစ်ကြီးက နိုင်ငံရဲ့ လူတော်တွေအားလုံးကို သိပ္ပံမြောင်းထဲ သိမ်းကျုံး တွန်းပို့ပေးလိုက်တယ်။ အားလုံးကလည်း ဘုမသိ ဘမသိနဲ့ အဲဒီသိပ္ပံမြောင်းထဲ တပျော်ကြီး ခုန်ချကြတယ်။ ကျွန်တော်တောင် အဲဒီ့ထဲပါခဲ့သေးတယ်။ နိုင်ငံအတွက် တကယ်အရေးကြီးတဲ့ ဝိဇ္ဇာနယ်မှာတော့ ကချလာတွေ၊ ကိုယ်ရည်ကိုယ်သွေး နည်းသူတွေနဲ့ ဖြစ်ကုန်တယ်။

ပိုင်ပြီလေ။ သည်အခါမှာ ဟိုလူကြီး လက်သပ်မွေးခဲ့သူများရဲ့ အခန်းကဏ္ဍက အလိုလိုအရောင်ထွက်လာတယ်။ သူတို့က အုပ်ချုပ်ရေး၊ ကွပ်ကဲရေးပိုင်းကို တစ်ချိန်လုံး သင်ကြားလေ့ကျင့်ထားကြရသူတွေ၊ ရာထူး တစ်ဆင့်ကတစ်ဆင့်တက်ဖို့တောင် အုပ်ချုပ်ရေးသင်တန်း၊ ကွပ်ကဲရေးသင်တန်းတွေ အလီလီတက်ခဲ့ကြပြီးသား။ သည်အခါမှာ တိုင်းပြည်မှာ လစ်ဟာနေတဲ့ အုပ်ချုပ်စီမံမှုနေရာတွေကို သူတို့နဲ့ ဖြည့်တင်းထားလိုက်ကြပါတော့တယ်။

သူတို့တွေဟာ အုပ်ချုပ်ရေးမှာတော့ ဟုတ်တုတ်တုတ် ရှိပါရဲ့။ အတိအကျပြောရင်တော့ အုပ်ချုပ်ရေးဆိုတာထက် ကွပ်ကဲရေးဆိုရင် ပိုမှန်ပါလိမ့်မယ်။ သူတို့အလုပ်ရဲ့ ပင်ကို သဘာဝအရကို ခေတ်မီအုပ်ချုပ်စီမံရေး ပုံစံတွေဖြစ်တဲ့ ဒီမိုကရေစီနည်းကျ စီမံမှုပုံစံ၊ လွှတ်ပေးထားတဲ့ပုံစံတွေကို အချိုးညီညီ ကျင့်သုံးဖို့ထက် အာဏာပေးတဲ့ ပုံစံ၊ နေရာတကာဝင်ပါ၊ ဝင်ဆုံးဖြတ်တဲ့ ပုံစံကိုသာ ပိုပြီး တတ်ကျွမ်းကြတာမို့ ကွပ်ကဲရေးလို့ ပြောလိုက်တာ ဖြစ်ပါတယ်။အဲဒီ့ပုံစံတွေက သူတို့အဖွဲ့အစည်းအနေအထား ဂွပ်ခနဲ အံကျနေပေမယ့် နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်စီမံရာမှာတော့ ဟန်မကျ လှပါဘူး။ (ဒါက လေ့ကျင့်သင်ကြားမှုအရ ပြောတာသာ ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ သာစေ နာစေ သဘော မပါပါဘူး။)

အဲသည်အတွက် တိုင်းပြည်မယ် အထိနာသွားရတာကတော့ စီမံခန့်ခွဲပုံလွဲချော်မှုနဲ့တစ်ကွ လစ်ဟာကုန်တဲ့ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့ပဲ ဖြစ်ပါတော့တယ်။ စီမံခန့်ခွဲပုံလွဲတော့ စီးပွားရေးက ထိုးကျသွားခဲ့တယ်။ တရားဥပဒေပြုရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင်တွေမှာ ချာတူးလန်ကုန်တဲ့အတွက် တရားဥပဒေစိုးမိုးရေးက အားနည်းလာတယ်။ တစ်ဆက်တည်းမှာ စတုတ္ထမဏ္ဍိုင်ကိုပါ ပိတ်ဆို့ထားလိုက်တဲ့အခါ တိုင်းပြည်ဟာ စုန်းစုန်းနစ်သွားပါတော့တယ်။

**သိပ္ပံသမားဟာ အခစား၊ ဝိဇ္ဇာသမားမှ သမ္မတ**

ပြောရတာ သိပ်အားနာပါတယ်။ နိုင်ငံခြားက သိပ္ပံနဲ့ သက်ဆိုင်ရာဧတဒဂ်ဘွဲ့တွေ သုံးလေးခု ကိုင်ထားသူများထဲက လုပ်ငန်းရှင်ဖြစ်လာသူ၊ စီးပွားရေး လုပ်ငန်းကြီးတွေကို ဦးစီးနေသူဆိုတာ ဘယ်နှယောက်များ တွေ့ဖူးကြပါသလဲ။ အဲလိုလူတွေဟာ အခကြေးငွေအမြင့်ဆုံးရတဲ့ လုပ်ခစားတွေချည်းပါပဲ။ တစ်နည်းပြောရရင် ကျွန်တွေပါပဲ။ အင်ဂျင်နီယာကြီးပဲ ဖြစ်ဖြစ်၊ ပါရဂူ ဆရာဝန်ကြီးပဲဖြစ်ဖြစ်၊ ကမ္ဘာ့ အသိအမှတ်ပြုတက္ကသိုလ်ကြီးတစ်ခုခုက ပါမောက္ခကြီးပဲဖြစ်ဖြစ် သူတို့တွေဟာ လုပ်ခအကြီးဆုံးရနေကြတဲ့ အခစားတွေက များပါတယ်။ ဂုဏ်ကတော့ မြင့်ပါတယ်။ ဒါပေမယ့် အုပ်ချုပ်သူ လူတန်းစားမှာတော့ပါလေ့မရှိပါဘူး။ ပါလိုစိတ်လည်း ပါးလျသွားပါတယ်။ ပညာကို တန်ဖိုးထားမိလေပြီကိုး။ အဲတော့ ဥပဒေပညာရှင်ကလွဲရင် ကျန်ပညာရှင်တွေဟာ သခင်ဖြစ်ကိန်း နည်းပါးလှပါတယ်။

နိုင်ငံအသီးသီးက နိုင်ငံ့ခေါင်းဆောင်တွေကို ကြည့်လိုက်ရင်တော့ မြင်ပါလိမ့်မယ်။ ကမ္ဘာကျော် မဟတ္တမဂန္ဒီရော၊ နယ်လဆင်(န်) မယ်(န်)ဒဲလားပါ ရှေ့နေအတတ်နဲ့ အသက်မွေးခဲ့ကြတဲ့ ဥပဒေပညာ (ဝိဇ္ဇာ)ပညာကို သင်ယူတတ်မြောက်ထားကြသူများ ဖြစ်ပါတယ်။ စင်ကာပူကို ထူထောင်ခဲ့တဲ့ လီကွမ်ယူ၊ လက်ရှိ အမေရိကန် သမ္မတ၊ အခုသမ္မတရွေးကောက်ပွဲဝင်မယ့် ဟီလာရီ၊ သူ့ခင်ပွန်း သမ္မတဟောင်း ဘီ(လ်) ကလင်တန်တို့ဟာလည်းပဲ ဥပဒေကို သင်ယူတတ်မြောက်ထားကြပါတယ်။ အခု ဥရောပသမဂ္ဂက ထွက်ဖို့ဘက်ကို မဲတင်းသွားတဲ့ ဆန္ဒခံယူပွဲကြောင့် ရာထူးက နုတ်ထွက်တော့မယ့် ဗြိတိသျှနန်းရင်းဝန် ဒေးဗစ်(ဒ်) ခယ်မရာ(န်)ကျတော့ ဒဿနိက၊ နိုင်ငံရေး၊ စီးပွားရေး ဘာသာရပ်အထူးပြုများနဲ့ ဝိဇ္ဇာဘွဲ့ရရှိသူ ဖြစ်ပါတယ်။ လက်ရှိ ထိုင်ဝမ် အမျိုးသမီး သမ္မတကတော့ ဥပဒေ ပါမောက္ခပါ။ ထိုင်းနိုင်ငံရဲ့ လူထုရွေးကောက်မှုနဲ့ နောက်ဆုံးတက်လာခဲ့သူ ဝန်ကြီးချုပ်ဟောင်း ရင်လတ် ရှင်နာဝပ်ထရာဆိုရင်လည်း ဝိဇ္ဇာဘွဲ့ကို နိုင်ငံရေးသိပ္ပံ၊ လူထုအုပ်ချုပ်ရေး ဘာသာရပ်သင်ကျောင်းက ရရှိခဲ့တာဖြစ်သလို မဟာဝိဇ္ဇာဘွဲ့ကို လူထုအုပ်ချုပ်ရေး ဘာသာနဲ့ရခဲ့သူဖြစ်ပါတယ်။ ရောမမြို့ရဲ့ သက်တမ်း နှစ်ပေါင်း ၂၈၀၀ အတွင်း ပထမဆုံး အမျိုးသမီး မြို့တော်ဝန်အဖြစ် မကြာသေးခင် ရက်ပိုင်းအတွင်းက ရွေးကောက်တင်မြှောက်ခံခဲ့ရသူ အမျိုးသမီးကလည်း ဥပဒေဘွဲ့ရ ရှေ့နေပဲခင်ဗျ။

အရာတိုင်းမှာ ခြွင်းချက်ရှိစမြဲမို့ လက်ရှိဂျာမနီ နန်းရင်းဝန် အိန်ဂျလာမာကယ်လ်ဟာဖြင့် သိပ္ပံပါရဂူဘွဲ့ရထားသူ ဖြစ်ပါတယ်။ ပါရဂူအဆင့်လောက်ရောက်ပြီဆိုရင်တော့ သိပ္ပံသမားလည်း ပုံသေကားချ မဟုတ်တော့ဘဲ ကျိုးကြောင်း ဆင်ခြင်စွမ်းပိုကြီးလာတဲ့သဘောကို တွေးမိရတယ်။ နောက်ပြီးတော့ လက်ရှိ ကိုရီးယားသမ္မတ အမျိုးသမီးသည်လည်း သိပ္ပံဘွဲ့ရပါပဲ။ သူကကျတော့ အဖေ သမ္မတရော၊ အမေ သမ္မတကတော်ပါ လုပ်ကြံခံခဲ့ရဖူးတာမို့ လူထုရဲ့ ကရုဏာကို ရထားသူဆိုတဲ့ အရှိန်လေးရှိနေတာရယ်၊ ရုရှားဘာသာစကားကို မွတ်နေအောင် ပြောတတ်တဲ့အတွက် ဆုတွေတသီကြီးရဖူးတဲ့အချက် (ဝိဇ္ဇာပညာနဲ့ ယဉ်ပါးမှု) ရယ်ကို ထည့်တွက်ဖို့ လိုမလား မသိဘူး။

**စင်ကာပူရဲ့ ပါးနပ်မှု**

ဝိဇ္ဇာရဲ့တန်ဖိုးကို စင်ကာပူက ကောင်းကောင်းသိတယ်။ စင်ကာပူနိုင်ငံတော်တက္ကသိုလ်မှာ ဘယ်သိပ္ပံဘာသာရပ်ကိုမဆို အရည်အချင်းမီရင် ဘယ်နိုင်ငံသားမဆို တက်ခွင့်ရှိပေမယ့် ဘယ်ဝိဇ္ဇာဘာသာရပ်ကိုမှ ဘယ်လောက်ထူးချွန်တဲ့ နိုင်ငံခြားသားဖြစ်ပါစေ တက်ခွင့်မပေးပါဘူး။ ဒါဟာ စင်ကာပူနိုင်ငံရဲ့ ပါးနပ်မှုပါပဲ။

ရည်ရွယ်ချက်က အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးပိုင်းမှာ စင်ကာပူနိုင်ငံသားတွေသာ နေမယ်။ သူတို့ကသာ အရှင်သခင်ဖြစ်ရမယ်။ သူတို့ခိုင်းတာ လုပ်မယ့် တခြား ပညာရှင်တွေ (ဝါ) ကျွန်တွေကတော့ တခြားနိုင်ငံသားတွေသာ ဖြစ်နေလည်း ကိစ္စမရှိဘူးဆိုတဲ့ သဘောပဲဆိုတာ ထင်ရှားပါတယ်။

**လူတွေ စဉ်းစားကြ၊ စဉ်းစားကြ**

သွားလေသူရောင်းရင်းကြီး ကိုမောင်သစ်မင်း ရေးခဲ့တဲ့အတိုင်း ကျွန်တော်တို့ လူတွေ စဉ်းစားကြဖို့ အချိန်တန်ပါပြီ။ ဝိဇ္ဇာ နောက်တန်းပို့ရေး စီမံကိန်းမဟာကြီးဖြစ်လေတဲ့ ဆိုရှယ်လစ်ပညာရေးကြီးရဲ့ အကျိုးဆက်ကို တပြည်လုံး ခံစားခဲ့ကြရပါပြီ။ အဲဒါကြီး ဆက်သွားနေပြီး ၆ ဘာသာ ဂုဏ်ထူးရှင်များစွာ၊ အမှတ်ပေါင်း ၅၀၀ ကျော် ရထားသူများစွာဟာလည်း ပတ်ဝန်းကျင်ရဲ့တန်ဖိုးထားမှုအတိုင်း ရေတိုအတွက် တွက်ဆထားတဲ့ အခစား လမ်းကြောင်းပေါ် ဆက်သွားနေကြပါလိမ့်မယ်ဆိုရင်ဖြင့် ကျွန်တော်တို့ နိုင်ငံဟာ ဖွတ်သထက် ညစ်ကုန်ပါလိမ့်မယ်။

ထူးချွန်ထက်မြက်သူ လူငယ်လေးတွေကို နိုင်ငံတကာ အဆင့်မီ ဝိဇ္ဇာဘာသာရပ်များ သင်ယူရေးအတွက် တိုက်တွန်းအားပေးကြဖို့ လိုပါပြီ။ အားသာချက်တစ်ချက်က ဝိဇ္ဇာပညာရပ်ဟာ နိုင်ငံတကာ တက္ကသိုလ်များထံမှ စာပေးစာယူ စနစ်၊ အင်တာနက်မှတစ်ဆင့် သင်ယူတဲ့ စနစ်များနဲ့ ရယူသင်ကြားဖို့ ခုကာလမှာ မခက်ခဲတော့ပါဘူး။

ကိုယ့်သားသမီးကို ကျွန်ဖြစ်စေချင်လား၊ သခင်ဖြစ်စေချင်လားလို့ သွားမေးရင် မေးတဲ့သူကို ဂြိုဟ်ကြည့် ကြည့်ကြမှာပါ။ ဒါပေမယ့် ကိုယ်ရွေးပေး၊ ကိုယ်ဇောင်းပေးတဲ့လမ်းက ကိုယ့်သားသမီးအတွက် ဘယ်လမ်းမျိုးဖြစ်မယ်ဆိုတာကို မိဘတိုင်း ဆင်ခြင်သင့်ကြပြီ ဖြစ်တဲ့အကြောင်း မရဲတရဲနဲ့ ပြောကြည့်လိုက်ပါတယ်။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားမယ်လို့ မျှော်လင့်နေမိကြောင်းပါခင်ဗျား။

> "ကိုယ့်သားသမီးကို ကျွန်ဖြစ်စေချင်လား၊ သခင်ဖြစ်စေချင်လားလို့ သွားမေးရင် မေးတဲ့သူကို ဂြိုဟ်ကြည့်ကြည့်ကြမှာပါ။ ဒါပေမယ့် ကိုယ်ရွေးပေး၊ ကိုယ်ဇောင်းပေးတဲ့လမ်းက ကိုယ့်သားသမီးအတွက် ဘယ်လမ်းမျိုးဖြစ်မယ်ဆိုတာကို မိဘတိုင်း ဆင်ခြင်သင့်ကြပြီ..."

# တောင်ကုတ်မြို့ဆီသို့

**သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ–အောင်ကျော်ဦး၊ မောင်ချစ်ကြည်**



တောင်ကုတ်မြို့ရှိ မြို့နယ်ခန်းမ။

မောင်းကန်ရွာကို ကျော်ဖြတ်ပြီး မကြာမီ စစ်ဆေးရေးဂိတ်သို့ ရောက်ရှိလာသည်။ ခရီးသည်အားလုံး ကားအောက်ဆင်းပြီး ရန်ကုန်ဆက်သွားမည့်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်သည်။ တောင်ကုတ်မှ သံတွဲသွားမည့်သူများကို မစိစစ်၊ ဘာဂိတ်လဲဟုမေးမြန်းကြည့်ရာ တောင်ကုတ်မြို့အဝင် စုပေါင်းဂိတ်ဟု ဒေသခံတစ်ဦးက ပြောသည်။ တစ်ဦးချင်းမှတ်ပုံတင်စစ်ဆေးပြီးနောက် ကားကိုထွက်ခွာခွင့်ပြုခဲ့သဖြင့် မကြာမီ တောင်ကုတ်မြို့အဝင်သို့ရောက်ရှိလာသည်။ တောင်ကုတ်မြို့က ကျွန်တော်တို့ကို မိုးနှင့်ကြိုဆိုလေသည်။

မိုးသည်းသည်းအောက်မှာ တောင်ကုတ်အဝေးပြေးဂိတ်တွင် ခေတ္တနားခိုနေရသည်။ ရခိုင်ပြည်နယ်က မိုးကောင်းသည်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် ခရီးစဉ်အစ စစ်တွေလေဆိပ်ဆင်းကတည်းက ရွာလိုက်သည့်မိုးသည် ယခုတောင်ကုတ်မြို့ရောက်သည်အထိ မစဲသေး။ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ကျောက်ဖြူမြို့တို့သို့ သွားခဲ့သည့်ခရီးများတွင် မိုးနှင့်အတူ ယခုတောင်ကုတ်မြို့ အရောက်မှာလည်း မိုးကသည်းသည်းရွာပြီးကြိုနှင့်နေသည်။

မိုးနည်းနည်းစဲသည်နှင့် တောင်ကုတ်မြို့တွင်းသို့ ဆိုင်ကယ်ကယ်ရီစီးပြီးထွက်လာခဲ့သည်။ တောင်ကုတ်မြို့တွင်းလမ်းများက အဆင့်မြှင့်တင်ရန်လိုအပ်နေသေးသည်။ မော်တော်ယာဉ်များမောင်းနှင်သွားလာမှုရှိသော်လည်း စက်ဘီးနှင့်ဆိုင်ကယ်များက ပို၍များသည်။ ဆိုင်ကယ်ကယ်ရီသမားများကို လမ်းဆုံနေရာများတွင်တွေ့ရသည်။ "မိုးရွာရင် ဆိုင်ကယ်ကယ်ရီဆွဲရတာ တွက်ခြေမကိုက်ဘူး"ဟုကျွန်တော်တို့စီးလာသော ဆိုင်ကယ်ကယ်ရီ


တောင်ကုတ်ကောလိပ်။

သမား ကိုသာနုကပြောသည်။ ပွင့်လင်းရာသီဆိုလျှင် တစ်နေ့ငွေကျပ်တစ်သောင်းခန့် ရရှိသည်ဟုဆိုသည်။

တောင်ကုတ်မြို့ ဦးဥတ္တမလမ်းရှိ သမိုင်းဝင်ဖောင်တော်ဦးဘုရားသို့ ရောက်ရှိခဲ့သည်။ တောင်ကုတ်မြို့၏ အဓိကကျက်သရေဆောင်စေတီတစ်ဆူဖြစ်ပြီး ကားလမ်းဘေးတွင်တည်ရှိသဖြင့် သွားလာရေးအဆင်ပြေသည်ဖြစ်ရာ ဘုရားဖူးများနေ့စဉ်လာရောက်ဖူးမြော်ကြသည်။ ကျွန်တော်တို့ရောက်သွားချိန်တွင် မိုးရွာနေသဖြင့် ဘုရားဖူးအနည်းငယ်သာတွေ့ရသည်။ ဖောင်တော်ဦးဘုရားကို ဖူးမြော်ရင်းစုလစ်မွန်းချွန်တန်ဆောင်းပြာသာဒ်တို့ဖြင့် ခံ့ထည်စွာတည်ဆောက်ထားရာ သပ္ပာယ်စရာအတိဖြစ်နေသည်။ ဖောင်တော်ဦးဘုရားနှင့်ကပ်လျက် သာသနာ့ဗိမာန်တည်ရှိနေသည်ကိုလည်း တွေ့ရသည်။

တောင်ကုတ်မြို့တွင် ရှေးဟောင်းစေတီများစွာတည်ရှိကြောင်းသိရသည်။ ဂူဟာရပ်ကွက်တွင် သတ္တမရောင်ခြည်ရှေးဟောင်းဘုရား၊ ကိုင်းရှည်ရွာတွင် နာရိုးတော်စေတီ၊ တောင်ကုတ်မြို့သင်္ဘောဆိပ်ကမ်းတွင် သဲခန္တာစေတီများရှိသည်။ သင်္ဘောဆိပ်လမ်း သဲခန္တာစေတီမှာ ရခိုင်မိဖုရားစောမဲကြည်တည်ထားကိုးကွယ်ခဲ့သော စေတီဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့ဖောင်တော်ဦးဘုရားမှ ပြန်ထွက်လာခဲ့ကြသည်။

တောင်ကုတ်မြို့က တဖြည်းဖြည်း လူနေများလာသည်ကိုတွေ့ရသည်။ တောင်ကုတ်မြို့တွင် ရပ်ကွက်(၄) ရပ်ကွက်ရှိပြီး ဂူတာရပ်ကွက်၊ ကံပိုင်ရပ်ကွက်၊ ချောင်းကောက်ရပ်ကွက်နှင့်သိမ်ဆောင်ရပ်ကွက်များဖြစ်သည်။ လူဦးရေ ၈၅၇၈၅ ဦးကျော်နေထိုင်သော တောင်ကုတ်မြို့မှာ လူဦးရေသိပ်သည်းမှုတော့မရှိသေးကြောင်း တွေ့ရသည်။

တောင်ကုတ်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၄၂ အုပ်စုရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြကြောင်းသိရသည်။ နာမည်ကျော်ကျေးရွာများဖြစ်သည့် ကျောက်မောင်နှမ၊ ငလုံးမော်၊ ကလိန်တောင်၊ နတ်မော်ရွာတို့သည် တောင်ကုတ်မြို့နယ်အတွင်း တည်ရှိသောရွာများဖြစ်သည်။

ကျွန်တော်တို့ တောင်ကုတ်တက္ကသိုလ်ဘက်သို့ ထွက်လာခဲ့ကြသည်။ တောင်ကုတ်မြို့အဝင်တွင် တည်ရှိသော တောင်ကုတ်တက္ကသိုလ်က ကိုင်းရှည်ရွာဧရိယာအတွင်း ပါဝင်နေသည်။ ကိုင်းရှည်ရွာသည် ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေ ၈၃၅ လုံးရှိကာ တောင်ကုတ်မြို့နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသည်ကို တွေ့ရသည်။ ကိုင်းရှည်ရွာသည် မကြာမီတောင်ကုတ်မြို့ပေါ် ရပ်ကွက်တစ်ခုအဖြစ် ထည့်သွင်းရန် အစီအစဉ်ရှိနေပြီဖြစ်ကြောင်းသိရသည်။ တောင်ကုတ်တက္ကသိုလ်က ကျောင်းပိတ်ရက်ဖြစ်သဖြင့် အပြင်ဘက်ကပင် ကြည့်ရှုလေ့လာခဲ့ရသည်။ တောင်ကုတ်-အမ်း-စစ်တွေကားလမ်းဘေးတွင် တည်ရှိပြီး တိုးချဲ့အဆောင်များ အပြီးသတ်တည်ဆောက်နေသည်။ တောင်ကုတ်တက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်ခန့်ကပင် ဖွင့်လှစ်ခဲ့ပြီး ဒေသတွင်းမှ ကျောင်းသားလူငယ်အများအပြား အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်နေကြပြီဖြစ်သည်။

တောင်ကုတ်တက္ကသိုလ်မှ တောင်ကုတ်မြို့တွင်းသို့ ပြန်လာခဲ့ကြသည်။ တောင်ကုတ်မြို့တွင်း၌ ဆိုင်ကယ်၊ စက်ဘီးများကို သတိပြုသွားလာရသည်။ တောင်ကုတ်မြို့မှာ ရခိုင်ရိုးမတောင်တန်းမှ ကုတ်၍ဆင်းလာသော နေရာတွင် တည်ရှိနေသဖြင့် တောင်ကုတ်မြို့ဟု အစွဲပြုခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ တောင်ကုန်မြို့နှင့် ပန်းတောင်းမြို့အကြား လမ်းဖောက်ထားပြီး ယင်းလမ်းကို ဘိုးတော်ဘုရားလက်ထက်ကပင် မဟာမုနိရုပ်ပွားတော်ကြီးကို ပင့်ဆောင်ရာ၌ အသုံးပြုခဲ့သည်။ ၁၈၂၅ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်အတွင်း တောင်ကုတ်-ပန်းတောင်းလမ်းမှပင် စစ်ချီခဲ့ကြခြင်းဖြစ်သည်။

တောင်ကုတ်ဆိပ်ကမ်းဘက်သို့ သွားရောက်ခဲ့သည်။ တောင်ကုတ်မြို့က ကုန်းလမ်း၊ ရေလမ်းသွားလာနိုင်သော မြို့ဖြစ်သည်။ ကျောက်ဖြူမှ ကားလမ်းခရီးရှိသလို တောင်ကုန်-အမ်း၊ တောင်ကုတ်-စစ်တွေ၊ သံတွဲ-တောင်ကုတ်-ပြည်ကားလမ်းခရီးစဉ်များဖြင့်လည်း သွားလာနိုင်သည်။ တောင်ကုတ်ဆိပ်ကမ်းတွင် ရေယာဉ်အချို့ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ တောင်ကုတ်-မာန်အောင်-ကျောက်တော်-မြောက်ဦး ရေကြောင်းခရီးစဉ်အတွက် ပုဂ္ဂလိကရေယာဉ်များက ရာသီဥတုပေါ်မူတည်ပြီး နေ့စဉ်နီးပါးပြေးဆွဲပေးနေသည်။ အခြားခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များကလည်း သီတင်းပတ်တိုင်း ရာသီဥတုကောင်းမွန်ပါက ပုံမှန်ပြေးဆွဲပေးနေသဖြင့် ကုန်စည်စီးဆင်းမှုနှင့် အရောင်းအဝယ်ဖြစ်ထွန်းမှုကို အထောက်အကူပြုနေသည်ကို တွေ့ရသည်။ တောင်ကုတ်ဆိပ်ကမ်းမှ အမြန်ရေယာဉ်များဖြစ်သည့် မလိခနှင့် ရွှေပြည်တန်ရေယာဉ်များကလည်း သီတင်းတစ်ပတ်လျှင် သုံးကြိမ်၊ လေးကြိမ်ခန့်ပြေးဆွဲပေးလျက်ရှိရာ ရေကြောင်းခရီးစဉ်ဖြင့် ခရီးသွားလာရေးမှာ အဆင်ပြေမှုရှိနေသည်။ တောင်ကုတ်-မာန်အောင် ရေယာဉ်မှာလည်း နေ့စဉ်နံနက် ၆ နာရီခန့်တွင်ပြေးဆွဲနေရာ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် ပုံမှန်ရှိနေရာ တောင်ကုတ်ထွက်ကုန်များ ပို့ဆောင်ရေးအတွက် အဆင်ပြေနေသည်။ ရေယာဉ်များ ကြံ့ခိုင်မှုရှိရန် လိုအပ်သောစိစစ်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်မည်ဟု တွေးမိသည်။

တောင်ကုတ်ဆိပ်ကမ်းမှ ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ တောင်ကုတ်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေး၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်းနှင့် ငါးလုပ်ငန်းများ အဓိကလုပ်ကိုင်သည်ဖြစ်ရာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များ ထွက်ရှိသည်။ ရာသီအလိုက်သီးနှံများလည်းထွက်ရှိသည်ဖြစ်ရာ မြို့နယ်အတွင်း စားသုံးမှုဖူလုံသည့်အပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။ တောင်ကုတ်မြို့အနောက်တောင်ဘက်သည် ဘင်္ဂလားပင်လယ်အော်နှင့် ၁၀ မိုင်ခန့်ထိစပ်နေသည်ဖြစ်ရာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သလို မြစ်ချောင်းများတွင်လည်းငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ကြသည်။

ကျွန်တော်တို့ တောင်ကုတ်မြို့မဈေးသို့ရောက်ခဲ့သည်။ ဦးဥတ္တမလမ်းရှိ မြို့မဈေးက စည်ကားသည်။ ဒေသထွက်ကုန် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များကို ရောင်းချသည့်အပြင် အဝတ်အထည်၊ အိမ်အသုံးအဆောင်ပစ္စည်းများလည်း ရောင်းချကြသည်။ ငါးခြောက်နှင့်ပုစွန်ခြောက်များကို ထုပ်ပိုးမှုကောင်းကောင်းဖြင့် ရောင်းချနိုင်ပါက ခရီးသွားများအတွက် ပို၍အဆင်ပြေကာ ဝယ်လိုအားပိုမိုများပြားနိုင်မည်ဟု တွေးမိသည်။ ဒေသထွက်ကုန်ဖြစ်၍ လတ်ဆတ်သည်။အမျိုးအစားမှန်သည်။ အရည်အသွေးကောင်းမွန်သည်ဖြစ်သော်လည်း ထုပ်ပိုးမှုစနစ်ကို သေချာစွာ မလုပ်နိုင်သဖြင့် ဝယ်ယူသူများအတွက် အခက်အခဲဖြစ်ရသည်။ပြည်တွင်းသာမက ပြည်ပအထိသယ်ယူသွားနိုင်အောင် ထုပ်ပိုးမှုနည်းစနစ်ကို အဆင့်မြှင့်တင်ရန် လိုအပ်နေပြီဖြစ်သည်။

တောင်ကုတ်မြို့မဈေးကို လှည့်ပတ်လေ့လာပြီးနောက် ဈေးအတွင်းမှ ပြန်ထွက်လာခဲ့သည်။ ကျွန်တော်တို့ ဘူတာရပ်ကွက်အတွင်းမှ ခုတင်(၁၀၀)ဆေးရုံတည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့သည်။ တောင်ကုတ်မြို့တွင် ယခင်က ခုတင် (၄၀)ဆံ့ ဆေးရုံရှိသော်လည်း ယခုအခါ ခုတင် (၁၀၀) ဆေးရုံသစ်ကို ထပ်မံတည်ဆောက်နေခြင်းဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ သုံးထပ်အဆောင်ကြီးနှစ်ဆောင် ဆောက်လုပ်ရန်ရှိနေပြီး နှစ်ထပ်စမ်းသပ်ဆောင်တစ်ဆောင်ပြီးစီးနေပြီဖြစ်သည်။ ဆေးရုံဝန်ထမ်းများအတွက် နှစ်ထပ်အိမ်ရာငါးလုံးတည်ဆောက်ပြီးစီးနေသည်ကို တွေ့ရသည်။ မိုးဖွဲဖွဲရွာနေသည့်ကြားမှပင် ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်ဝင်နေကြသူများကြောင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်မည်ဟု တွေးမိသည်။

တောင်ကုတ်မြို့နေ ပြည်သူများအပြင် တောင်ကုတ်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၄၂ အုပ်စုမှ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ရာ ဝမ်းသာစရာပင်။ တောင်ကုတ်မြို့နယ်အတွင်း ရခိုင်၊ ဗမာစသည့် တိုင်းရင်းသားများ စုစည်းနေထိုင်ကြခြင်းဖြစ်ရာ ညီညွတ်ခြင်းရှိသဖြင့် အေးချမ်းမှုရှိသည်ကို တွေ့ရသည်။ တည်ငြိမ်အေးချမ်းမှုရှိပြီး အတူတကွလက်တွဲဆောင်ရွက်ခြင်းရှိမှ တိုးတက်ဖွံ့ဖြိုးမှုဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ တောင်ကုတ်မြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ ရေခံမြေခံလည်းကောင်းသည်ဖြစ်ရာ တိုးတက်ဖွံ့ဖြိုးရန်သာ လိုတော့သည်။

ခုတင် (၁၀၀) ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်မှ ကျွန်တော်တို့အဝေးပြေးဂိတ်သို့ ရောက်လာခဲ့သည်။ အဝေးပြေးကားဂိတ်အတွင်းအဆင့်မြင့်အထူးအဝေးပြေး ဘတ်စ်ကားကြီးများ ရပ်နားထားသည်ကို တွေ့ရသည်။ တောင်ကုတ်-အမ်း၊တောင်ကုတ်-သံတွဲ၊ တောင်ကုတ်-စစ်တွေ၊ သံတွဲ-တောင်ကုတ်-ပြည်၊ တောင်ကုတ်-ရန်ကုန် အဝေးပြေးကားကြီးများ ဝင်ထွက်ရပ်နားနေကြသည်။ နံနက်၊ နေ့ခင်း၊ ညနေပိုင်းအချိန်များရှိနေရာ မိမိနှစ်သက်ရာ အချိန်နှင့်ယာဉ်လိုင်းကိုရွေးချယ်စီးနိုင်ကြသည်။ မော်တော်ယာဉ်ဆိုက်ရောက်၊ ထွက်ခွာချိန်များတွင် ကားဂိတ်အတွင်း လူများစည်ကားတတ်သည်။

တောင်ကုတ်-ကျောက်ဖြူ ကားလမ်းမှာ မိုင်၁၂၀ ဝေးပြီး တောင်ကုတ်-ပြည်မှာ မိုင် ၁၀၀ ခန့်သာဝေးသည်။ တောင်ကုတ်-သံတွဲမှာ ၄၄မိုင်ဝေးရာ ကားလမ်းများလည်းကောင်းမွန်သဖြင့် ရာသီဥတုကောင်းမွန်လျှင် သွားလာရေးအဆင်ပြေသည်။ တောင်ကုတ်မြို့သည် တည်ငြိမ်အေးချမ်းသဖြင့် နေချင့်စဖွယ်ဖြစ်သည်။ကျွန်တော်တို့ အဝေးပြေးဂိတ်မှတည်းခိုရာ ပြန်ချိန်တွင် မှောင်ရိပ်သန်းနေပြီ။ တောင်ကုတ်မိုးက စွေနေဆဲပင်။ ။

**တောင်ကုတ်မြို့ အဝေးပြေးဂိတ်အတွင်း ရပ်နားထားသော ခရီးသည်တင် ဘတ်စ်ကားများ။**



# အင်္ဂလိပ်စာကို ဘယ်လိုလေ့လာကြမလဲ

**ခ မောင်သောင်းဝင်း(တမန်ဟောင်း)**

မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲနေမှုများသည် အံ့ဩဖွယ် ကောင်းလောက်အောင်အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လျက်ရှိသည်။ ထိုပြောင်းလဲဖြစ်ပေါ်တိုးတက်မှုလှိုင်းလုံးနှင့်အပြိုင် အမီလိုက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန်လိုအပ်ပေသည်။ ထိုသို့လေ့လာ သင်ယူရာတွင် လေ့လာဆည်းပူးသင်ယူရန်ကဏ္ဍများ များစွာရှိနေမည်ဖြစ်သည်။ ၎င်းတို့အနက် ကမ္ဘာပေါ်ရှိ လူသားများအကြား တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုနေသည့် ကြားခံဘာသာစကားတစ်ခုရှိနေပေသည်။ ထိုဘာသာစကားသည်အခြားမဟုတ်ချေ။ အင်္ဂလိပ်ဘာသာစကားပင်ဖြစ်သည်။ ၂၁ ရာစုတွင် အင်္ဂလိပ်စာကို ထမင်းစား၊ ရေသောက်မျှပင်ပြောဆိုရေးသားနိုင်စွမ်းမရှိသူသည် လူတုံး၊ လူအတစ်ယောက်မျှသာ ဖြစ်နေမည် ဖြစ်သည်။

ထိုသို့ဆိုလျှင် ကမ္ဘာသုံးအင်္ဂလိပ်စာကို မည်သို့လေ့လာသွားသင့်ပါသနည်း။ အခြေခံကျကျ လေ့လာသင်ယူသွားခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ ဆရာရွေးချယ်မှုသည်အခရာကျဆုံး ဖြစ်သည်။ "ဆရာမပြ နည်းမကျ"၊ "ဆရာမပြလျှင် ငါးပိကိုတောင် ကျက်အောင်မဖုတ်တတ်" ဆိုသော စကားသည် အတတ်ပညာတစ်ခုသင်ယူရာတွင် ဆရာလိုအပ်ပုံကို ဥပမာပေးထားသော စကားပင်ဖြစ်သည်။ အင်္ဂလိပ်စာကို ကိုယ်ပိုင်အစီအစဉ်ဖြင့်လေ့လာ၍ လည်းရပါသည်။ သို့သော် ထင်သလောက်ခရီးပေါက်မည် မဟုတ်ချေ။ လက်ရှိအချိန်တွင် အွန်လိုင်းမှတစ်ဆင့် အင်္ဂလိပ်စာ လေ့လာသင်ယူမှုအထောက်အကူပြု သဒ္ဒါစာအုပ်များ၊လေ့ကျင့်ခန်းများကို ရယူလေ့လာနိုင်ပါသည်။ မည်သို့ပင်လေ့လာနေစေကာမူ ထင်သလောက် တိုးတက်မှုရရှိမည်မဟုတ်ဘဲ အချိန်ကုန်လူပန်းမျှသာဖြစ်နေမည်ဖြစ်သည်။

စာရေးသူလည်းငယ်စဉ်က အင်္ဂလိပ်စာကို ကိုယ်ပိုင်စတင်လေ့လာခဲ့ပါသည်။ ကောင်းနိုးရာရာ အင်္ဂလိပ်သဒ္ဒါစာအုပ်များ၊ ဘာသာပြန်များ၊ စာနယ်ဇင်းများ၊ စကားပြောများကို လေ့လာခဲ့ရာ ထင်သလောက်ခရီးမပေါက်ခဲ့ချေ။ အဝေးသင်ဒုတိယနှစ်ပြီးမှသာ အင်္ဂလိပ်စာဆရာကောင်းကိုတွေ့ရှိသင်ယူခွင့်ရရှိခဲ့ပါသည်။ ဆရာ့ကျောင်းတွင်အခြေခံအတန်းမှ စတင်တက်ရောက်ပြီး နောက်တစ်လခန့်အကြာတွင် ပြောဆိုတတ်ရုံ တင်သာမက အင်္ဂလိပ်မှမြန်မာသို့လည်းဘာသာပြန်ဆိုတတ်လာခဲ့ပါသည်။ အင်္ဂလိပ်စာတွဲ့ရထားသူများသည်ပင်လျှင် အင်္ဂလိပ်စာကို ပြောဆို၊ရေးသား၊ ဘာသာပြန်ဆိုနိုင်စွမ်း အားနည်းကြပါသည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုသည်စဉ်ဆက်မပြတ်လေ့လာမှုအပေါ်တွင်သာမူတည်နေပါသည်။

အင်္ဂလိပ်စာလေ့လာရာတွင် အခြေခံသဒ္ဒါသဘောတရားကိုသိရှိထားမှသာ ပြောဆို၊ ရေးသား၊ ဖတ်ကြား၊ ပြန်ဆိုနိုင်မည်ဖြစ်သည်။ ဝါစင်္ကရှစ်မျိုးလောက်ကိုမျှထဲထဲဝင်ဝင်မသိဘဲဘာသာပြန်ဆိုနေသူတစ်ဦးသည် စကားလုံးအဓိပ္ပာယ်များကို အဘိဓာန်စာအုပ်မှတစ်လုံးချင်းကူးချပြီး ဆီလျော်မှုမရှိသည့်ပြန်ဆိုမှုမျိုး လောက်သာလုပ်ဆောင်နိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာဝါကျတစ်ကြောင်းကိုတွေ့လျှင် Phrase၊ Clause၊ Present Participle၊ Past Participle နှင့် Tense ကိုမျှ လိမ့်ပတ်လည်အောင်မခွဲခြားနိုင်ဘဲ အဘိဓာန်အားကိုးဖြင့် ဘာသာပြန်ဆိုနေမည်ဆိုလျှင်မှန်းဆပြန်ဆိုချက်များသာဖြစ်နေမည်ဖြစ်သည်။ ဘာသာပြန်ဆိုသူတစ်ဦးသည် မြန်မာစကားလုံး ရှစ်လုံးကိုသိထားမှသာလျှင် အင်္ဂလိပ်စကားလုံး ငါးလုံးကိုနားလည်နိုင်သည်ဟု စာရေးသူတို့ ဆရာကပြောဖူးပါသည်။ မြန်မာစကားပြေကိုပင် ပြေပြစ်ချောမွေ့အောင်မရေးနိုင်ဘဲ အင်္ဂလိပ်မှမြန်မာ ဘာသာသို့ပြန်ဆိုနေမည်ဆိုလျှင် ဆိုလိုရင်းအဓိပ္ပာယ်ကိုမထိမိဘဲ စကားလုံးများဖောင်းပွနေမည်သာဖြစ်သည်။ ထို့ကြောင့် ဘာသာပြန်ဆိုလိုသူတစ်ဦးသည် မြန်မာစာကို များများဖတ်ထားရန်လိုအပ်သည်။

အင်္ဂလိပ်စာလေ့လာရာတွင် ငယ်စဉ်ကလေးဘဝက ကလေးများအား စကားပြောသင်ပေးသလို အခြေခံကျကျဖြင့် စတင်လေ့ကျင့်ရန်လိုအပ်ပါသည်။ ပထမဆုံး ပြောတတ်ပြီဆိုလျှင် ဖတ်တတ်၊ ရေးတတ်ဖို့ လွယ်ကူသွားပြီဖြစ်သည်။ ပြော၊ ဖတ်၊ ရေးတတ်လျှင်ဘာသာပြန်ရာတွင်အခက်အခဲမရှိ ပြန်ဆိုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘာသာပြန် ကျွမ်းကျင်လိုလျှင် အင်္ဂလိပ်လိုအခြေခံပြောဆိုနိုင်ရမည်ဖြစ်သည်။ ထို့အပြင် ဝေါဟာရ ကြွယ်ဝမှုသည်လည်း အင်္ဂလိပ်စာဘာသာပြန်ဆိုရာတွင် အရေးပါလျက်ရှိသည်။ စကားလုံးတိုင်းကို အဘိဓာန်လှန်ပြီး ရှာဖွေနေရမည်ဆိုလျှင် အလုပ်ဖြစ်မည်မဟုတ်ချေ။

**အင်္ဂလိပ်စာတိုးတက်လိုသူတစ်ဦးသည် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ပေသည်။ အထူးသဖြင့် ဘာသာပြန်ဆိုလိုသူတစ်ဦးသည် အခြေခံအင်္ဂလိပ်သဒ္ဒါကို ဦးစွာလေ့လာထားသင့်ပါသည်။ သို့မှသာလျှင် အဓိပ္ပာယ်ကို တိကျစွာကောက်ယူနိုင်မည်ဖြစ်သည်။ ထိုသို့အခြေခံသဘောသဘာဝကို သိထားပြီဆိုလျှင် ဝေါဟာရကြွယ်ဝအောင် စာအုပ်များ ရွေးချယ်ဖတ်သင့်ပါသည်။**

ဝေါဟာရကြွယ်ဝအောင်မည်ကဲ့သို့ဆောင်ရွက်သွားမည်နည်း။ လွယ်ပါသည်။ အင်္ဂလိပ်ဝေါဟာရ အရေအတွက် (Word Level) အလိုက်ရေးသားထားသည့် စိတ်ဝင်စားဖွယ်ဝတ္ထု၊ စုံထောက်ဇာတ်လမ်းများကို ရွေးချယ်ဖတ်ရှုသင့်ပါသည်။ ထိုသို့ဖတ်ရှုရာတွင် မိမိဖတ်နိုင်သောစကားလုံးအရေအတွက် (Word Level) ဖြင့်ရေးသားထားသောစာအုပ်ကိုသာရွေးချယ်ပြီး စတင်ဖတ်ရှုသင့်ပါသည်။ မိမိမလိုက်နိုင်သောစာအုပ်ကို ရွေးချယ်ပြီးဖတ်ရှုမည်ဆိုလျှင်အချိန်ကုန်လူပမ်းဖြစ်ပြီးအရာမထင်ဖြစ်နေမည်ဖြစ်သည်။ ရိုးသားစွာ အကြံပြုရလျှင် ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရေးသားထားသော အင်္ဂလိပ်စာအုပ်တစ်အုပ်လောက်ကို ကျေညက်စွာ အပြန်ပြန်အလှန်လှန် ဖတ်ထားလျှင် မြန်မာတစ်ဦးအနေဖြင့် ရေးသား၊ ပြောဆို၊ ပြန်ဆိုနိုင်သည့်အဆင့်တစ်ခုကို ရောက်ရှိမည်ဟု ထင်မြင်မိပါသည်။

စာရေးသူ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်က မိမိတို့ရုံး၌ ဘာသာပြန် အဖိုးကြီး တစ်ဦးခန့်ထားပါသည်။ ထိုအဖိုးကြီးတွင် မည်သည့်ဘွဲ့လက်မှတ်ကိုမျှပိုင်ဆိုင်ထားခြင်းမရှိပါ။ သို့သော်ဘာသာပြန် စွမ်းရည်ကောင်းလှပါသည်။ မြန်မာမှအင်္ဂလိပ်သို့ရေးသားရာတွင် ရှင်းရှင်းလင်းလင်းဖြင့်ထိမိလှပါသည်။ ထို့ကြောင့် အင်္ဂလိပ်စာသည် စဉ်ဆက်မပြတ်လေ့လာနေမည်ဆိုလျှင် တိုးတက်မှုရှိနေမည်မှာအသေအချာပင် ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် အင်္ဂလိပ်စာတိုးတက်လိုသူ တစ်ဦးသည် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ပေသည်။ အထူးသဖြင့် ဘာသာပြန်ဆိုလိုသူတစ်ဦးသည် အခြေခံအင်္ဂလိပ်သဒ္ဒါကို ဦးစွာလေ့လာထားသင့်ပါသည်။ သို့မှသာလျှင် အဓိပ္ပာယ်ကိုတိကျစွာကောက်ယူနိုင်မည်ဖြစ်သည်။ ထိုသို့အခြေခံသဘောသဘာဝကို သိထားပြီဆိုလျှင် ဝေါဟာရကြွယ်ဝအောင် စာအုပ်များရွေးချယ်ဖတ်သင့်ပါသည်။ အင်္ဂလိပ်စာအုပ်ဖတ်ရှုရာတွင် မိမိနားလည်သည့် (Word Level) ကိုရွေးချယ်ဖတ်ရှုနိုင်ရန်သည်များစွာ အရေးပါလျက်ရှိသည်။ မိမိအလှမ်းမမီသောစာအုပ်များကို ဖတ်ရှုခြင်းသည် အချိန်ကုန်လူပန်းဖြစ်ပြီး ထင်သလောက်ခရီးပေါက်မည် မဟုတ်ချေ၊ ထို့ကြောင့် မှန်ကန်စွာလေ့လာသင်ယူရွေးချယ်ဖတ်ရှုပြီး အင်္ဂလိပ်စာစွမ်းရည်များတိုးတက်ပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

## ထီးချိုင့်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေး

**ထီးချိုင့် ဇူလိုင် ၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရက် ၁၀၀ သစ္စာ စီမံချက်ဖြင့် ရွှေ့ပြောင်းလုပ်သားများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားစိစစ်ခြင်း၊ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၈ ရက် ညနေ ၃ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က အသက် ၁၀နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသားများကို စာသင်ချိန်အနှောင့်အယှက်မဖြစ်စေဘဲ အချိန်တိုအတွင်းမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရန် ယခုလို ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ အထက်တန်း၊ အလယ်တန်းကျောင်းများလည်း ဆက်လက်ပြီး ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊ အနာဂတ်ကို ပုံဖော်ဖန်တီးကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းအရောက် မိမိတို့ ဝန်ထမ်းများက လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်တွေကို ဖြေလျှော့ပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသောကြောင့် ကျောင်းသား ကျောင်းသူတွေအနေဖြင့် စိတ်ချမ်းသာလွယ်ကူစွာဖြင့် မှတ်ပုံတင်ကတ်တွေ ရရှိစေမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်က ရက် ၁၀၀စီမံချက်နှင့် ပတ်သက်သည်များကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစည်သူနေမျိုးက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၇၃၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများအသီးသီးပေးအပ်ကြသည်။

**ခွဲမာန်(ထီးချိုင့်)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တိုင်းရင်းသားမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် တိုင်းရင်းသားမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Summit Park View ဟိုတယ်တွင် ပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် ဦးခိုင်မြတ်ကျော်တို့က ဦးဆောင်ကာ တက်ရောက်လာသည့် တိုင်းရင်းသား မီဒီယာများက လွတ်လပ်စွာ သတင်းရယူခွင့်ရရှိရေး၊ သတင်းသမားများ လုံခြုံရေး၊ တိုင်းရင်းသားမီဒီယာများ၏ ရေရှည်ရပ်တည်နိုင်ရေးတို့ကို အဓိကထားဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးစီးကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမီဒီယာအဖွဲ့ ၁၈ ဖွဲ့မှ သတင်းမီဒီယာသမားများနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ တက်ရောက်ကြသည်။

**(အောင်သူရ)**

## အများပြည်သူများသို့ အသိပေးပန်ကြားခြင်း

၁။ ယခုမိုးရာသီကာလအတွင်း မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးရေးအတွက် ရှုပ်ထွေး Service ဝါယာကြိုးများရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို **"ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက်"** ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

၂။ ထို့အပြင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေး ထားသော 230 kV အလုံပင်မဓာတ်အားခွဲရုံ၏ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအား (၂. ၇. ၂၀၁၆)ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ (၂. ၇. ၂၀၁၆) ရက်တွင် ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ သဃ်္ဃန်းကျွန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဒေါပုံ၊ သာကေတ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ဒဂုံ၊ အလုံ၊ လှိုင်၊ ဗဟန်း၊ မရမ်းကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ တွံတေး၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်၊ ဥက္ကံ၊ အဖျောက်၊ မြောင်းတကာ မြို့နယ်တို့၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ (၃. ၇. ၂၀၁၉) ရက်နေ့တွင် ဒဂုံဆိပ်ကမ်း၊ သဃ်္ဃန်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သာကေတ၊ ဒေါပုံ၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ဗဟန်း၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNGဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၅။ ယခုပန်ကြားလွှာ၌ ဖော်ပြပါရှိသောမြို့နယ်များ၏ ရပ်ကွက်အချို့၊ နေရာအချို့တို့တွင်သာ အချိန်ပိုင်းဓာတ် အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်းနှင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားသည်။

**(ကြေးမုံ)**

# အညာဒေသ၏အငွေ့အသက်များ ခြုံလွှမ်းနေသည့် ပန်းအိုင်ကျေးရွာမှ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောဘုရားပွဲ

**မိတ္ထီလာ ဇူလိုင် ၁**

မိတ္ထီလာခရိုင် မလှိုင်-ပန်းအိုင်နယ်မှ သီရိဓမ္မာသောက မင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးကို သာသနာနှစ် ၂၂၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက ဉာဏ်တော် ကိုးတောင်ဖြင့် စတင်တည်ထားတော်မူခဲ့ကြောင်း သိရပြီး သာသနာနှစ် ၁၁၈၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၇၉ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် အလောင်းစည်သူမင်းကြီးက ဉာဏ်တော် ၂၁ တောင်တိုးမြှင့်၍ ကိုးကွယ်ခဲ့ကြောင်း သိရသည်။ ၎င်းနောက် တတိယ အကြိမ်အဖြစ် သာသနာ သက္ကရာဇ် ၁၉၅၁ ခုနှစ် ကောဇာသက္ကရာဇ် ၇၆၂ ခုနှစ် အင်းဝပထမမင်းခေါင်းကြီးလက်ထက်တွင် ဉာဏ်တော် ၃၃ တောင် ထပ်မံတိုးမြှင့်ကိုးကွယ်ခဲ့ပြီး စတုတ္ထအကြိမ်အဖြစ် သာသနာနှစ် ၂၂၄၇ ခုနှစ် ကောဇာသကက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ပထမဆယ်မြို့ဂိုဏ်းချုပ်ဆရာတော် ဦးဝိဇယ (မြင်းကွင်းမြို့စားမင်းသား၏မယ်တော် တောင်ရွှေဆောင် မိဘုရားကြီးကိုးကွယ်တော်မူခဲ့သည့် ဆရာတော်)၊ လေးမြို့ဂိုဏ်းချုပ်ဆရာတော် ဦးဒီပ(အဂ္ဂမဟာပဏ္ဍိတ) (မင်းတုန်းမင်းကြီး၏ အဂ္ဂမဟေသီကိုးကွယ်တော်မူခဲ့သည့်ဆရာတော်)နှင့် လေးမြို့ဂိုဏ်းချုပ်ဆရာတော် ဦးဝါသဝတို့က ဉာဏ်တော် ၈၈ တောင် အထိတိုးမြှင့်၍ ခေတ်အဆက်ဆက် ကိုးကွယ်တော်မူခဲ့ကြသည့် ရှေးဟောင်း သမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ်ပြီး ဒုတိယ ကမ္ဘာစစ်ကာလ ကောဇာသက္ကရာဇ် ၁၃၀၆ ခုနှစ် တပေါင်းလဆန်း ၄ ရက် နံနက်တွင် အင်္ဂလိပ်နယ်ချဲ့တို့၏ အမြောက်ဒဏ်၊ ဗုံးဒဏ်များကြောင့် မြေခပြိုကျခဲ့ရကြောင်း သိရသည်။

အဆိုပါ မြေပျက်ပြိုခဲ့သည့် ရှေးဟောင်းစေတီတော်မြတ်ကြီးအား ကောဇာသက္ကရာဇ် ၁၃၀၈ ခုနှစ် ခရစ်နှစ် ၁၉၄၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်တွင် ပဥ္စမအကြိမ်ပြုပြင်မှုအဖြစ်၊ တတိယလေးမြို့ဂိုဏ်းချုပ်ဆရာတော် ဦးဇောတိပါလ အမှူးပြုသည့် ဆရာတော်ကြီးများက ဉာဏ်တော် ၁၃၁ တောင် တစ်မိုက်အထိ တိုးမြှင့်တည်ဆောက်၍ ပြုပြင်ကိုးကွယ်တော်မူခဲ့ကြကြောင်း လေ့လာသိရှိရသည်။



ရွှေမုဋ္ဌော ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နှစ်စဉ် နယုန်လဆန်း(၁၀)ရက်နေ့မှ နယုန်လပြည့်ကျော် ၁၂ ရက်နေ့အထိ ရက်ပေါင်း ၂၀ ခန့် ရက်ရှည်ကျင်းပခြင်းဖြစ်ရာ အနီးဝန်းကျင်ကျေးရွာများသာမက မလှိုင်မြို့နယ် အစွန်အဖျားရှိ ၁၅မိုင်၊ ၁၆မိုင် ကွာဝေးသည့်ကျေးရွာများဖြစ်သည့် ကွဲခြံ၊ သက္ကယ်ကျင်း၊ မြင်းဦးလှည့်၊ ဆည်တိုအစရှိသည့်ကျေးရွာများမှပင် မော်တော်ကားများဖြင့် တပျော်တပါး လာရောက်ကြကြောင်းသိရသည်။ ထို့ပြင် မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် တောင်သာမြို့နယ်တို့မှလည်း တောရောမြို့ပါ လာရောက်လေ့ရှိကြပြီး ထူးခြားသည်မှာ ဒေသတွင်းကျေးရွာများမှ အသက်(၇၀)ကျော်၊ (၈၀)ကျော် အဘိုး၊အဘွားများပင် နှစ်စဉ်ဝတ်မပျက် လာရောက်ဖူးမြော်ကြလေ့ရှိကြောင်း သိရသည်။

ပန်းအိုင်-ရွှေမုဋ္ဌော ဆုတောင်းပြည့်မြတ်စွာဘုရားပွဲတော်ကြီးတွင် အိမ်ထောင်ပရိဘောဂများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ သံထည်များ၊ အဝတ်အထည်များ၊ လယ်ယာသုံးပစ္စည်းများအပြင် စိုက်ပျိုးသီးနှံဖြစ်သည့် ပဲမျိုးစုံ မျိုးစေ့၊ မျိုးဆံများကိုလည်း ဝယ်ယူရရှိနိုင်သည်ကိုတွေ့မြင်ရပေသည်။

"စည်တာကတော့ နေ့ရော၊ ညရောကိုစည်တာပဲဗျ. . .။ ဒါပေမဲ့. . ဥပုသ်နေ့ဆိုရင် တိုးမပေါက်အောင်ကိုစည်တာ. . . ရောင်းရတာကလည်း ဆိုင်တိုင်းကိုရောင်းရတာ. . မရောင်းရတဲ့ဆိုင် ရယ်လို့ကို မရှိဘူး။ ပါသမျှပစ္စည်းအကုန်ပဲ. . ယုံချင်စရာတောင်မရှိဘူးဗျာ. . .။ တခြားအချိန်တွေမှာက နီးနီးနားနားဝယ်ဖို့ မလွယ်ဘူးလေ. . . ဒီဘုရားပွဲဈေးကျမှ လိုအပ်တွေ စုပြီးဝယ်ကြရတာ. . . ဒီတော့ဘယ်ဆိုင်မှ မရောင်းရဘူးရယ်လို့မရှိဘူး. . . ." ဟု ပန်းအိုင်ဒေသခံတစ်ဦးဖြစ်သူ ဦးအောင်ဌေးကပြောပြပါသည်။

ဘုရားပွဲဈေးတန်းကို ဘုရားကြီးစောင်းတန်းများအလိုက် ဖွင့်လှစ်ရောင်းချကြသည့်အပြင် ရင်ပြင်တော်တွင်ပါ ဆိုင်များဖွင့်လှစ်ခွင့်ပြုထားသလို ဘုရားပွဲဈေးလာမော်တော်ယာဉ်များ၊ လှည်းယာဉ်များကိုလည်း အနီးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းဝိုင်းများတွင် မိမိတို့အစုအဖွဲ့လိုက်စနစ်တကျနားနေစေ သကဲ့သို့ ဈေးတန်းကိုလည်း ရှေးယခင်ကတည်းကပင် သံထည်တန်း၊ စားသောက်ကုန်တန်း၊ အဝတ်အထည်တန်း၊ ဆေးရွက်ကြီး/ဆေးရိုးတန်း၊ ပရိဘောဂတန်းစသည်ဖြင့် စနစ်တကျဖွင့်လှစ်ရောင်းချစေခဲ့ရာ ယနေ့အချိန်ထိ ထိုအစဉ်အလာကိုထိန်းသိမ်းရောင်းချခြင်းဖြင့် စည်းကမ်းကျနမှုနှင့် စနစ်ကျမှုတို့ကိုတွေ့မြင်နေရပေသည်။ အဆိုပါ ပွဲဈေးတွင် တောင်သူသုံးထွန်တုံး၊ ထွန်တံပစ္စည်းများအပြင် လှည်းအိမ်၊ လှည်းဆံ၊ လှည်းပဒေါင်းအစရှိသည့်ကျေးလက်သယ်ယူပို့ဆောင်ရေးပစ္စည်းများပင် အလွယ်တကူဝယ်ယူရရှိနိုင်သော အညာကျေးလက် ရနံ့များသင်းပျံ့ကြိုင်လှိုင်နေသည့် မဟာပန်းအိုင်ဘုရားပွဲဟုပင် ဆိုရမလို အမယ်စုံလင်လှသည်ကိုတွေ့မြင်ခဲ့ရပေသည်။

ရွှေမုဋ္ဌောဘုရားကြီးသည် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးဖြစ်သည့်အလျောက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင်လည်း ဒေသတွင်းယုံကြည်ကိုးကွယ်သူများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်ရှိသည့်အပြင် အညာဒေသတောင်သူတို့၏လိုအပ်မှုမှန်သမျှဖြည့်ဆည်းနိုင်သည့်တောင်သူတို့အားထားရာ လိုတရဘုရားပွဲတော်ကြီးပင်ဖြစ်ကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ဘားအံမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ပညာသင်စရိတ်ချီးမြှင့်

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် မော်တော်ယဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီက နှစ်စဉ်ကျင်းပလျက်ရှိသော စတုတ္ထသက်တမ်းကာလ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သတ္တမအကြိမ်မြောက် မော်တော်ယာဉ်အသင်းသားများ၏ သားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ဘားအံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးစောပြည်သာက တက်ရောက်အမှာစကားပြောကြားပြီး ဘားအံမြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးငွေစိုးက နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာသင်စရိတ်ချီးမြှင့်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်အသင်းသား ၂၉ ဦး၏ ပညာသင်ကြားနေသော သားသမီးများမှ ကျောင်းသား ကျောင်းသူ ၂၈ ဦးအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက လက်ခံရယူကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နယ်လှည့်တိုင်းရင်းဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**ဟားခါး ဇူလိုင် ၁**

တိုင်းရင်းဆေး ပညာဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အတူ ရက်(၁၀၀) စီမံချက်နှင့်အညီ တိုင်းရင်းဆေးပညာဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဟားခါးမြို့နယ် ဆတ္တားကျေးရွာ၌ ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာ ကွင်းဆင်းကုသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကုသဆောင်ရွက်ရာ၌ ချင်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒု-တိုင်းရင်းဆေးမှူး ဒေါ်အီယာန်လေ့း ခေါင်းဆောင်သော ဝန်ထမ်းသုံးဦးအဖွဲ့တို့က တိုင်းရင်းဆေးပညာအကြောင်းသိကောင်းစရာများကို ဟောပြောခြင်း၊ လူနာ ၆၀ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကုသပေးခြင်းတို့ကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



**(ဟားခါးခရိုင် ပြန်/ဆက် )**

## ဖန်မော်ခရိုင်၌ အမျိုးသမီးများအတွက် အသိပညာပေး ဟောပြောပွဲကျင်းပ

**ဗန်းမော် ဇူလိုင် ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်းအဖွဲ့တို့က ကြီးမှူး၍ အမျိုးသမီးများအတွက်အသိပညာပေးဟောပြောပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာကြင်ကြင်ထွန်းက HIV/ AIDS ရောဂါအကြောင်း၊ စိတ်ကျန်းမာရေးနှင့် ဆေးလိပ်မသောက်သုံးခြင်းအကြောင်းကို လည်းကောင်း၊ မြို့နယ်ရဲစခန်းမှ ရဲအုပ်ဝင်းဆန်းအောင်က အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးအကြောင်းကို လည်းကောင်း၊ ဒုရဲမှူးစိုးမြင့်သန်းက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သိန်းက အမျိုးသမီးငယ်ရွယ်ယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

■

## မဘိမ်းမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းနှင့် စာဖတ်ပြိုင်ပွဲကျင်းပ

**မဘိမ်း ဇူလိုင် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ စာဖတ်ရှိန် မြှင့်တင်ရေး၌စာဖတ်ဝိုင်းနှင့်စာဖတ်ပြိုင်ပွဲ အခမ်းအနားကို မဘိမ်းမြို့နယ် လဝါကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ဇွန် ၂၈ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များစာကြည့်တိုက်ကော်မတီဝင်များ ဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူများ ကျေးရွာနေပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးမင်းက ကျေးရွာစာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတကြွယ်ဝစေရန်အတွက် စာပေလေ့လာဖတ်ရှုသည့်အလေ့အထတိုးပွားပြီး စာဖတ်ရှိန်မြှင့်မားစေရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက်လဝါကျေးရွာအလက(ခွဲ)မှကျောင်းသားကျောင်းသူများက ဒို့ကျေးရွာဂျာနယ် အတွဲ ၁၃၊ အမှတ် ၁၂ မှ "လူငယ်ဘဝများလှပစေဖို့မူးယစ်ဆေးဝါးရှောင်ကြဉ်စို့" ဆောင်းပါးဖြင့် ပြိုင်ပွဲဝင်ကြပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများကို မြို့နယ်ဦးစီးမှူး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဗလာစာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

## ကျောင်းဝတ်စုံနှင့် ကျောင်းအသုံးဆောင် ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၁**

မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်မြို့နယ်ဦးစီးမှူးရုံးများ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းသားသမီးများအနက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြန်မာစာဂုဏ်ထူးရ ကျောင်းသားတစ်ဦးနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကိုပြည်နယ်ကျေးလက်ရုံး၌ ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့ရာ ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြပြီး ပြည်နယ်ဦးစီးမှူးက ကျောင်းသားကျောင်းသူများအား တစ်ဦးချင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(ကြေးမုံ)**

# စားသုံးသူရေးရာဦးစီးဌာနမှ အ.ထ.က(၃) ကျောင်းတွင် ပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်



**လားရှိုး ဇူလိုင် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်းဦးစီးသောအဖွဲ့သည် ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီ ၁၅ မိနစ်ထိ အ. ထ. က(၃)ကျောင်းရှိ စံပယ်ခန်းမ၌ ဆရာ၊ ဆရာမငါးဦး ကျောင်းသား၊ ကျောင်းသူ ၄၀၀ ဦး စုစုပေါင်း ၄၀၅ ဦးအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များဖြန့်ဝေ၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ ဥပဒေအကြောင်းနှင့်သိကောင်းစရာများ၊ စားသုံးရန်မသင့်သောအစားအသောက်များနှင့် FDA ထောက်ခံချက်မရှိသောပြည်တွင်း၊ ပြည်ပ စားသောက်ကုန်များ အကြောင်း အကျယ်တဝင့် ဟောပြောခဲ့သည်။

ယင်းနောက် ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းနှင့်အဖွဲ့ဝင်ငါးဦးသည် ကျောင်းကျန်းမာရေးမှ ဝန်ထမ်းသုံးဦး၊ မြို့နယ်စည်ပင်မှ ဝန်ထမ်းတစ်ဦးတို့နှင့်အတူ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီခွဲမှ ၁၁ နာရီ ၁၅ မိနစ်ထိ လားရှိုးမြို့ အ. ထ. က(၃)ကျောင်းတွင် ရောင်းချနေသော ကျောင်းမုန့်ဈေးဆိုင် ၁၂ ဆိုင်အား စားသုံးရန်မသင့်သည့် အစားအသောက်များ၊ မုန့်များ ရောင်းချမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ စားသောက်ရန်မသင့်သည့် ထောက်ခံချက်မရှိသည့် ဝေဖာချောင်း ၂၈ ချောင်းအား သိမ်းဆည်းခဲ့ပြီး ၎င်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ဈေးသည်များရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့သည်။ **အောင်ကျော်မြင့်(လားရှိုး)**

# တာချီလိတ်၌ ရေစီးရေလာကောင်းမွန်ရေး နုန်းဆယ်ယူခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများဆောင်ရွက်



**တာချီလိတ် ဇူလိုင် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနက ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်ဆောင်ရွက်မှုအဖြစ် မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ မိုးတွင်းကာလရေစီးရေလာကောင်းမွန်ပြီး မြေနိမ့်ပိုင်းများတွင် ရေကြီးရေလျှံမှု လျော့နည်းစေရေး နုန်းဆယ်ခြင်း၊ မြို့တွင်းသွားလာမှုလွယ်ကူလျင်မြန်ပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းဘေးဝဲယာ ကွန်ကရစ်လမ်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် လမ်းဖြတ် ရေနုတ်မြောင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မယ်ခေါင်ချောင်း ရေစီးရေလာကောင်းမွန်ရေး စက်ယာဉ်ယန္တရားဖြင့်နုန်းဆယ်လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ပုန်းညက်လမ်းအား ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၄၀ ဖြင့် အရှည် ၈၀၀ ပေ၊ အကျယ် ၁၈ ပေအား ကတ္တရာခင်းဆောင်ရွက်ခြင်း၊ ရှမ်းရိုးမကွင်းပတ်လည်အား ရေနုတ်မြောင်းတူးခြင်းနှင့် လမ်းဖြတ်ရေမြောင်းအား စက်ယာဉ်ယန္တရားဖြင့် မြေတူးဆောင်ရွက်ခြင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)မှ ပါဆတ်ရပ်ကွက်ရှိ ခိုတောင်းတံတားအထိ ခွင့်ပြုရန်ပုံ ငွေကျပ် ၃၁၃၃၀၀၀၀ ဖြင့် အရှည်ပေ ၄၀၀၀၊ အကျယ်သုံးပေအား လမ်းဘေးဝဲယာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဟောင်လိတ်အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မြေယာရှုခင်းအသစ် အလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ စနစ်တကျဖြစ်စေရေးအတွက် ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# စာကြည့်တိုက်များအဆင့်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်း၊ နံရံကပ်ပြဘုတ်များပြသ

**သံတွဲ ဇူလိုင် ၁**

သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေနှင့်ဝန်ထမ်းများသည် စာကြည့်တိုက်များအဆင့်မြှင့်တင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက် မွန်းတည့် ၁၂ နာရီက အ. ထ. က (ငပလီ) သို့သွားရောက်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးများကို ဆွေးနွေးပြီးနောက် ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေက သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဖေက လက်ခံရယူပြီးနောက် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ပန်းချီ၊ ကာတွန်း၊ ကဗျာ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေနှင့် ဝန်ထမ်းများသည် ငပလီမြို့ မြပြင်ရပ်ကွက် မြသုတစာကြည့်တိုက်သို့သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးပြီးနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကပေးပို့သော သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာတွင် YMBA အသင်းဖွဲ့စည်း

**ကျောက်တန်း ဇူလိုင် ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်းခွဲ ၄၈ ကိုဖွဲ့စည်းခဲ့သည်။

YMBA အသင်းချုပ်ဥက္ကဋ္ဌ ဦးတင်ဝင်း(အဂ္ဂမဟာမင်္ဂလဓမ္မဇောတိက) က အဖွင့်အမှာစကားပြောကြားပြီး YMBA စည်းရုံးဖွဲ့စည်းရေးဥက္ကဋ္ဌက ချောင်းဝကျေးရွာ YMBA အသင်းခွဲဥက္ကဋ္ဌသို့ ခန့်အပ်လွှာပြန်တမ်းကို ပေးအပ်ခဲ့သည်။ အသင်းဖွဲ့စည်းရာသို့ ချောင်းဝကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန(မဟာမင်္ဂလဓမ္မဇောတိကဓဇ) နှင့် ဆရာတော်ကြီးများ၊ YMBA အလုပ်အမှုဆောင် ဦးဝင်းညွန့်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောက်တန်းမြို့မှ သတင်းမီဒီယာများ၊ အသင်းဝင်များနှင့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(ဇေဇေ)**

# အခွန်အကောက်ဥပဒေနှင့်အထူးကုန်စည်ခွန်ဆိုင်ရာဥပဒေရှင်းလင်း

**နမ္မတူ ဇူလိုင် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်ခန်းမ၌ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဆိုင်ရာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အသိပညာပေးဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာများ၊ NGO အဖွဲ့ဝင်များ၊ ဒေသခံလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

# ဝါးခယ်မမြို့နယ်အတွင်းရှိ ဆည်မြောင်းနှင့်အင်းချောင်းများဆုံရာ၌ ငါးမျိုးများစိုက်ထည့်



**ဝါးခယ်မ ဇူလိုင် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငါးမျိုးစိုက်ထည့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာအုပ်စုနှင့် စပါးရိုကျေးရွာအုပ်စုတို့၌ ဇွန် ၂၉ ရက် နံနက် ၈ နာရီက ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲကို ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး ရွှေလောင်းကျေးရွာအုပ်စုနှင့် စပါးရိုကျေးရွာအုပ်စုရှိ ဆည်မြောင်းနှင့် အင်းချောင်းများဆုံရာ မြစ်အတွင်းသို့ လိုက်လံကာ ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီး အကောင်ရေ တစ်သိန်းခွဲအား မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ဝါးခယ်မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ၊ ငါးလုပ်ငန်းရှင်များ၊ အင်းလုပ်ငန်းရှင်များ၊ ပြည်သူများက စုပေါင်းငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်း

**ထန်တလန် ဇူလိုင် ၁**

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ထန်တလန်မြို့တွင်ဖွင့်လှစ်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ထန်တလန်မြို့နယ်ခန်းမဆောင်၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက အမှာစကားပြောကြားခဲ့သည်။

သင်တန်းတက်ရောက်သူများက အဖွဲ့လိုက် တေးသီချင်း၊ တေးသရုပ်ဖော်နှင့် ချင်းရိုးရာဝါးညှပ်အကများ ကပြကြသည်။ ဆက်လက်၍ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချန်ပဲ့က သင်တန်းဆင်းလက်မှတ်ကိုလည်းကောင်း၊ သင်တန်း၌ ဆုရရှိသူများကို သင်တန်းနည်းပြဆရာမများကလည်းကောင်း ပေးအပ်ချီးမြှင့်ကာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယခင်က ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းကို မြို့ကြီးများတွင်သာဖွင့်လှစ်ခဲ့သော်လည်း အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်အရ အခြားမြို့များတွင်လည်း ယခုလိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါသင်တန်းမှ သင်တန်းဆင်းလက်မှတ်ရရှိသူသည် လူမှုဝန်ထမ်းဦးစီးဌာနသို့ အစိုးရအသိအမှတ်ပြု မူကြိုကျောင်းလျှောက်ထားနိုင်ပြီး သက်ဆိုင်ရာက ခွင့်ပြုပါက အစိုးရမှ ထောက်ပံ့ငွေများလည်း လစဉ်ရရှိနိုင်မည်ဖြစ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၃၀) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ထ - ၂၉၁၃၉၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဂ - ၂၄၈၈၆၅ ကက - ၆၂၇၄၆၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| သ | - ၂၁၆၆၈၄ |
| ဏ | - ၂၁၉၈၀၇ |
| ထ | - ၃၀၀၇၀၂ |
| က | - ၇၀၀၄၇၅ |
| ဓ | - ၈၈၈၉၉၉ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| ဌ | - ၁၀၆၉၅၀ |
| ထ | - ၁၆၂၅၇၈ |
| ဘ | - ၂၀၃၁၉၉ |
| ကင | - ၃၁၈၃၁၇ |
| ည | - ၄၈၃၅၈၄ |
| ဌ | - ၈၇၁၄၁၈ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| သ | - ၂၇၉၃၈၄ |
| မ | - ၃၈၃၅၁၂ |
| ဘ | - ၄၆၈၂၁၅ |
| ဟ | - ၆၅၈၅၈၆ |
| င | - ၇၂၀၈၉၄ |
| ထ | - ၇၉၀၄၁၀ |
| ဗ | - ၈၃၈၁၈၆ |

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| သ | - ၁၆၃၉၇၈ | ဈ | - ၃၁၁၂၇၂ | ဃ | - ၅၉၂၀၈၈ | က | - ၇၂၇၁၃၇ |
| ဈ | - ၁၉၉၅၂၆ | ကဃ | - ၃၉၃၇၁၀ | ဗ | - ၆၁၂၉၄၅ | ရ | - ၇၅၂၇၆၇ |
| ဍ | - ၂၂၃၅၃၇ | ကင | - ၄၅၃၃၂၈ | လ | - ၆၄၇၁၁၂ | င | - ၈၈၁၀၄၅ |
| ဃ | - ၂၄၁၅၈၇ | စ | - ၅၃၁၇၉၆ | မ | - ၆၉၁၈၂၀ | | |
| အ | - ၂၆၄၅၉၁ | ဘ | - ၅၄၂၁၈၂ | စ | - ၆၉၉၈၁၉ | | |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ကင | - ၁၀၀၁၀၃ | လ | - ၄၆၀၀၇၀ |
| ရှ | - ၁၂၃၀၀၃ | ပ | - ၅၉၀၁၀၇ |
| ဗ | - ၁၂၆၄၂၅ | ကက | - ၆၂၁၆၈၂ |
| လ | - ၁၃၄၃၉၄ | စ | - ၇၂၂၄၇၇ |
| ဒ | - ၁၅၉၇၈၅ | ရ | - ၇၆၅၆၉၅ |
| ဋ | - ၂၂၄၁၁၉ | လ | - ၇၈၃၈၂၄ |
| ဋ | - ၂၂၈၃၃၃ | ထ | - ၈၂၃၆၁၅ |
| င | - ၂၉၈၂၇၂ | ကက | - ၉၁၄၃၂၂ |
| လ | - ၃၁၈၇၇၄ | ဗ | - ၉၇၄၆၃၀ |
| ဈ | - ၃၆၄၉၁၂ | ဇ | - ၉၈၄၅၃၉ |

## ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ဆ | - ၁၃၅၈၉၇ | ည | - ၅၅၀၄၃၆ |
| လ | - ၁၄၂၇၇၆ | ကဃ | - ၆၂၃၈၆၂ |
| တ | - ၁၇၅၆၀၉ | တ | - ၆၂၅၀၅၂ |
| လ | - ၂၄၃၉၅၂ | ခ | - ၆၄၄၇၄၃ |
| ပ | - ၂၄၅၃၁၂ | ဟ | - ၆၅၇၁၄၃ |
| ပ | - ၃၂၅၆၀၅ | ဆ | - ၆၆၆၄၄၈ |
| ဍ | - ၃၆၄၂၉၀ | ဖ | - ၆၆၈၃၁၂ |
| ကက | - ၃၇၈၅၃၆ | င | - ၇၁၆၆၁၆ |
| ခ | - ၄၅၈၁၄၆ | ဆ | - ၈၃၇၆၂၀ |
| တ | - ၄၉၉၅၂၂ | သ | - ၈၇၉၇၄၄ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဒ | - ၁၀၂၂၆၇ | လ | - ၃၇၀၂၁၅ |
| ဒ | - ၁၂၅၂၆၆ | ဖ | - ၄၂၆၉၄၅ |
| ဘ | - ၁၂၆၁၈၇ | ဍ | - ၄၃၉၈၇၀ |
| န | - ၂၂၈၉၇၄ | ကဃ | - ၄၉၄၀၉၈ |
| ရ | - ၂၃၆၇၈၉ | ကင | - ၅၁၄၈၉၄ |
| ကက | - ၂၄၁၀၀၆ | ယ | - ၅၇၃၀၈၄ |
| ဃ | - ၂၆၂၇၈၅ | ဍ | - ၆၁၃၀၇၅ |
| ဈ | - ၂၇၉၂၇၂ | ဃ | - ၆၁၄၆၃၇ |
| သ | - ၂၉၉၆၅၇ | ခ | - ၈၇၂၄၇၀ |
| အ | - ၃၁၂၄၀၇ | ဈ | - ၉၄၀၂၃၇ |
| ကဃ | - ၃၁၆၀၉၂ | ထ | - ၉၄၆၀၄၉ |
| ဖ | - ၃၁၆၂၉၀ | ဖ | - ၉၆၃၁၈၁ |
| ဂ | - ၃၂၄၈၂၈ | ခ | - ၉၈၈၇၀၅ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကက | - ၁၄၉၆၁၁ | ရ | - ၄၀၃၉၃၃ | ဃ | - ၇၅၉၃၄၂ |
| ဆ | - ၁၇၄၄၆၄ | ခ | - ၄၂၃၅၇၃ | ဏ | - ၇၅၉၇၁၃ |
| ည | - ၁၈၃၂၉၇ | ပ | - ၄၄၆၁၁၂ | ဗ | - ၇၇၇၆၁၄ |
| ဃ | - ၁၉၁၁၈၈ | ဝ | - ၄၇၆၇၄၂ | ဆ | - ၇၇၉၅၄၁ |
| ပ | - ၁၉၉၂၇၁ | ဒ | - ၅၂၃၈၁၆ | ဠ | - ၇၇၉၈၇၆ |
| ဠ | - ၁၉၉၄၂၂ | ယ | - ၅၂၃၈၁၈ | က | - ၇၉၇၁၀၉ |
| ကဂ | - ၂၀၄၅၃၇ | ဖ | - ၅၂၇၂၂၂ | ဠ | - ၈၈၅၅၃၂ |
| ဇ | - ၃၀၁၇၆၉ | ဋ | - ၅၄၉၆၂၁ | ဒ | - ၉၁၇၉၀၅ |
| ကဂ | - ၃၀၅၄၇၃ | ဒ | - ၅၆၀၂၃၅ | ဗ | - ၉၂၁၈၉၀ |
| ဘ | - ၃၁၀၇၀၂ | မ | - ၅၆၁၃၈၇ | န | - ၉၆၉၀၃၄ |
| ဇ | - ၃၂၆၀၄၉ | န | - ၅၇၀၆၄၉ | န | - ၉၈၄၉၁၂ |
| ရ | - ၃၃၁၈၈၉ | ဍ | - ၅၈၆၂၂၀ | သ | - ၉၈၉၆၀၈ |
| ဋ | - ၃၄၃၁၄၈ | ဌ | - ၅၉၆၃၀၅ | ဝ | - ၉၉၃၀၄၇ |
| ဇ | - ၃၄၃၇၆၄ | ဗ | - ၆၃၄၃၈၇ | ကက | - ၉၉၈၇၀၆ |
| ဌ | - ၃၅၁၄၅၅ | ပ | - ၆၇၀၆၅၃ | ည | - ၉၉၉၇၈၁ |
| ဋ | - ၃၆၀၃၁၉ | ဝ | - ၆၉၈၆၆၆ | | |
| ဈ | - ၄၀၂၅၃၇ | ဘ | - ၇၃၁၉၁၇ | | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဋ | - ၁၆၇၅၆ | ရ | - ၇၀၉၂၆ |
| မ | - ၁၉၆၂၄ | ဟ | - ၇၇၇၄၅ |
| န | - ၃၃၉၉၈ | ဟ | - ၇၉၉၇၂ |
| ခ | - ၅၅၆၅၀ | ပ | - ၈၃၁၆၆ |
| ဍ | - ၅၆၉၆၉ | ဖ | - ၈၉၀၄၈ |

အကွာရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ပ | - ၁၆၄၆ | ဒ | - ၆၁၁၀ |
| သ | - ၂၈၉၂ | မ | - ၆၄၄၇ |
| ဖ | - ၄၄၉၅ | စ | - ၆၉၅၁ |
| ဇ | - ၄၅၂၉ | ကင | - ၈၉၂၅ |
| ကက | - ၅၇၆၃ | ဘ | - ၉၃၆၀ |

အကွာရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ဋ | - ၁၆၂ | ဃ | - ၂၅၄ |
| န | - ၁၈၅ | အ | - ၅၈၇ |
| တ | - ၁၉၈ | ကဂ | - ၉၉၆ |
| ဈ | - ၂၁၈ | | |

အကွာရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ပ | - ၄၅ |
| ဏ | - ၅၀ |
| လ | - ၈၄ |

အကွာရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၃၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၃၁၀၉၀၈၄)အုပ်အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၆၂၁၈၁၆၈၀၀၀) ရရှိခဲ့ပြီး၊ ၄င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၇၃၀၉၀၀၈၀၀)ကို ဆုမဲပေါင်း (၃၈၂၅၄) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၃၁) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အကွာရာလုံးရေ (၄၀)လုံး ကုန်စင်အောင်ရောင်းချ ရပါက ဆုမဲပေါင်း (၄၀၂၄၃)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် (၃၃၁) ကြိမ် အတွက် ၄ -၇-၂၀၁၆ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူတင်ပြပြီး နံနက်(၁၀)နာရီ မှ မွန်းလွဲ (၂)နာရီအချိန်အတွင်း ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၈- ၇- ၂၀၁၆ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊(၆)လအတွင်းရိုက်ကူးထားသည့် ပတ်(စ်)ပို့ဓာတ်ပုံ (၃) ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

**ကိုရီးယားနံ့ပါတ်** 1, CJ Foods Myanmar မှ
**မော်လမြိုင် အရောင်းကိုယ်စားလှယ်ရှာဖွေခြင်း**

ဖြန့်ချိမည့်ပစ္စည်း-ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ
လက်ရှိ မော်လမြိုင်၌ စားသောက်ကုန်ဖြန့်ဖြူးနေသော လက်ကားဆိုင်များအား ဦးစားပေးမည်။
စိတ်ဝင်စားပါက ဖုန်း ၀၉-၇၉၃၁၇၅၇၄၆သို့ ဆက်သွယ်နိုင်ပါသည်။

**TGF Oversea Education Services**

- ငွေကျပ်သိန်း ၅၀ ဝန်းကျင်ဖြင့် စင်ကာပူတွင် ကျောင်းတက်ပြီး Internship ၆ လတွင် လစာ ၇-၁၂ သိန်းကြား ရရှိမည့်အခွင့်အရေး။
- မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံများရှိ တက္ကသိုလ်များတွင် Scholarship/သက်သာသောနှုန်းထား/ငွေကျပ်သိန်း ၅၀ ဝန်းကျင် စသော အခွင့်အရေးများဖြင့် ပညာသင်ကြားလိုသူများ။

Ph : 09 5085507, 09 785085507, 09 963492691.
No. 12 (First Floor), 126 Street, Minagalar Taung Nyunt, Yangon. (ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ဓါနုဖြူ၊ နှင့် ရောင်းရင်းများ**
**ကျိုက်ထီးရိုး / ချောင်းသာ**

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ထမ်ဖမ်း၊ မွေတော်ကက္ကူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ (ကျောက်ဗိမ်းဘုရား)
▲ ပုပ္ပါး-ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ(ရုပ်စုံ)
▲ ပုပ္ပါး-ပုဂံ (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင်
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ ဇက်ဓါ၊ နွားလပို့တောင် — အပတ်စဉ် သောကြာနေ့တိုင်း
▲ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်
▲ ထုံးဘို့ အကောက်တောင်၊ ပြည်ဘုရားစုံ (၁ရက်)▲ ဝလွန်(တနင်္ဂနွေ)
01-249871, 255553, 09-5137245, 09-5122511

လူနည်းနည်းနှင့် ကောင်းကောင်းသန့်သန့်
**IGCSE** Secondary 1, 2, 3, 4
Year 8, 9, 10, 11
*Eng, Maths, Phy, Chem, Bio, ICT, Business, Accounting* ဘာသာရပ်များကို
ရေကျော်ဝိုင်း၊ လှည်းတန်းဝိုင်း၊ တ/ဥက္ကလာဝိုင်း၊
သိပ်ကမ်းသာလမ်းဝိုင်း၊ (၇)မိုင်ဝိုင်းများတွင် သင်ကြားနေပါ၍
ဆက်သွယ်သင်ယူနိုင်ပါသည်။
နေအိမ်သို့လည်း လာရောက်သင်ကြားပေးပါသည်။
ဆရာ ဦးလှမြင့်ဦး(ပိုင်စေ) 09 73177816, 09 795888783

## မွေးနေ့ဆုတောင်း

"ရွှေဘဲ စားသောက်ဆိုင်များ မိသားစု"၏ ကျေးဇူးရှင်မိခင်ကြီး "ဒေါ်ရွှေဝါ"၏ အသက်(၈၀) ပြည့်မွေးနေ့မှသည် နှစ်(၁၂၀)တိုင်လောကီ၊ လောကုတ္တရာအကျိုးများကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းပေးအပ်ပါသည်။

ဒေါက်တာခင်မောင်ထွေး







**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးဇော်ဇော်[၁၂/ပဘတ(နိုင်)၀၂၈၉၉၅]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
**ဖုန်း-၀၉-၄၂၀၇၃၈၄၃၆**

**အမည်ပြောင်း**
မြန်အောင်မြို့နယ် အမက(မြို့ရှေ့ကျောင်း) တတိယတန်းမှ (အဖ) ဦးဖြိုးပြည့်စုံဟန်[၁၂/သဃက(နိုင်)၁၆၁၁၄၅]၏သမီးဖြစ်သူ မယုယမြတ်နိုးဟန်အား ယနေ့မှစ၍ မခင်ခင်သစ္စာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်ခင်သစ္စာ**

**နေလင်း**
အသိကျဉ်းစိုက်ချင်လိုသူများအတွက်
စိုက်ချင်လင်းဆေး အသီးကျသောက်ဆေး
ယားနာလိမ်းဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ။ အမြို့မြို့အနယ်နယ်မှ ဆေးမျိုးစုံဆိုင်တိုင်းတွင် ရနိုင်ပါသည်။
ပင်ရင်း- Ph: 01-2000491, 09-5041238

အရည်အသွေးဆိုင်ရာတိုင်းရင်းဆေးအရည်အသွေးကမ္ဘာ့ရွှေကြယ်ပွင့်ဆု(ဂျီနီဗာ – ၂၀၁၀)နှင့် Certificate ရ
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှထုတ်လုပ်သော
ဖျံ-၅-ကောင်အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေး၊ ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးတိုးကျဆေး၊ ရှားစောင်းလက်ပပ်ချက်ဆေး၊ နလုံးဆေး၊ အသည်းဆေး၊ နလုံးအားတိုးဆေး၊ အဖြူဆင်းရောဂါသောက်ဆေးနှင့် ပြည်လုံးကျွန်းမှာ မီးယပ်သွေးပုပ်ချဆေးများကို ရန်ကုန်မြို့ နှင့် မန္တလေးမြို့ ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ကြော်ငြာခွင့်ပြုချက်အမှတ် – တဆဓက(တနယ်ခင်း) ၀၇၅/၀၈၁၃
ပင်ရင်း – ဒေါက်တာစိုးမြင့်အောင် (ဓါးဓယ်ိမ) Ph.D (Alternative Medicines)
အမှတ် – ၁၃၁ (မြေညီထပ်) ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ☎ ဖုန်း – ၃၈၀၁၇၅ / ၃၉၂၅၉၄




**ဖခင် အမည်မှန်**
လှည်းကူး၊ အထက(မြို့မ) နဝမတန်း(G)မှ မောင်ထက်လင်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်[၁၂/တတန(နိုင်) ၀၃၅၄၁၈] ဖြစ်ပါကြောင်း။
ဦးအောင်မြင့်

**သွေးသည် အသက်**

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**GW**
0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

**တက်နေဝန်း**
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

**မိုးရှာမောင်**
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် DYNA 15', 16'
ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

**MALIHKU Cuisine** SINCE1999 KEEP THE FAITH
**မူမူ မိုင်မိုင် ငါးချဉ်စပ်**
R-9, ကရဝိတ်ဥယျာဉ်ဝင်း
Ph - 09 25 990 50 50
စီပါ
ရှတ်ချမ်
ပဲပုတ်ထမင်း
ပဲပုတ်ဆန်ပြုတ်
ကချင်ငါးပေါင်း
ငါးမျှစ်ချဉ်ခေါက်ဆွဲ
မက်လင်ချဉ်ဖျော်ရည်

**သာလွန်ကျော်**
ဒဂုံမြို့သစ်တောင်ပိုင်း၊မြောက်ပိုင်း၊
အရှေ့ပိုင်း၊ဆိပ်ကမ်း၊လေးမြို့နယ်ရှိ
မြေကွက်များ ဈေးကောင်းပေး
ဝယ်ပါသည်။
Ph:09-420780797
09-254285314

**ဝဏ္ဏ**
အာဇာနည်မဖြစ်လိုက်ရသော ဝန်ကြီးစောစံဖိုးသင်၊
သမိုင်းမလှ၍ သရောကြီးမှိုင်းကျခဲ့ရသော မျက်ရည်စများ၊
ဆရာမင်းသုဝဏ်ရေးဖွဲ့ခဲ့သော အိမ်ရှင်မသီချင်း၊
ဒေါက်တာဗီလျံကော်နင်နှင့် မြန်မာစကား၊ မြန်မာစာ၊
အမျိုးသမီးများ မားမားမတ်မတ်ရပ်လာကြပြီ၊ ဗြိတိန် တွဲရေး ခွဲရေးပြဿနာ၊
သူတို့ တို့ကို ဘာကြောင့်မုန်းတာလဲ၊ မုန်းဝန်းတရုတ်တွေ မုန်းဝန်းမော်ဖြစ်လာခြင်း၊
မှောင်ခိုလုပ်ငန်းနှင့် သံယောဇဉ်မပြတ်နိုင်သေးသော အောင်ဘာလေထီတို့နှင့်အတူ
ဒီမိုကရေစီခရီးမှာ မဟာမိတ် ပေါင်းစပ်မှု စည်းမျဉ်း ဖွံ့ကန့်ကိုဖိုပါသည်
၀၉– ၇၃၀၃၇၇၂၇၊ ၀၉-၅၀၇၉၆၇၈ ... ရှုပ်ဖ် အမှတ် ၂၇ ထွက်ပြီ







OPPO
A37
သစ်လွင်တောက်ပ
ကင်မရာပုံရိပ်အလှ
oppo
အရမ်းတန်တဲ့
လက်ဆောင်ပစ္စည်းများ
(1.7.2016 မှ 15.8.2016 ရက်အထိသာ)
ooredoo
Get 4GB Data Free
A37 GIFT PACKS
အသေးစိတ်အချက်အလက်ကို ဆိုင်တွင်း သို့မဟုတ်
OPPO Myanmar Facebook တွင် လေ့လာနိုင်ပါသည်။
Ni Ni Khin Zaw

## ကြော်ငြာ


**ဦးအောင်အောင်** LCCI International Qualifications
**Approved Centre**
Level - I + II, III
10%Discount
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

Level - I+II
(A) SAT 7:00 - 8:30am SUN 25.6.2016
(B) THU 9:30 - 12:00am FRI 30.6.2016
(C) SUN 2:00 - 5:00pm 3.7.2016
(D) THU 6:00 - 8:00pm FRI 7.7.2016
(E) MON 7:00 - 8:30am TUE / WED 11.7.2016
(F) MON 4:00 - 6:00pm TUE 18.7.2016

Level- III (A) (3.7. 2016)
A/C IAS (SUN 9:00 - 12:00)
CMA (SUN 12:30 - 3:30)
ABC (SUN 3:30 - 5:30)

Level- III (B) (6.7. 2016)
A/C IAS (TUE, WED 9:30-11:30)
CMA (MON, TUE, WED 12:00 - 2:00)
ABC (MON 9:30 -11:30)

Level- III (C) (11.7. 2016)
A/C IAS (TUE, WED 6:00-8:00 pm)
CMA (THU, FRI, SAT 6:00-8:00pm)
ABC (MON 6:00 -8:00 pm)

၂၃၉၊ (တ)ထပ်၊ ဘားလမ်း
ကျောက်တံတား၊ ရန်ကုန်။
095103002, 0978 5103002



**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (၀/၃တွဲ) အပြီး ပြီး ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇူလိုင် (၆/၇/၉)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များဘိမ်လိုက်သင်သည်။
၂၂၄၊ မန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441



အကောင်းကြိုက်သူများအတွက်
**သန့်**
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆိမ်းမွှေး၊ရှမ်းဆန်၊ဘာဇမာတီ၊ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ဖဲ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။
ရွှောင်ဆန်ရှိပြီ။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922



**သိုးရောင်သီ** ဝမ္မဒါန
ပါဝင်သက်နယ်ကုမ္ပဏီ - AirCom (Express)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်(၄)ဆူ
(ထမင်းကျွေး-သက်နှင်း(၁)ရုံ-ကားခ-၄၅၀၀ဝိ/-)
ကားအမျိုးမျိုးဆောင်ရွက်ပေးသည်။
420144148, 421153797



ပစင်အမည်မှန်
မောင်ဟန်ဝင်းဖိုလ်-နဝတန်း(H)အ၊ ထ၊ က (၁)လှိုင်သာယာ၊ မောင်ဉာဏ်လင်းဖိုလ်-အဋ္ဌမတန်း(A) မဆုယမင်းဖိုလ်-ဒုတိယတန်း (B) (အ. ထ. က. ၁) (၁၃)လှိုင်သာယာ) တို့၏ဖခင်အမည်မှန်မှာဦးဝင်းဖိုလ်(ခ) ဦးဝင်းကို (၁၂/ဥကမ(နိုင်)၁၂၅၈၈) ဖြစ်ပါသည်။



**နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း**
ကျွန်တော် မောင်ဝေယံအောင်[၁၂/ဥကမ(နိုင်)၂၃၃၄၈၉]နှင့် ကျွန်မ မအေးချမ်းမိုး[၁၂/ဥကမ(နိုင်)၀၄၀၆၈၄]တို့သည် ၂၈-၆-၂၀၁၆ရက် မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။
**မောင်ဝေယံအောင်-မအေးချမ်းမိုး**



**ပျောက်ဆုံး**
Benefit Farmer Company Limited၏ ပို့ကုန်လိုင်စင်အမှတ် (JQEL 6 15-16 0794 22/03-2016)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph: 01-516393



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 1G/3871 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**



စမ်းသားမှ စမ်းသားဆိုတဲ့ မြန်မာ့ရဲ့ကောင်းသော့အကြောင်း သိဖို့
**သူရကျော်ကျော်ချို**
**ဦးလှဆွေ (ဘုလက်)** ၏စာရေးသားတင်ပြသည့်
(၂-၇-၂၀၁၆) စနေနေ့တွင် ၁၁ နာရီမှ ၁ နာရီအထိ စာရေးသူကိုယ်တိုင် ရန်ကုန်မြို့တော်ခန်းမအနီး စီးတီးစတားဟိုတယ်တွင် လက်မှတ်ရေးထိုးရောင်းချပေးပါမည်။
လွင်ဦးစာပေ (လှည်းတန်း) ၀၉-၇၃၀၆၀၁၇၆၊ ၀၉၃၁၀၂၈၆၂၃









**အောက်ဈေးဖြင့် Condo (အမြန်) ရောင်း/ငှါးမည် (ပွဲစားမလို)**
* ကမာရွတ်၊ ပြည်လမ်း၊ Diamond Condo (1560 Sqft) အကျယ်ရှိ MBR1,BR2,A/C3,ပြင်ပြီး ဈေးနှုန်း - 2200သိန်း
* ဗဟန်း၊ ပုလဲ Condo (1400 Sqft) အကျယ်ရှိ MBR1, BR2,A/C,Fully Furn,ပြင်ပြီး ဈေးနှုန်း - 14သိန်း
* ကမာရွတ်၊ ဆင်မလိုက်ကွန်ဒို (2000 Sqft)အကျယ်ရှိ MBR3 BR1,A/C,Fully Furn,ပြင်ပြီး ဈေးနှုန်း - 12သိန်း
* ကမာရွတ်၊ ဘုရင့်နောင်တာဝါ (1500 Sqft) အကျယ်ရှိ MBR1,BR2,ပြင်ပြီး ဈေးနှုန်း - 7.5သိန်း
Ph - 01 552742, 559320, 09 5060940, 09 73500535



**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
TOYOTA WISH 2005 Late
1.8 Aero.XS Grade
Pearl White (စတီ)နံပါတ်
Hijet Mini Box Truck
AT,Ac,Ps 5L x x x
YGN လိုင်စင်လွှဲနာမည်ပေါက်
09-5152514



**တိုက်ခန်းရောင်းမည်**
လှိုင်၊ မန်းမြို့ကျောင်းလမ်း(5)လွှာ
(14'x52') ရှေ့နောက်ဝရံတာပါ။
ဘယ်ညာ မြတင်းပေါက် ၂ဘက်ပါ။
တိုက်သစ်ရပ်ကွက်သန့်၊
လမ်းကျယ် (၂၃၅)သိန်း (ညှိနှိုင်း)
Ph :09-799576201,73215767



**သင့်တင့်မျှတသောဈေးဖြင့်ရောင်းမည် (ပွဲစားမလို)**

| | | | |
|---|---|---|---|
| 1.ရန်ကုန်-အင်းစိန်လမ်းမ | (1.5ဧက) | မြေ | ညှိနှိုင်း |
| 2.ကမ္ဘာအေးဘုရားလမ်းမ | (55×120) | မြေ | 29000L |
| 3.ရတနာလမ်းမ | (57×70) | မြေ | 12500L |
| 4.ရွှေပင်လုံ(River View Garden) | (75×97) | မြေ | 5100L |
| 5.ဘောက်ထော်လမ်းကျယ် | (37×70) | မြေ | 4800L |
| 6.သုဝဏ္ဏ VIP-II | (55×80) | မြေ | 4700L |

☎ - 09 420001824, 09 73054542


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဥက္ကံ၊ မြေကွက်/ဦးပိုင်အမှတ်(၅၉၊ ၆၁၊ ၆၂)၊ ဧရိယာ (၀. ၁၃၆)ဧကရှိ ဦးမြသက်စိုး(ခ)ကျော်စိုး(ပါ)၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ဒေါ်သီတာမြင့် [၉/ပမန(နိုင်)၁၂၃၅၉၃] အဖအမည် ဦးမွတ်တားမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# VICTORIA UNIVERSITY COLLEGE
## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် VUC တွင် ဗြိတိန်အစိုးရပိုင် South Essex College ၏ Foundation Diploma သင်တန်းကို ၅လ တက်ရောက်ပြီး UK မှ တိုက်ရိုက် ချီးမြှင့်မည့် Diploma ကို ရရှိပါမည်။

South Essex College (UK) ၏ Diploma ရရှိပြီးသူများသည် အင်္ဂလန်နိုင်ငံ Business and Technology Education Council (BTEC) မှ တိုက်ရိုက်ချီးမြှင့်မည့် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)

1. Engineering (Civil/ Mechanical/ Electrical and Electronics)
2. Business (Management/ Marketing/ Accounting/ HR)
3. Computing and Systems Development
4. Health and Social Care



HND Diploma ရရှိရန်အတွက် (၂)နှစ် သင်ယူရမည်ဖြစ်သည်။
သင်တန်းပြီးမြောက်ပါက BE (Hons:), B.Sc (Hons:), BA (Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲ သင်ကြားသည့် အတန်းတွင် (၁) နှစ် ဆက်လက်သင်ယူပြီး ယင်းတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့ကို ရရှိပါမည်။ သို့မဟုတ် နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ သွားရောက် ပညာ သင်ယူနိုင်သည်။



Victoria University College သည် QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့ နှင့် အလုပ်အကိုင် အခွင့်အလမ်း များ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်း၊ဓာတ်ပုံ ၃ပုံ ပူးတွဲ တင်ပြရမည်။

၄.၇.၂၀၁၆ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။
(ကျောင်းသားအရေအတွက် ကန့်သတ်ထားပါသည်။)



BTEC Approved Centre
south essex college
UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းဆွေးနွေးရန် - ကျောင်းသားရေးရာဌာန

ရန်ကုန် ▪ အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၅၁၀၄၇၄၈၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး ▪ အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၇x၇၆ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။


MAZDA ကားများကို သင့်စိတ်တိုင်းကျ
ကြိုတင်မှာယူကြပါစို့
MAZDA ကို ကိုယ်စားပြုသော ကားနံပါတ်ပြား ရရှိနိုင်မည့် အထူး အခွင့်အရေး
1M-0000
BT-50
mazda 6
Mazda3
မြန်မာကျပ်ငွေ ၃၅ သိန်း အထိအထူးလျှော့ဈေး
အရေအတွက် အကန့်အသတ်ဖြင့်သာ
IMAGINATION DRIVES US
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 02 67446, 67447, 67448, 67449
Made In JAPAN
3 YEARS MAZDA WARRANTY


SAMSUNG DAY 2016 JULY
SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး
gift voucher / 40,000 Ks
NAME
PH. No.
ADDRESS
EMAIL
IMEI No.
Serial No.
SAMSUNG
SAMSUNG Valid till 31st July, 2016
GIFT VOUCHER
40,000 Ks
Serial No.
Hot Line : 09977116969
GIORDANO CHARLES & KEITH DAPPER adidas IPANEMA rider
ဖက်ရှင်ကုန်ပစ္စည်းလက်ဆောင်တွေ ရယူလိုက်ကြရအောင်
ဇူလိုင်လ (၁)ရက်နေ့မှ ( ၃ )ရက်နေ့အထိ
ကျပ် ၅၀၀,၀၀၀ အထက်ဝယ်ယူသူတိုင်းအတွက် ၄၀၀၀၀ တန်ကူပွန်
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက် ၂၅၀၀၀ တန်ကူပွန်
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက် ၁၅၀၀၀ တန်ကူပွန်
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်၊ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်၊ သတ်မှတ်ထားသော Brand များထဲမှ နှစ်သက်ရာတစ်ခုကို ရွေးချယ်နိုင်ပါသည်၊
samsungmobilemyanmar samsungmyanmar samsungmyanmar samsung e commerce
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM

# မြန်မာ့တပ်မတော်နှင့် လာအိုပြည်သူ့တပ်မတော်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် လာအိုပြည်သူ့တပ်မတော် ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည်။

ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ကစားကြမည့် နှစ်နိုင်ငံဘောလုံးအသင်းမှ အားကစားသမားများအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် လာအိုပြည်သူ့တပ်မတော်မှ Col. Bountao Thongmanila တို့က လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် လာအိုပြည်သူ့တပ်မတော် ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက်တပ်မတော် ဘောလုံးအသင်းနှစ်သင်းသည် ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

# ဦးဂမ္ဘီရ(ခ)ညီညီလွင် စွဲဆိုထားသည့်အမှုများမှ လွတ်မြောက်

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တရားရုံးနှင့် သံလျင်မြို့နယ်တရားရုံးတို့မှ ဦးဂမ္ဘီရ(ခ)ညီညီလွင်အပေါ် စွဲဆိုထားသည့်အမှုများမှ ရုပ်သိမ်း၊ ကျေအေးခွင့်ပြုပြီး အပြီးသတ်လွှတ်မိန့်ချမှတ်လိုက်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တရားရုံး၌ ယနေ့နံနက် ၉ နာရီတွင် ပြုလုပ်သည့် တွဲဖက်မြို့နယ်တရားသူကြီး၏ တရားခွင်တွင် ဦးဂမ္ဘီရ(ခ)ညီညီလွင်အား စွဲဆိုထားသည့် ရာဇဝတ်ကြီးအမှတ် ၁၉၈/၂၀၁၆ နှင့် ၁၉၉/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၄၄၈/၄၂၇ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံဘတ်စကက်ဘောအားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် 3 On 3 တစ်ဖက်သုံးယောက်စီပြိုင်ပွဲကွင်း၏ တစ်ခြမ်း၌ ဂိုးသွင်းကစားရသော ဘတ်စကက်ဘော အားကစားနည်းဖြစ်ရာ အသက် (၁၈)နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ Lady Divas အသင်း၊ ဒုတိယ Phoenix အသင်း၊ တတိယ Angle အသင်းတို့က လည်းကောင်း၊ အသက်(၁၈)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမ Blank(A) အသင်း၊ ဒုတိယ Blank(B) အသင်း၊ တတိယ Allure အသင်းတို့က လည်းကောင်း၊ အသက်(၂၅)နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ Ladies အသင်း၊ ဒုတိယ Step.Up(A)အသင်း၊ တတိယ Phoenix အသင်းတို့က လည်းကောင်း၊ အသက်(၂၅)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမ Blank အသင်း၊ ဒုတိယ Head Shot အသင်း၊ တတိယ Trilogy အသင်းတို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြူကြူနှင့် အမှုဆောင်များက ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းပြိုင်ပွဲ၏ ငွေသားဆုများကို All Stage International Co.,Ltd. က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**





# ယူရို ၁၆၉ ဒသမ ၅၂ သန်းတန်ဖိုးရှိ ကျောက်စိမ်းတွဲပေါင်း ၈၀၂ တွဲရောင်းချ

**နေပြည်တော် ဇူလိုင် ၁**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၆၀၆၂ တွဲအနက်မှ စတုတ္ထအကြိမ်အတွဲ ၁၀၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြကြရာ ယူရို ၁၆၉ ဒသမ ၅၂ သန်းတန်ဖိုးရှိ ၈၀၂ တွဲကို ရောင်းချခဲ့သည်။

ပြပွဲ၏အဌမနေ့တွင် ကျောက်စိမ်းအတွဲ ၈၀၂ တွဲကို ယူရို ၁၆၉ ဒသမ ၅၂ သန်း ဖြင့် ရောင်းချခဲ့ရသည်။ ယခင်နေ့များက ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်အတွဲပေါင်း ၆၃ တွဲကို ယူရို ၃ ဒသမ ၂၉ သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၆၂၄ တွဲကို ယူရို ၃၆ ဒသမ ၅၆ သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်း ၅၈၉ တွဲကို ယူရို ၆၉ ဒသမ ၇၈ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်း ၆၈၄ တွဲကို ယူရို ၅၁ ဒသမ ၁၃ သန်းဖြင့်လည်းကောင်း နေ့စဉ်ရောင်းချခဲ့ပြီးဖြစ်၍ ယနေ့အထိ ပြပွဲမှစုစုပေါင်းရောင်းချရငွေမှာ ယူရို ၃၂၆ ဒသမ ၉၉ သန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပိုမိုအရည်ကောင်းမွန်သော ကျောက်စိမ်းအတွဲ ၁၀၀၀ စီကို ဇူလိုင် ၃ ရက်အထိ နေ့စဉ်ပြသရောင်းချမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ယူရို ၁၀ သန်းတန် ကျောက်စိမ်း အပါအဝင် ယူရို ၂၀၀၀၀၁ တန်ဖိုးအထက်ရှိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

